# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## မပြစ်မှားမိအောင် သတိပြု

မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို တုတ်၊ ဓား၊ လှံ စသည် လက်နက်တို့ဖြင့် ပြစ်မှားသောသူမှာ ဆင်းရဲ၏။ ပြင်းထန်သော ဝေဒနာခံစားရ၏။ ဥစ္စာပစ္စည်းဆုံးရှုံး၏။ ကိုယ်အင်္ဂါ ပျက်စီး၏။ အနာစွဲကပ်၏။ ရူးသွပ်၏။ စိတ်ပျံ့လွင့်၏။ အစွပ်စွဲခံရ၏။ ဆွေမျိုးတို့ ပျက်စီး၏။ ပကတိမီး၊ လောင်မီးတို့ လောင်ခြင်းခံရ၏။ သေသော် ငရဲသို့ ကျရောက်ရ၏။ (မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို မပြစ်မှားမိအောင် သတိပြုဆင်ခြင်သင့်၏။)

ဒဏ္ဍဝဂ်(ဓမ္မပဒ-၁၄၀)


၁၃၈၄ ခုနှစ်၊ တပေါင်းလကွယ်နေ့ ၂၀၂၃ ခုနှစ်၊ မတ် ၂၀ ရက်၊ တနင်္လာနေ့ အတွဲ (၆၂)၊ အမှတ်(၁၇၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် မုံရွာတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

# အင်အားဟူသည် တိုးတက်ကောင်းမွန်သော အပြောင်းအလဲများကို ဆောင်ရွက်ပေးနိုင်သောကြောင့် စုစည်းညီညွတ်မှုအင်အားကို တည်ဆောက်ရမည်ဖြစ်

**နေပြည်တော် မတ် ၁၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် မုံရွာတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တိုင်းစစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မုံရွာတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ➡*

## ယနေ့ ဖတ်စရာ


ရေဆိုင်ရာလိုအပ်ချက်များ ဖြည့်ဆည်းရန် အရှိန်အဟုန်မြင့် ရှေ့သို့ ပြောင်းလဲဆောင်ရွက်ခြင်း — ဆောင်းပါး | စာ - ၁၀

ဂျပန်လေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်နှင့် အမေရိကန်လေတပ်တို့ ပူးတွဲစစ်ရေးလေ့ကျင့် — နိုင်ငံတကာသတင်း | စာ - ၁၃

လူသားအားလုံး ကျန်းမာဖို့ သစ်တောများကို ထိန်းသိမ်းစို့ — ဆောင်းပါး | စာ - ၁၆



နှစ်ဆန်းပိုင်းအတွင်း ထိုင်းဆန်တင်ပို့မှု ၇၅ ရာခိုင်နှုန်းကျော် မြင့်တက်လာ — ကုန်သွယ်စီးပွား | စာ - ၂၃

# (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ☆ ဒို့တာဝန်အရေး (၃) ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။
- ☆ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။
- ☆ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## (၇၈)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "အသေးစား စက်မှုလက်မှုထုတ်ကုန်နှင့် ထုပ်ပိုးမှုဆိုင်ရာစက်ပစ္စည်းများ ပြပွဲ၊ ပြိုင်ပွဲ၊ ဆွေးနွေးပွဲနှင့် ဈေးရောင်းပွဲ" ပိတ်ပွဲအခမ်းအနားကျင်းပ




နေပြည်တော် မတ် ၁၉

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဥပ္ပါတသန္တိစေတီ တောင်ဘက်မုခ်ရှေ့ရှိ တပေါင်းကွင်း၌ (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မတ် ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပသည့် **"အသေးစား စက်မှုလက်မှု ထုတ်ကုန်နှင့် ထုပ်ပိုးမှုဆိုင်ရာ စက်ပစ္စည်းများ ပြပွဲ၊ ပြိုင်ပွဲ၊ ဆွေးနွေးပွဲနှင့် ဈေးရောင်းပွဲ"** ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ကျင်းပရာ အခမ်းအနားသို့ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ်က သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစား စက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ရန်နှင့် ဈေးကွက်ဖော်ဆောင်ပေးရန် အတွက် အသေးစား စက်မှုလက်မှုထုတ်ကုန်နှင့် ထုပ်ပိုးမှုဆိုင်ရာ စက်ပစ္စည်းများ ပြပွဲ၊ ပြိုင်ပွဲနှင့် ဈေးရောင်းပွဲ (နေပြည်တော်) ကို ကျင်းပသည့် ရည်ရွယ်ချက်များအတိုင်း ပြခန်းပေါင်း ၆၆ ခန်းဖြင့် ခင်းကျင်းပြသနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ပြိုင်ပွဲတွင် ယွန်းထည်လုပ်ငန်းရှင် သုံးဦး၊ ရက်ကန်းလုပ်ငန်းရှင် လေးဦး၊ လက်မှုလုပ်ငန်းရှင် နှစ်ဦး၊ စားသောက်ကုန် လုပ်ငန်းရှင် ၂၀ နှင့် လူသုံးကုန် လုပ်ငန်းရှင်လေးဦး စုစုပေါင်း ၃၃ ဦး ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြိုင်ပွဲတွင် ထုတ်ကုန်ပစ္စည်းအမျိုးအစား ငါးမျိုးပါဝင်ပြီး ထုတ်ကုန်ပစ္စည်း အမျိုးအစား တစ်မျိုးစီအတွက် ပထမ၊ ဒုတိယ၊ တတိယဆုများနှင့် ထုတ်ကုန်ပစ္စည်းအမျိုးအစား ငါးမျိုးအတွက် ပြိုင်ပွဲဝင် လုပ်ငန်းရှင် ၃၃ ဦး အနက်မှ လုပ်ငန်းရှင် ၁၄ ဦးကို ဆုချီးမြှင့်မည် ဖြစ်ပါကြောင်း၊ ပြခန်းခင်းကျင်းပြသမှု အကောင်းဆုံးဆု တစ်ဆုကိုလည်း ချီးမြှင့်ပေးမည်ဖြစ်ပါကြောင်း၊ ဆုရသည်ဖြစ်စေ/ မရသည်ဖြစ်စေ ပြိုင်ပွဲတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် လုပ်ငန်းရှင်များ အားလုံး၏ တီထွင် ဖန်တီးနိုင်မှုနှင့် ကြိုးပမ်းအားထုတ်မှုကို အသိအမှတ်ပြုပါကြောင်း၊ အသေးစား စက်မှုလက်မှုထုတ်ကုန်နှင့် ထုပ်ပိုးမှုဆိုင်ရာ စက်ပစ္စည်းများ ပြပွဲ၊ ပြိုင်ပွဲနှင့် ဈေးရောင်းပွဲ (နေပြည်တော်) အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးခဲ့ကြသည့် သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လုပ်ငန်းရှင်များနှင့် ဝန်ထမ်းမိသားစုများ အားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် အသေးစား စက်မှုလက်မှု ထုတ်ကုန်ပြိုင်ပွဲတွင် စားသောက်ကုန်၊ လူသုံးကုန်၊ ယွန်းထည်လုပ်ငန်း၊ ရက်ကန်းလုပ်ငန်းနှင့် လက်မှုလုပ်ငန်းများမှ ပထမဆုရရှိသည့် လုပ်ငန်းရှင် ငါးဦးနှင့် ပြခန်းခင်းကျင်းပြသမှု အကောင်းဆုံးဆုရရှိသည့် ရောဝတီတိုင်းဒေသကြီး ဒေသထွက်ကုန်ပြခန်းကို ညွှန်ကြားရေးမှူးချုပ်က လည်းကောင်း**(အပေါ်ပုံ)**၊ ဒုတိယဆုရရှိသည့် လုပ်ငန်းရှင် ငါးဦးကို ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ) နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်(နည်းပညာ)တို့က လည်းကောင်း၊ တတိယဆုရရှိသည့် လုပ်ငန်းရှင် လေးဦးကို ညွှန်ကြားရေးမှူးများက လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အသေးစား စက်မှုလက်မှုထုတ်ကုန်နှင့် ထုပ်ပိုးမှုဆိုင်ရာ စက်ပစ္စည်းများ ပြပွဲ၊ ပြိုင်ပွဲနှင့် ဈေးရောင်းပွဲ (နေပြည်တော်) တွင် ပါဝင်ပြသသည့် တိုင်းဒေသကြီး/ပြည်နယ်ရုံးများ၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းများနှင့် လုပ်ငန်းရှင်များကို တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၁၉ - မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

## လေထုညစ်ညမ်းမှုများလျှော့ချ လူ့ပယောဂကြောင့် မဖြစ်အောင်ရှောင်ကြဉ်

သက်ရှိသတ္တဝါများ ရှင်သန်နေထိုင်ရာ မြေကမ္ဘာကို လေထုကြီးက လွှမ်းခြုံထားသည်။ လေနှင့်သက်ရှိဇီဝတို့ ဆက်စပ်နေသလို လေထုအတွင်း လှုပ်ရှားပြောင်းလဲခြင်းများကြောင့် ရာသီဥတုများ ဖြစ်ပေါ်လာရသည်။ လေရှိနေသော ကမ္ဘာသည် အပင်၊ သတ္တဝါများနှင့် စိမ်းလန်းစိုပြည် လှုပ်ရှားသက်ဝင်နေပြီး လေမရှိပါက ဆိတ်သုဉ်းခြောက်သွေ့နေသည့် ကမ္ဘာအဖြစ်သို့ ရောက်ရှိသွားမည်ဖြစ်သည်။

လေထု၏ အရည်အသွေးက လူသားတို့၏ ကျန်းမာရှင်သန်မှုအတွက် လွန်စွာအရေးကြီးသည်။ သန့်စင်သည့် သဘာဝလေထဲတွင် နိုက်ထရိုဂျင် ၇၂ ရာခိုင်နှုန်းနှင့် အောက်ဆီဂျင် ၂၁ ရာခိုင်နှုန်းတို့ အဓိကပါဝင်ပြီး ကျန်သည့် ၁ ရာခိုင်နှုန်းတွင် အာဂွန်အများစုနှင့် နီယွန်၊ ဟီလီယမ်၊ ခရစ်ပ်တန်၊ မီသိန်း၊ ဟိုက်ဒရိုဂျင်တို့ အနည်းငယ်စီ ပါဝင်သည်။ အဆိုပါအချိုးအစားအတိုင်း သဘာဝအလျောက် တည်ရှိနေခြင်းဖြင့်သာ လူအပါအဝင် သက်ရှိများရှင်သန်နေကြကာ မြေကမ္ဘာ၏ သဘာဝပတ်ဝန်းကျင်မြင်ကွင်းများ ယခုအတိုင်း မြင်တွေ့နေရခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားကြသည်။ ကမ္ဘာ့လူဦးရေ၏ ၉၀ ရာခိုင်နှုန်းခန့်သည် မသန့်ရှင်းသည့် လေကိုရှူရှိုက်နေကြရပြီး နှစ်စဉ်လူခုနစ်သန်းခန့်မှာ လေထုညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်လာရသည့် ဝေဒနာများကြောင့် သေဆုံးနေကြရာ လေထုညစ်ညမ်းမှု လျှော့ချရေးမှာ လူသားကမ္ဘာအဖို့ လွန်စွာအရေးကြီးလာသည်။

သဘာဝအကြောင်းအရာ တစ်ခုခုကြောင့်လည်းကောင်း၊ လူ့ပယောဂကြောင့်လည်းကောင်း လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်ခြင်းဖြစ်သည်။ လေထုညစ်ညမ်းမှုဆိုသည်မှာ ကာဗွန်မိုနောက်ဆိုက်၊ ကာဗွန်ဒိုင်အောက်ဆိုက်၊ ဆာလ်ဖာဒိုင်အောက်ဆိုက်၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် စသည့်လူကို အန္တရာယ်ပေးနိုင်သည့် ဓာတ်ငွေ့များ လေထုအတွင်းသို့ ရောက်ရှိလာခြင်း၊ အမှုန်များ၊ အငွေ့ရည်နှင့် အငွေ့မှုန်များ လေထုအတွင်း အဆက်မပြတ်ရောက်ရှိနေခြင်းဖြင့် လေထုအရည်အသွေးနိမ့်ကျသည့် အခြေအနေသို့ ရောက်ရှိနေခြင်းကို ဆိုသည်။ လေထုအတွင်း အလွန်သေးငယ်သည့် အမှုန်အမွှား (Particulate Matter 10 – PM10) ပါဝင်မှု လေထုအရည်အသွေး အညွှန်းကိန်းကို (Air Quality Index– AQI) ဖြင့် ဖော်ပြပြီး AQI အဆင့်များကို ၀ မှ ၅၀ ထိ – အရည်အသွေးကောင်းအဆင့်၊ ၅၁ မှ ၁၀၀ ထိ – လက်ခံနိုင်သော အရည်အသွေးအဆင့်၊ ၁၀၁ မှ ၁၅၀ ထိ – ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေး ထိခိုက်နိုင်သည့်အဆင့်၊ ၁၅၁ မှ ၂၀၀ ထိ – ကျန်းမာရေးကို ထိခိုက်နိုင်သောအဆင့်၊ ၂၀၁ မှ ၃၀၀ ထိ – ကျန်းမာရေးကို အလွန်ထိခိုက်နိုင်သောအဆင့်၊ ၃၀၁ မှ ၅၀၀ ထိ – ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် သတ်မှတ်ထားပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ပုံမှန်တိုင်းတာ ထုတ်ပြန်ပေးလျက်ရှိသည်။

နှစ်စဉ်နွေဦးကာလများတွင် တောင်ယာမီးရှို့မှုများနှင့် တောမီးများကြောင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုများ ဖြစ်ပေါ်လေ့ရှိရာ ယင်းကိစ္စသည် မဲခေါင်မြစ်ဝှမ်းဒေသနှင့် အာဆီယံဒေသအတွင်း နိုင်ငံများ အရေးတကြီး ပူးပေါင်းဖြေရှင်းရမည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်သည်။ အိမ်တွင်း–အိမ်ပြင် လေထုညစ်ညမ်းမှု ပြဿနာများကြောင့် နှလုံးသွေးကြောကျဉ်းရောဂါ၊ လေဖြတ်ရောဂါ၊ နာတာရှည်အသက်ရှူလမ်းကြောင်းပိတ်ရောဂါ၊ အဆုတ်ကင်ဆာ၊ ကလေးများ ရက်တိုအသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါများဖြင့် အသက်သေဆုံးကြရခြင်းဖြစ်ရာ တောမီး၊ တောင်ယာ မီးရှို့ခြင်းနှင့် အမှိုက်များ မီးရှို့ခြင်းအပါအဝင် လေထုညစ်ညမ်းမှုများ လူတို့၏ ပယောဂကြောင့် ဖြစ်ပေါ်မလာရအောင် ရှောင်ကြဉ်ကြရန်နှင့် အသိပညာပေးမှုများ ပိုမိုတိုးမြှင့်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၏ ဇနီး ဒေါ်ကြူကြူလှ တပ်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

❍ *ရှေ့ဖုံးမှ*

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် **"အင်အား" ဟူသည့် စကားမှာ စကားလုံး တစ်လုံးတည်းသာဖြစ်သော်လည်း နိုင်ငံတော်အတွက်၊ တပ်မတော်အတွက် ကောင်းမွန်တိုးတက်သော အပြောင်းအလဲများကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်၍ တပ်တွင်းစည်းလုံးညီညွတ်မှုအား၊ နိုင်ငံအတွင်း စုစည်းညီညွတ်မှု အင်အားများကို မဖြစ်မနေ တည်ဆောက်သွားရမည်ဖြစ်ကြောင်း** ဦးစွာ ပြောကြားသည်။

**❑ "အင်အား" ဟူသည့် စကားမှာ စကားလုံးတစ်လုံးတည်းသာဖြစ်သော်လည်း နိုင်ငံတော်အတွက်၊ တပ်မတော်အတွက် ကောင်းမွန်တိုးတက်သော အပြောင်းအလဲများကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်၍ တပ်တွင်းစည်းလုံးညီညွတ်မှုအား၊ နိုင်ငံအတွင်း စုစည်းညီညွတ်မှုအင်အားများကို မဖြစ်မနေတည်ဆောက်သွားရမည်ဖြစ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

## နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု

ထို့နောက် နိုင်ငံတော်တွင် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး လိုလားလျက်ရှိသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင်ရေး တပ်မတော်မှဦးဆောင်ခဲ့သည့် အခြေအနေများနှင့် ၂၀၁၁ ခုနှစ်မှစ၍ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းခဲ့သည့် အခြေအနေများ၊ ဒီမိုကရေစီအစိုးသက်တမ်း နှစ်ခုတွင် တပ်မတော်အနေဖြင့် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး လိုအပ်သည်များကိုလည်း အကြံပြုခဲ့သည့် အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့် မဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိခဲ့သည့် အခြေအနေများ၊ နိုင်ငံတော်တွင် ဖြစ်ပေါ်လာခဲ့သည့် အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရမှု အခြေအနေများ၊ ခေတ်အဆက်ဆက် နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲခဲ့မှု အခြေအနေများနှင့် တပ်မတော်အနေဖြင့် မည်သည့်အစိုးရက အုပ်ချုပ်သည်ဖြစ်စေ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေး၊ လုံခြုံရေးနှင့် ပြည်သူလူထုတို့၏ အသက်အိုးအိမ် စည်းစိမ်ကာကွယ်စောင့်ရှောက်ရေးတို့ကို တရားဥပဒေနှင့်အညီ ထိန်းသိမ်း ဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ တပ်မတော်အနေဖြင့် နိုင်ငံတော် တာဝန်များကို ထမ်းဆောင်ခဲ့ရချိန်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်လျက်ရှိသည့် အခက်အခဲများ၊ နိုင်ငံရေးအကြောင်းပြပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားကြသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြားမှ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် မူဝါဒများ၊ ဦးတည်ချက်များ ချမှတ်၍ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

## တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းမှုရရှိရေး၊ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ် ဖော်ဆောင်ပေးနိုင်ရေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆက်လက်ပြောကြားရာတွင် တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးလာသည့် ပြည်ပအန္တရာယ်များကို ကာကွယ်စောင့်ရှောက်ရန်နှင့် နိုင်ငံနှင့် နိုင်ငံသားတို့၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်ကြောင်း၊ **လက်ရှိအခြေအနေတွင် မိမိတို့အနေဖြင့် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ကို ဖော်ဆောင်ပေးရန်နှင့် တစ်နိုင်ငံလုံး ငြိမ်းချမ်းမှုရရှိရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊** တည်ငြိမ်အေးချမ်းမှုရှိပြီး ဖိအားကင်းစွာဖြင့် မဲပေးနိုင်မှသာလျှင် လွတ်လပ်၍ တရားမျှတသည့်၊ စစ်မှန်သည့် ရွေးကောက်ပွဲတစ်ရပ် ဖြစ်လာမည်ဖြစ်ပြီး ဖိအားပေးမှုနှင့် ခြိမ်းခြောက်မှုများ မရှိအောင် ဆောင်ရွက်နိုင်မှသာ မဲရလဒ်များ မှန်ကန်မည်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် မဖြစ်မနေ ဆောင်ရွက်ပေးရမည့် ကိစ္စတစ်ရပ်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တစ်နိုင်ငံလုံး ငြိမ်းချမ်းမှုရရှိရေးသည် အဓိကလိုအပ်သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးကို အလေးထား ဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ၎င်းတို့၏ လိုလားချက်များ၊ ဖြစ်ချင်သည်များကို နိုင်ငံတော်အတွက် ဖြစ်သင့်ဖြစ်ထိုက်သည်များနှင့်

*စာမျက်နှာ ၄ သို့*






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးက တပ်ပိုင်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

*စာမျက်နှာ ၃ မှ*

ချိန်ထိုး၍ အကောင်းဆုံးဖြစ်အောင် တပ်မတော်အနေဖြင့် ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီစနစ်တွင် လွှတ်တော်သည် နိုင်ငံရေးအရ အမြင့်ဆုံးဖြစ်ပြီး တိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့ဒေသ၏ အခွင့်အရေးများကို တရားဥပဒေနှင့်အညီ တောင်းဆိုနိုင်ရေးအတွက် နိုင်ငံရေးစင်မြင့် လွှတ်တော်တွင် ပိုမိုပါဝင်နိုင်ရမည်ဖြစ်ကြောင်း၊ **တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများအရ နိုင်ငံတော်အတွက် အပြုသဘောဆောင်သည့် ရလဒ်များကို ဖော်ဆောင်နိုင်ခဲ့ပြီး ဆက်လက်၍လည်း အသေးစိတ်ဆွေးနွေးရန်ကျန်ရှိသည်များကို ဆက်လက်ဆွေးနွေးဆောင်ရွက်လျက်**ရှိကြောင်း၊ သက်ဆိုင်ရာ နယ်မြေဒေသများအလိုက် တာဝန်ရှိသူများအနေဖြင့်လည်း မိမိတို့တာဝန်ထမ်းဆောင်နေရသည့်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

## စစ်ရေးစွမ်းရည် ထက်မြက်ရေးနှင့် စည်းကမ်းစနစ်တကျရှိစေရေး

သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်နယ်မြေများအလိုက် နယ်မြေတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် သင်ကြားပေးထားသည့် စစ်အတတ်ပညာများကို အပြည့်အဝအသုံးချရန်လိုပြီး စစ်ရေးစွမ်းရည် ထက်မြက်နေရန်အတွက် အမြဲမပြတ် လေ့ကျင့် ဆောင်ရွက်နေရန်လိုကြောင်း၊ တပ်မတော်သားများအားလုံးသည် တတ်မြောက်ရမည့် အခြေခံစစ်ပညာသင်တန်းများကို သင်ကြားပြီးမြောက်ပြီးဖြစ်ကြောင်း၊ မိမိတို့ တစ်ဦးချင်းသင်ယူတတ်မြောက်ထားသည့် စစ်နည်းဗျူဟာများနှင့် စစ်အတတ်ပညာများကို အပြည့်အဝအသုံးချမှသာ စစ်မြေပြင်တွင် ထိခိုက်မှု နည်းပါးစေမည်ဖြစ်ကြောင်း၊ စစ်အတတ်ပညာများ အမြဲအသုံးချနိုင်ရေး Fit For Duty ဖြစ်အောင် နေ့စဉ်ဆောင်ရွက်ရမည့် သမားစဉ်လုပ်ငန်းများကို မှန်မှန်ကန်ကန် လုပ်ဆောင်နေရန်လိုကြောင်း၊ ထိတွေ့တိုက်ခိုက်မှု စည်းမျဉ်း (Rule of Engagement) ကို လိုက်နာပြီး စစ်စည်းကမ်းသည် တပ်မတော်၏ ကျောရိုးပင်ဖြစ်၍ ချမှတ်ထားသည့် စည်းကမ်းနှင့်အညီ နေထိုင်ခြင်းသည် မိမိကိုယ်ကို စစ်သားကောင်းတစ်ဦးအဖြစ် ပုံဖော်နေခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စစ်သည်တစ်ဦးချင်းအနေဖြင့် အလေးထား လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကြက်မွေးမြူရေးခြံကို ကြည့်ရှုစစ်ဆေးစဉ်။

**မည်သည့်လုပ်ငန်းကို ဆောင်ရွက်သည်ဖြစ်စေ ကြိုးစားအားထုတ်၍ ဆောင်ရွက်ပါက အောင်မြင်နိုင်မည်ဖြစ်သဖြင့် ကြိုးစားအားထုတ်လုပ်ဆောင်တတ်သည့် "အား" ကို မွေးမြူဆောင်ရွက်ကြရန်လို**ကြောင်း၊ တပ်တွင်းစည်းလုံးညီညွတ်မှုရှိမှသာလျှင် တပ်အတွင်း၌ စုစည်းညီညွတ်သည့် **"အား"** တစ်ခုကို ဖော်ဆောင်နိုင်မည်ဖြစ်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် အောင်မြင်မှုများ ရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် **တပ်တွင်းစည်းလုံးညီညွတ်ရေးအတွက် အလေးထား ဆောင်ရွက်ရန်နှင့် ညီညွတ်မှုတသည့် အုပ်ချုပ်မှုစနစ်ရှိမှသာလျှင် တပ်တွင်းစည်းလုံးညီညွတ်မှုအား ပိုမိုကောင်းမွန်လာမည်ဖြစ်**ကြောင်း၊ စစ်သည်တစ်ဦးချင်းအနေဖြင့် မိမိကိုယ်ကို သစ္စာရှိရန်၊ မိမိ မိသားစုအပေါ် သစ္စာရှိရန်၊ မိမိတို့၏ လုပ်ဖော်ကိုင်ဖက်အချင်းချင်းအပေါ် သစ္စာရှိရန်၊ တပ်မတော်နှင့် နိုင်ငံတော်အပေါ် သစ္စာရှိရန်အတွက် စောင့်ထိန်းကြရန်လိုကြောင်း၊ "တပ်မတော်၏ အား" "နိုင်ငံတော်၏ အား" မြှင့်တင်နိုင်မည့်ကိစ္စရပ်များကို လုပ်ဆောင်ကြရန်နှင့် နိုင်ငံတော်၏ အကျိုးအတွက် အမြင်ကျယ်ကျယ်ဖြင့် စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း။

## ပညာရည်မြှင့်တင်ရေး အားပေးဆောင်ရွက်ကြရန်လို

ထို့ပြင် လူတစ်ဦး၊ ဒေသတစ်ခု၊ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ အတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများရှိရန် မဖြစ်မနေလိုအပ်ကြောင်း၊ ထို့ကြောင့် အရာရှိ၊ စစ်သည် မိသားစုများအနေဖြင့်လည်း မိမိတို့အတွက် ဗဟုသုတများ တိုးပွားစေနိုင်သည့် စာပေများကို လေ့လာဖတ်မှတ်ခြင်းများကို အမြဲမပြတ်ဆောင်ရွက်မည်ဆိုပါက တစ်ဦးချင်း၏အကျိုးကို ဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း၊ နွေရာသီ ကျောင်းပိတ်ရက်အတွင်း မိမိတို့၏ ကလေးငယ်များ အချိန်ကိုအကျိုးရှိစွာအသုံးချနိုင်ရန်အတွက် သင်ကြားခဲ့ရသည့် ကျောင်းစာများကို ပြန်လည်ဖတ်ရှု လေ့လာခြင်း၊ ယဉ်ကျေးလိမ္မာသင်တန်းများ၊ ကွန်ပျူတာအခြေခံသင်တန်းများနှင့် အခြားသော နွေရာသီသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးရန်လိုကြောင်း၊ မိမိတို့၏ သားသမီးများ လမ်းမမှားစေရေး ထိန်းကျောင်းပေးရန်လိုသကဲ့သို့ မိမိတို့ ကိုယ်တိုင်လည်း အသိ၊ သတိဖြင့် နေထိုင်ဆောင်ရွက်ရန်လိုကြောင်း။

## အသောက်အစား၊ အပျော်အပါးနှင့် လောင်းကစားမှုများကို တစ်ဦးချင်း အသိ၊ သတိဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန်လို

မိမိအတွက် အကျိုးမရှိစေနိုင်သည့် အသောက်အစား၊ အပျော်အပါးများကို ရှောင်ရှားကြရန်လိုကြောင်း၊ ဆေးလိပ်၊ အရက်နှင့် ကွမ်းတို့ကို သုံးစွဲခြင်းသည် မိမိတို့ တစ်ဦးချင်းနှင့် ပတ်ဝန်းကျင်၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သည်သာမက လူမှုစီးပွားကိုလည်း ထိခိုက်စေနိုင်ကြောင်း၊

*စာမျက်နှာ ၅ သို့*

**"လက်ရှိအခြေအနေတွင် မိမိတို့အနေဖြင့် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ကို ဖော်ဆောင်ပေးရန်နှင့် တစ်နိုင်ငံလုံး ငြိမ်းချမ်းမှုရရှိရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ဦးတည်ဆောင်ရွက်လျက်ရှိ"**

စာမျက်နှာ ၄ မှ

မိမိတို့တစ်ဦး တစ်ယောက်ချင်းစီ၏ ဆင်ခြင်မှုတရားမဲ့စွာဖြင့် သောက်စားပျော်ပါးခြင်း၊ လောင်းကစားခြင်းများကြောင့် မိသားစု၏ စားဝတ်နေရေးကို ထိခိုက်စေနိုင်သဖြင့် တစ်ဦးချင်းအသိစိတ်ဖြင့် ထိန်းသိမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လောင်းကစားပြုလုပ်ခြင်းများကို လုံးဝရှောင်ကြဉ်ကြရန်လိုပြီး သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မုံရွာမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသူတစ်ဦးအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

## သက်သာချောင်ချိရေး ဆောင်ရွက်ပေးလျက်ရှိမှု

သက်သာချောင်ချိရေးနှင့်ပတ်သက်၍ မိမိကိုယ်ကိုမိမိ ဆောင်ရွက်သည့် သက်သာချောင်ချိရေးနှင့် အထက်မှဆောင်ရွက်ပေးသည့် သက်သာချောင်ချိရေးဟူ၍ရှိကြောင်း၊ မိမိတို့ သက်သာချောင်ချိရေးအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တတ်နိုင်သမျှဆောင်ရွက်ရန်လိုပြီး ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိသားစု၏ အသုံးစရိတ်ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ကြောင်း၊ တပ်ပိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများသည် တပ်မတော်သားမိသားစုဝင်များ၏ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ပြီး အကျိုးအမြတ်အတွက် ဆောင်ရွက်နေခြင်း မဟုတ်ကြောင်း၊ ထို့ကြောင့် တပ်ပိုင်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို စနစ်တကျဖြင့် အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ တပ်မတော်သား မိသားစုများ၏ သက်သာချောင်ချိမှုမှ ပိုလျှံသည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် နိုင်ငံ့ဝန်ထမ်းများ၊ ဒေသခံပြည်သူများကိုလည်း ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနိုင်သည့်အတွက် တပ်တွင်းသက်သာချောင်ချိရေးကို သာမက နိုင်ငံတော်အတွက်လည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိသည်ကို တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် အရာရှိ၊ စစ်သည်တစ်ဦးချင်း အဆင့်အလိုက် ရသင့်ရထိုက်သည့် ရပိုင်ခွင့်များနှင့် အခွင့်အရေးများကို နေရေး၊ စားရေး၊ ဝတ်ရေးတို့မှအစ တတ်နိုင်သရွေ့ ဖြည့်ဆည်း ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ ထို့ပြင် စစ်သည်တစ်ဦးချင်းအတွက် အကျိုးကို ခိုင်မာစွာဖြစ်ပေါ်စေနိုင်ပြီး စဉ်ဆက်မပြတ်သော အမြတ်ငွေများ နှစ်စဉ်ရရှိစေနိုင်သည့် မြန်မာ့စီးပွားရေး ဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်အစုရှယ်ယာထည့်ဝင်ခြင်းများကို ဆောင်ရွက်နိုင်ရေးအတွက်လည်း အခွင့်အလမ်းကောင်းများ ဖော်ဆောင်ပေးထားပြီးဖြစ်ကြောင်း၊ စစ်သည်တစ်ဦးတစ်ယောက်ချင်း၏ အကျိုးကို မျှော်တွေး၍ ဆောင်ရွက်ပေးထားခြင်းဖြစ်သဖြင့် မိမိတို့၏ ကိုယ်ပိုင်စဉ်းစားဆင်ခြင်မှုများဖြင့် ရေရှည်ကိုကြည့်ကာ ဆောင်ရွက်ကြရန်တိုက်တွန်းလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၏ ဇနီး ဒေါ်ကြူကြူလှ သားဖွားမိခင်တစ်ဦးအား ကြည့်ရှုအားပေးစဉ်။

တပ်မတော်မှ စနစ်တကျတွက်ချက် ထုတ်ပေးထားသည့် ရိက္ခာများကို အရာရှိ၊ စစ်သည်များအားလုံး ပြည့်ဝစွာစားသုံးရန်လိုကြောင်း၊ သို့မှသာ ကျန်းမာကြံ့ခိုင်ရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်တွင်းသက်သာချောင်ချိရေး လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ စစ်သည်၊ မိသားစုတစ်ဦးချင်းစီ၏ ကြိုးစားအားထုတ်မှု ကောင်းမွန်စွာဖြင့် ဆောင်ရွက်တတ်သည့် "အား" ကို မွေးမြူဆောင်ရွက်နိုင်မည်ဆိုပါက တပ်တွင်းစည်းလုံးညီညွတ်မှုကို ဖြစ်ထွန်းစေပြီး အောင်မြင်မှုများကို ရရှိနိုင်မည်ဖြစ်သည့်အတွက် စုစည်းညီညွတ်သည့် "အား" များ ရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ ဇနီးကလည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တိုင်းစစ်ဌာနချုပ် ပေါင်းစည်းလယ်ယာသို့ ရောက်ရှိစစ်ဆေးရာ ဦးစွာရှင်းလင်းဆောင်၌ တိုင်းမှူးက တိုင်းစစ်ဌာနချုပ်အတွင်း တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်၍ ဥစားကြက်၊ အသားစားကြက်၊ DYL ဝက်၊ ဆိတ်၊ အသားတိုးနွား၊ နို့စားနွားနှင့် ကာကီကင်းဘဲများမွေးမြူခြင်း၊ Green House ဖြင့် ရာသီသီးနှံများ စိုက်ပျိုးထားရှိမှုနှင့် တစ်သျှူးငှက်ပျောများ စိုက်ပျိုးထားရှိမှု၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် အသား၊ ငါး၊ နို့နှင့် ဟင်းသီးဟင်းရွက်များကို အရာရှိ၊ စစ်သည်မိသားစုများထံ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥစားကြက်၊ အသားစားကြက်များမွေးမြူရာတွင် အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ရန်လိုသကဲ့သို့ ကြက်များ မွေးမြူရာတွင် နည်းစနစ်တကျဖြင့် မွေးမြူရန်လိုကြောင်း၊ စစ်သည်များ အာဟာရပြည့်ဝစွာဖြင့် စားသုံးနိုင်ရေး အသားစားနွားများကို အောင်မြင်အောင်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ နို့စားနွားများကိုလည်း ဖြစ်ထွန်းအောင် စနစ်တကျ မွေးမြူရန်လိုကြောင်း၊ ငါးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း စားသုံးမှုကို အမှန်တကယ် အထောက်အကူပြုစေမည့် ငါးမျိုးများကိုသာစိုက်ထည့်မွေးမြူရန်လိုကြောင်း၊ Green House များဖြင့် သီးနှံများစိုက်ပျိုးရာတွင်လည်း ဒေသတွင် ကောင်းမွန်စွာ ထွက်ရှိမှုမရှိသော အသီးအနှံများကိုသာ စိုက်ပျိုးရန်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း လေးမျိုးစလုံး ပြည့်စုံအောင် ဆောင်ရွက်နိုင်မှသာ အထွက်နှုန်းများ တိုးတက်ကောင်းမွန်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လူနည်းစုအတွက် ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ လူအများစားသုံးနိုင်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုသာ ဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုင်းစစ်ဌာနချုပ် စုပေါင်းလယ်ယာအတွင်း စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် မုံရွာမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက နိုင်ငံတော်တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး တာဝန်များကို ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည် တစ်ဦးချင်း၏ ထိခိုက်ဒဏ်ရာရရှိမှု၊ ဆေးကုသပေးထားမှုနှင့် တိုးတက်ကောင်းမွန်လာမှု အခြေအနေများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များက ဆေးရုံတက်ရောက်ကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များနှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာရရှိပြီး ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများ၏ ကျန်းမာရေးအခြေအနေများကိုလည်းကောင်း တစ်ဦးချင်း ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ ၎င်းတို့၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး (၄၉) နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနား တက်ရောက်

**နေပြည်တော် မတ် ၁၉**

၂၀၂၃ ခုနှစ် (၄၉) နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ မောရဝတီပန်းခြံ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် Jeng Phang နော်တောင်၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ၂၀၂၃ ခုနှစ် (၄၉) နှစ်မြောက် မွန်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ဖတ်ကြားသည်။

ထို့နောက် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက (၄၉) နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် တာဝန်ရှိသူများသည် (၄၉) နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် ပြည်နယ်ဂုဏ်ဆောင်ထူးချွန်ဆု ချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ဂုဏ်ပြုစကားပြောကြားပြီး ပြည်နယ်ဂုဏ်ဆောင် ထူးချွန်ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက မွန်ပြည်နယ်အတွင်းရှိ ကျေးရွာများ မီးလင်းရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဆိုလာအစုံ ၁၀၀ ကို ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်သည်။ ယင်းနောက် နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က စက်ရေတွင်း သုံးတွင်းတူးဖော်ရန် ထောက်ပံ့ငွေကျပ်သိန်း ၃၆၀ ကို ပြည်နယ် ဝန်ကြီးချုပ်ထံ ပေးအပ်သည်။ ဆက်လက်၍ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက အားကစားပစ္စည်းများကို ပြည်နယ်လူမှုရေးရာဝန်ကြီးထံ ပေးအပ်သည်။

ယင်းနောက် ပေါင်မြို့နယ် ကျိုက်ဖျဉ်ကူဘုရား ဂေါပကအဖွဲ့မှ ရှေးဟောင်း ကြေးခေါင်းလောင်းကို မွန်ပြည်နယ် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ မွန်ယဉ်ကျေးမှု အကအဖွဲ့၊ ဗမာယဉ်ကျေးမှု အကအဖွဲ့၊ ကရင်ယဉ်ကျေးမှု အကအဖွဲ့နှင့် ပအိုဝ်းယဉ်ကျေးမှု အကအဖွဲ့တို့က ကပြဖျော်ဖြေကြပြီး တိုင်းရင်းသားယဉ်ကျေးမှု အကအဖွဲ့များကို နိုင်ငံတော်စီမံအုပ်ရေး ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဦးရန်ကျော်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းတို့က ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြတ်သက်ဦးနှင့် တာဝန်ရှိသူများသည် တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားကာ တပ်နယ်မိသားစုများကို ထောက်ပံ့ပစ္စည်းနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ထို့နောက် တက်ရောက်လာသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ရှိ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။



၂၀၂၃ ခုနှစ် (၄၉) နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်း အခမ်းအနားကျင်းပစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များကို ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးရန်ကျော် တိုင်းရင်းသားယဉ်ကျေးမှု အကအဖွဲ့များကို ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် စက်ရေတွင်း သုံးတွင်းတူးဖော်ရန် ထောက်ပံ့ငွေကျပ်သိန်း ၃၆၀ ကို ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်စဉ်။

# (၄၉) နှစ်မြောက် မွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်စာပေပြဋ္ဌာန်းစာအုပ်ပေးအပ်ပွဲနှင့် သက်မွေးပညာသင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် မတ် ၁၉**

(၄၉) နှစ်မြောက် မွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်တိုင်းရင်းသားစာပေ ပြဋ္ဌာန်းစာအုပ်ပေးအပ်ပွဲနှင့် သက်မွေးပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို မော်လမြိုင်မြို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးရုံးခန်းမ၌ ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် Jeng Phang နော်တောင်၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြတ်သက်ဦး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး မွန်တိုင်းရင်းသားစာပေ ပြဋ္ဌာန်းစာအုပ်ပေးအပ်ပွဲနှင့် သက်မွေးပညာသင်တန်းဖွင့်ပွဲ အခမ်းအနားတွင် တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

အခမ်းအနားတွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး မွန်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်မောင်ဦးက ပြဋ္ဌာန်းစာအုပ်ပေးအပ်ပွဲနှင့် သက်မွေးပညာသင်တန်းဖွင့်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တာဝန်ရှိသူများက မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီမှ တာဝန်ရှိသူများထံ မွန်စာပေပြဋ္ဌာန်းစာအုပ်များကို ပေးအပ်ပြီး မွန်စာပေ၊ ကရင်စာပေ၊ ဗမာစာပေနှင့် ပအိုဝ်းစာပေကော်မတီကိုယ်စားလှယ်များက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ထောက်ပံ့ချီးမြှင့်ငွေများနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေစာအုပ်များကို မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီမှ တာဝန်ရှိသူများထံ ပေးအပ်သည်။

ဆက်လက်ပြီး မွန်ယဉ်ကျေးမှုအဖွဲ့မှ ဟသ်ာအကဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**သတင်းစဉ်**

# (၄၉) နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရာမညသဲသောင်ပြင် ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၁၉**

(၄၉) နှစ်မြောက် မွန်ပြည်နယ်နေ့ အခမ်းအနားကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မော်လမြိုင်မြို့ တိုးချဲ့ကမ်းနားလမ်းရှိ သဲသောင်ပြင်အပန်းဖြေနေရာ ဖွင့်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် Jeng Phang နော်တောင်၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မြတ်သက်ဦး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်နှင့် တာဝန်ရှိသူများ သဲသောင်ပြင်အပန်းဖြေနေရာ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

အခမ်းအနားတွင် မွန်ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဒေါက်တာ အောင်မြတ်ကျော်စိန်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ယင်းနောက် ရာမညသဲသောင်ပြင် အပန်းဖြေနေရာ ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြပြီး တိုင်းရင်းသားအကအဖွဲ့များ၏ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ (ဝဲပုံ) ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ သဲသောင်ပြင် အပန်းဖြေနေရာများကို လှည့်လည်ကြည့်ရှုကြသည်။**သတင်းစဉ်**

# ရွှေဘိုမြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်းနှင့် ကျေးလက်ကုန်ထုတ်တံတား ဆောင်ရွက်

**ရွှေဘို မတ် ၁၉**

ရွှေဘိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ သွင်းကုန်ထုတ်ကုန်များကို သယ်ယူမှုကုန်ကျစရိတ် သက်သာစေရေး၊ လေလွင့်မှုနည်းပါးစေရေးနှင့် ဈေးကွက်သို့ သယ်ယူပို့ဆောင်ရာတွင်လည်းကောင်း၊ မိမိတို့ထားသိုရာ နေရာများသို့လည်းကောင်း လျင်မြန်စွာပို့ဆောင်နိုင်စေရန် ကျေးလက်ကုန်ထုတ်လမ်းတံတားများကို ၂၀၁၈ ခုနှစ် ခြောက်လဘဏ္ဍာနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ရာ ယခု ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ကုန်အထိ ကျေးလက်ကုန်ထုတ်လမ်း ရှစ်လမ်းနှင့် ကုန်ထုတ်တံတားသုံးစင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်လမ်းများမှာ စိုင်ဒိုးကျေးရွာကုန်ထုတ်လမ်း၊ ပလိုင်းကျေးရွာကန်တော်ရိုးကုန်ထုတ်လမ်း၊ ချီပါ(တ) ကျေးရွာကုန်ထုတ်လမ်း၊ မင်းကုန်းကျေးရွာဧ ၁၀၀ စက်မှုလယ်ယာကုန်ထုတ်လမ်း၊ ကန်သာကျေးရွာကုန်ထုတ်လမ်း၊ ယင်းမာကျေးရွာကုန်ထုတ်လမ်း၊ ကွန်ဆိပ်ကျေးရွာ ကုန်ထုတ်လမ်း၊ စည်သာကျေးရွာကုန်ထုတ်လမ်းနှင့် ပလိုင်းကျေးရွာကုန်ထုတ်လမ်းတို့ဖြစ်ကြပြီး စုစုပေါင်းအရှည်မိုင်မှာ ၁၅ မိုင်ငါးဖာလုံရှိကာ ယင်းကုန်ထုတ်လမ်းများအပေါ်၌ ကွန်ကရစ်တံတားသုံးစင်းတို့ကို ခွင့်ပြုရန်ပုံငွေကျပ်စုစုပေါင်း ၅၀၇ ဒသမ ၄ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီများက လုပ်ငန်းအားလုံးအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။



အထက်ပါ ကျေးလက်ကုန်ထုတ်လမ်းတံတားများ ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ကျေးရွာခုနစ်ရွာရှိ အိမ်ထောင်စု ၃၀၉၂ စု၊ လူဦးရေ ၁၉၃၆၈ ဦးတို့၏ လယ်ယာမြေဧက ၃၄၂၀ ရှိ စိုက်ပျိုးသီးနှံများကို ရာသီမရွေး သယ်ယူပို့ဆောင်နိုင်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ပြောင်းလဲလာမည် ဖြစ်ကြောင်း သိရသည်။

**သန်းသန်းစိုး**

# (၄၉) နှစ်မြောက် မွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ချောင်းဆုံ - မုရစ်ကလေး - ကမာကေးလမ်းပေါ်ရှိ တံတားအမှတ် (၆/၆) သံကူကွန်ကရစ်တံတားဖွင့်ပွဲကျင်းပ

**နေပြည်တော် မတ် ၁၉**

(၄၉) နှစ်မြောက် မွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ချောင်းဆုံ-မုရစ်ကလေး-ကမာကေး လမ်းပေါ်ရှိ တံတားအမှတ် (၆/၆)၊ ပေ ၈၀ အရှည် သံကူကွန်ကရစ် တံတားဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ကျင်းပ သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယ ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် နှင့် Jeng Phang နော်တောင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည် သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မြတ်သက်ဦး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ကျေးဇူးတင်စကားပြောကြား**

အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက တံတားတည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒေသခံ ပြည်သူတစ်ဦးက တံတားဆောက်လုပ်ပေးခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူး တင်စကား ပြောကြားသည်။



ထို့နောက် တာဝန်ရှိသူများကတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(အပေါ်ပုံ)**

**မုရစ်ကလေးရွာနှင့်ကမာကေးရွာဆက်သွယ်**

အဆိုပါတံတားသည် ချောင်းဆုံမြို့နယ် မုရစ်ကလေးရွာနှင့် ကမာကေးရွာတို့ကို ဆက်သွယ်ပေးထားသည့် သံကူကွန်ကရစ်ရက်မ ကြမ်းခင်းနှင့် လက်ရန်းအမျိုးအစားဖြစ်ပြီး တံတားအရှည်ပေ ၈၀၊ တံတားအကျယ် ၃၁ ပေ၊ ယာဉ်သွား လမ်းအကျယ် ၂၄ ပေ ရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုနှင့် ပြည်ထောင်စုဝန်ကြီး ဦးလှမိုး စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မတ် ၁၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးမောင်ကိုနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုး ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးလှမိုးတို့သည် ယနေ့ နံနက်ပိုင်းက စစ်ကိုင်းတိုင်း ဒေသကြီး မုံရွာမြို့ရှိ ကျေးလက် လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနရုံးသို့ သွားရောက်ပြီး ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။




**လူမှုစီးပွားဘဝမြင့်မားရေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကို က ဈေးကွက်စီးပွားရေးကို အောင်မြင်အောင် ဆောင်ရွက် သွားကြရန်နှင့် စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ရာတွင် အခြားပြည်ပ နိုင်ငံများ၏ ဆောင်ရွက်မှု နည်းပညာများကို လေ့လာပြီး မိမိနိုင်ငံနှင့် ကိုက်ညီအောင် ဆောင်ရွက်သွားကြရမည် ဖြစ် ကြောင်း၊ ကျေးလက်နေပြည်သူ များ၏ လူမှုစီးပွားဘဝ မြင့်မား ရေး၊ မိသားစုဝင်ငွေတိုးပွားရေးတို့ အတွက် စီးပွားရေးအထောက် အကူပြု စိုက်ပျိုးမွေးမြူရေး အခြေခံ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး MSME လုပ်ငန်းများ အောင်မြင်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း များကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် အထောက်အကူပြု ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

**မျိုးကောင်းမျိုးသန့်များအသုံးပြု**

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးက ဝန်ထမ်းများအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် မိမိ အလုပ်ကို အာရုံစိုက်ပြီး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အစုအဖွဲ့ဖြင့် ဖွဲ့စည်းဆောင်ရွက် သွားရေး၊ မျိုးကောင်းမျိုးသန့်များ မျိုးစပ်ပြီး မွေးမြူရေးဈေးကွက် ရရှိရေးတို့ကို ဝိုင်းဝန်းဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း၊ စိုက် ပျိုးရေးလုပ်ငန်းများကို ဆောင် ရွက်ရာတွင် မျိုးကောင်းမျိုးသန့် များ အသုံးပြုရေး၊ စိုက်ပျိုးရေရရှိ ရေး၊ သွင်းအားစုများ ထောက်ပံ့ နိုင်ရေး၊ စံပြလယ်ယာစနစ်ဖော် ဆောင်နိုင်ရေး၊ ဈေးကွက်ရရှိနိုင် ရေးတို့ကို ကြိုးပမ်းဆောင်ရွက် သွားကြရမည် ဖြစ်ကြောင်း၊ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအနေဖြင့် ဒေသထွက် ကုန်များကို အခြေခံပြီး တန်ဖိုးမြှင့် စားသောက်ကုန် (Value Added) များ ထုတ်လုပ်နိုင်ရေးသင်တန်း များ ပို့ချဆောင်ရွက်သွားရမည်ဖြစ် ကြောင်း၊ သင်တန်းအောင်မြင် ပြီး ထူးချွန်သင်တန်းသားများ အတွက် လိုအပ်သည့် အရင်း အနှီး၊ နည်းပညာများ ဆက်လက် ပံ့ပိုးဆောင်ရွက်ပေးရမည် ဖြစ် ကြောင်း၊ ကျေးလက်ရေရရှိရေး၊ မီးလင်းရေး၊ လမ်း၊ တံတားများ ဖွံ့ဖြိုးရေး လုပ်ငန်းများကိုလည်း ဘဏ္ဍာနှစ်အလိုက် အရည်အသွေး ပြည့်မီစွာ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ စံပြကျေးရွာများ ထူထောင်ရေး၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ကို အောင်မြင်အောင် ဆောင်ရွက် ကြရန်နှင့် လုပ်ငန်းများဆောင်ရွက် ရာတွင် မိမိဦးစီးဌာနနှင့်သာ သက်ဆိုင်သည်ဟု သဘောမထား ဘဲ ဦးစီးဌာန လေးခုလုံး ပူးပေါင်း ချိတ်ဆက်ဆောင်ရွက်မှသာ ပိုမို ထိရောက်မြန်ဆန် အောင်မြင်နိုင် မည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ဦးစီးဌာနများမှ တာဝန်ရှိသူများက လုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်း တင်ပြရာ ဝန်ထမ်းများ၏ လုပ်ငန်း လိုအပ်ချက်များအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး ဘောလုံးဒိုင်လူကြီးကော်မတီ ဖွဲ့စည်းတာဝန်ပေး

**မန္တလေး မတ် ၁၉**

မန္တလေးတိုင်းဒေသကြီး ဘောလုံး ဒိုင်လူကြီး ဆပ်ကော်မတီ၏



လုပ်ငန်းညှိနှိုင်းတွေ့ဆုံ မိတ်ဆက် ပွဲကို မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီး ဌာနရုံး အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီး ဌာန ညွှန်ကြားရေးမှူး ဦးစော နေမင်းထွန်းက အမှာစကား ပြောကြားပြီးဘောလုံးအားကစား ပြိုင်ပွဲများတွင် ပူးပေါင်းပါဝင် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး တို့ကို မှာကြား သည်။

ထို့နောက် မန္တလေးတိုင်း ဒေသကြီးဘောလုံးဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးချမ်းငြိမ်းအောင်က မိတ်ဆက်စကားပြောကြားပြီးအဖွဲ့ ဝင် ဘောလုံးဒိုင်လူကြီးများနှင့် တစ်ဦးချင်း မိတ်ဆက်ပေးကာ ၂၀၂၃ ခုနှစ် မန္တလေးတိုင်းဒေသ ကြီး ဘောလုံးဒိုင်ကော်မတီကို နာယက ဦးစိုးကြည်သောင်း၊ ဥက္ကဋ္ဌ ဦးချမ်းငြိမ်းအောင်၊ ဒုတိယ ဥက္ကဋ္ဌ ဦးထွန်းအေး၊ တွဲဖက် အတွင်းရေးမှူး ဦးခင်မောင်သိန်း နှင့် ဦးမြတ်အောင်၊ အတွင်းရေး မှူး ဦးမောင်မောင်လွင်၊ အဖွဲ့ဝင် များအဖြစ် ဦးမြင့်နိုင်၊ ဦးညီမောင်၊ ဦးရဲမြင့်အောင်၊ ဦးလှဝင်း၊ ဦးညွန့် မောင်နှင့် ဦးသန်းတင်တို့ဖြင့် ဖွဲ့စည်း တာဝန်ပေးကြောင်း နှင့် မန္တလေးတိုင်းဒေသကြီး ဒိုင်လူကြီးများကော်မတီ ဒိုင်ကိစ္စ နှင့်ပတ်သက်၍ ဆက်သွယ် ဆောင်ရွက်လိုပါက ဇထူးကွင်း တိုင်းဒေသကြီး အားကစား နှင့် ကာယပညာဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး ဘောလုံး ဒိုင် ဆပ်ကော်မတီရုံးခန်းသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၁၉**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာ ကွက်ကျား မိုးထစ်ချုန်းရွာနိုင် သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ တိမ်အသင့် အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နှင့် လေးမျက်နှာမြို့တို့၌ ဆောင်ရွက်နေသည့် မြစ်ကမ်းပါးပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး





**နေပြည်တော် မတ် ၁၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ ရန်ကင်းစံရာကူးတို့ဆိပ်အောက်ပိုင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုလုပ်ငန်းခွင်နှင့် လေးမျက်နှာမြို့နယ်ရှိ သမိုင်းဝင်စတုမုခထူပါရုံစေတီတော်ကြီး တည်ရှိရာ ကမ်းပါးပြိုကာကွယ်ရေးလုပ်ငန်းခွင်နေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

**နှစ်အလိုက်စီမံချက်ချမှတ်၍ ဆောင်ရွက်နိုင်**

ရှေးဦးစွာ ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ အမှတ်(၃)ရပ်ကွက် ရန်ကင်းစံရာ ကူးတို့ဆိပ်အောက်ပိုင်း၊ ၁၄ လမ်းနှင့် ၁၆ လမ်းအကြား၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုလုပ်ငန်းခွင်သို့ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြို့ကမ်းပါးပြိုကျမှု အန္တရာယ်စိုးရိမ်ရသည့် အခြေအနေ ထပ်မံဖြစ်ပေါ်လာခြင်း မရှိစေရေးအတွက် လက်ရှိဆောင်ရွက်နေသည့် နည်းပညာနှင့် ဒီဇိုင်းအတိုင်း စံချိန်စံညွှန်းပြည့်မီအောင်နှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် စနစ်တကျဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မိုးရာသီမြစ်ရေမတက်မီ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း လုပ်ငန်းများပြီးမြောက်အောင် ဆောင်ရွက်ရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် မြို့ကမ်းနားတစ်လျှောက် ကြိုတင်ကာကွယ်ဆောင်ရွက်သင့်သည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက်လည်း နှစ်အလိုက်စီမံချက်ချမှတ်၍ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး မှာကြားသည်။

**ရေလွှဲရေကာနံရံများ တည်ဆောက်**

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့်အတူ လေးမျက်နှာမြို့နယ်ရှိ သမိုင်းဝင် စတုမုခထူပါရုံစေတီတော်ကြီး တည်ရှိရာကမ်းပါး ဧဝန်မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုကာကွယ်ရေးဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ရောက်ရှိပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တာဝန်ရှိသူက စေတီတော်မြတ်ကြီးအား မြစ်ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန် ဧဝန်မြစ်ရေလမ်းကြောင်း ပြုပြင်ထိန်းသိမ်းရေး ရေလွှဲရေကာနံရံများ တည်ဆောက်ခြင်း၊ သောင်တူးဖော်ခြင်း၊ အခြေထိန်း Bore Pile တည်ဆောက်ခြင်း၊ ကမ်းပါးဆင်ခြေလျှောတွင် Geo Bag များ ချခင်းခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြသည်။

**လေလွင့်မှုမရှိအောင် ကြပ်မတ်ဆောင်ရွက်**

ရှင်းလင်းတင်ပြမှုကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းအတွက် အသုံးပြုနေသည့် လုပ်ငန်းသုံးပစ္စည်းများကို အရည်အသွေးပြည့်မီအောင် သုံးစွဲဆောင်ရွက်ရေး၊ နိုင်ငံတော်ဘဏ္ဍာငွေကျခံသုံးစွဲ ဆောင်ရွက်ပေးနေခြင်းဖြစ်၍ လေလွင့်မှုမရှိအောင် ကြပ်မတ်ဆောင်ရွက်ရေး၊ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေသည့် လုပ်ငန်းများကိုလည်း အထိရောက်ဆုံးသော ရေရှည်ခံနိုင်ရည်ရှိမည့် ဒီဇိုင်းများဖြင့် တီထွင်ဖော်ထုတ် သုံးသပ်ဆောင်ရွက်သွားရေး၊ စေတီတော်အထက်နှင့် အောက်ဘက်ရှိ ရေနက်အိုးများအတွင်း သဲဖြည့်ဆောင်ရွက်ရာတွင် လုပ်ငန်းခွင်နှင့် လိုက်လျောညီထွေမှုရှိပြီး ရေရှည်တည်တံ့မည့် နည်းလမ်းများဖြင့် ဆောင်ရွက်ရေး၊ စေတီတော်အနီး ဧဝန်မြစ်ရေကြောင်းကျဉ်းပြီး ရေနက်ကြောင်းများ ဖြစ်ပေါ်နေမှုကို လျှော့ချနိုင်ရန် ဆောင်ရွက်လျက်ရှိသည့် ရေကြောင်းချဲ့သောင်တူးခြင်းလုပ်ငန်းကို မိုးရာသီမြစ်ရေမတက်မီ ပြီးစီးအောင် ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းမှုကို အလေးထားဆောင်ရွက်စေရေးစသည်တို့ကို မှာကြားပြီးနောက် လုပ်ငန်းခွင်နေရာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို အနုပညာအထက်တန်းကျောင်း(ရန်ကုန်)၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် သင်တန်းဆင်းလက်မှတ်များ ပေးအပ်

**နေပြည်တော် မတ် ၁၉**



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီခွဲတွင် အမျိုးသားဇာတ်ရုံ(ရန်ကုန်)၌ ကျင်းပသည့် အနုပညာအထက်တန်းကျောင်း (ရန်ကုန်)၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် သင်တန်းဆင်းအောင်လက်မှတ်ပေးအပ်ပွဲနှင့် စွမ်းရည်ပြပဒေသာကပွဲသို့ တက်ရောက်သည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုဝန်ကြီးက အနုပညာကျောင်းဆင်း မောင်မယ်များသည် မိမိတို့၏မူလမူရင်းဖြစ်သော မြန်မာ့ရိုးရာကို အခြေခံသော အနုသုခုမပညာရပ်များကို ပိုင်နိုင်စွာ သင်ကြားတတ်မြောက်ကြရမည်ဖြစ်သကဲ့သို့ ခေတ်နှင့်လျော်ညီသည့် နည်းပညာပိုင်းဆိုင်ရာများကို ဆက်စပ်ပေါင်းစည်းဆောင်ရွက်နိုင်ကြရန် အားထုတ်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း။

ဌာနအတွင်း၌ သာမက ပြင်ပအဖွဲ့အစည်း လုပ်ငန်းကုမ္ပဏီများတွင်လည်း အနုပညာ၏ အရေးပါမှုကို ထည့်သွင်းအသုံးချနေပြီဖြစ်ကြောင်း၊ ထိုနည်းတူ ပန်းချီ ပန်းပုပညာရှင်များ၏ ဈေးကွက်ဝင်ပန်းချီပြခန်းများနှင့် ပန်းပုလုပ်ငန်းတို့သည် ပြည်ပပို့ကုန်လုပ်ငန်းအထိ ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်ကြောင်း၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များကို စောင့်ရှောက်ထိန်းသိမ်းမြှင့်တင်သွားကြမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ဦးတည်ချက် ၁၂ ရပ်တွင် ပါဝင်သော "တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး" ဟူသည့်အချက်ကို အလေးအနက်ထားကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းဆင်းကျောင်းသား ကျောင်းသူ ၁၉ ဦးကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး **(ဝဲပုံ)** ကျောင်းဆင်းစွမ်းရည်ပြ ပဒေသာကပွဲကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ် (စီမံ)၊ တာဝန်ရှိသူများနှင့်အတူ သန်လျင်မြို့၊ မင်းကျောင်း ပထမပြန်စာသင်တိုက်၊ ပဓာနနာယက၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ အကျိုးတော်ဆောင် ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသအား သွားရောက်ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများ လျှောက်ထား၍ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်သို့ ရောက်ရှိပြီး ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒအား ဖူးမြော်ကြည်ညိုကာ ကဆုန်လပြည့်နေ့တွင် နေပြည်တော်၌ ကျင်းပမည့် "ဗုဒ္ဓနေ့အခမ်းအနား" ကျင်းပရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပါမောက္ခချုပ်ဆရာတော်အား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

## အောင်မြေသာစံမြို့နယ်အတွင်းရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မတ် ၁၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်အတွင်းရှိ သံဃာတော် ၁၈၆ ပါးနှင့် ဒေသခံပြည်သူ ၁၂၆ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ကမ္ဘာ့ရေနေ့ဆောင်းပါးပြိုင်ပွဲ တတိယဆုရဆောင်းပါး။

# ရေဆိုင်ရာလိုအပ်ချက်များ ဖြည့်ဆည်းရန် အရှိန်အဟုန်မြှင့် ရှေ့သို့ ပြောင်းလဲဆောင်ရွက်ခြင်း

— — *ကိုရဲ (စက်မှု)* — —

**သဘာဝတရား၏ လက်ဆောင်မွန်**

လွန်ခဲ့သော (၁၉) ရာစုခေတ် သိပ္ပံစာရေးဆရာကြီးတစ်ဦးက အနာဂတ်တွင် အရှားပါးဆုံးနှင့် တန်ဖိုးအရှိဆုံးသော သဘာဝအရင်းအမြစ်သည် ရွှေလည်းမဟုတ်၊ ရေနံလည်း မဟုတ်၊ “ရေ”သာ ဖြစ်လာမည်ဟု ကြိုတင်ဟောကိန်းထုတ်ခဲ့ဖူးသည်။ အဆိုပါ ပုဂ္ဂိုလ်ကြီး၏ဟောကိန်းမှာ တစ်နေ့တခြားပိုမိုမှန်ကန်လာကြောင်း တစ်စ တစ်စ တိုးတက်မြင့်မားလာသော ရေဆိုင်ရာလိုအပ်ချက်များအရ အထင်အရှားတွေ့မြင်နိုင်သည်။

“ရေ”ဆိုသည်မှာ မိမိတို့ သက်ရှိလောကအတွက် သဘာဝတရား၏ အကောင်းဆုံးလက်ဆောင်မွန်ဟု ဆို၍ ရနိုင်သည်။ နံနက်မိုးသောက် အလင်းရောက်သည်နှင့်တစ်ပြိုင်နက် လူအပါအဝင် သက်ရှိသတ္တဝါတိုင်း၏ စားသောက်နေထိုင် ပြုမူမှုများသည် ရေနှင့်ကင်းကွာ၍မရပေ။ လူပုဂ္ဂိုလ်တစ်ဦးအနေဖြင့် နံနက်အိပ်ရာထသည်နှင့်တစ်ပြိုင်နက် မျက်နှာသစ်၊ ကိုယ်လက်သန့်စင်သည်မှ အစပြု၍ “ရေ” ကို အသုံးပြုရသည်။ နံနက်စာ စားရာတွင်လည်း ချက်ပြုတ်ထားသော ထမင်း၊ ဟင်း၊ လက်ဖက်ရည်၊ ကော်ဖီ အစရှိသည်တို့တွင်လည်း “ရေ”မပါ၍ မရပေ။ ထိုသို့ စားသောက်နိုင်ရန်အတွက် ဆန်စပါးမှ အစပြု၍ အမျိုးမျိုးသော အစားအသောက်ကုန်ကြမ်းများ စိုက်ပျိုးထုတ်လုပ်ရာတွင်လည်း “ရေ”သည် အဓိကလိုအပ်ချက်ပင်ဖြစ်သည်။ ထို့ပြင် ယနေ့ခေတ်လူမှုဘဝတွင် အရေးပါလှသော လျှပ်စစ်ဓာတ်အားများကို ထုတ်လုပ်ရာတွင်လည်း “ ရေအား လျှပ်စစ်ထုတ်လုပ်ခြင်းကဏ္ဍ” သည် ကုန်ကျစရိတ်သက်သာစွာဖြင့် ပြန်လည်ရရှိနိုင်သော စွမ်းအင် (Renewable Energy) ဖြစ်သည့် အားလျော်စွာ ကမ္ဘာတစ်ဝန်းတွင် တွင်ကျယ်စွာ အသုံးပြုလျက်ရှိပေသည်။ သယ်ယူပို့ဆောင်ရေး အခန်းကဏ္ဍတွင်လည်း မြစ်ချောင်းများမှ အစပြု၍ ပင်လယ်သမုဒ္ဒရာများတွင်ပါ လှေ၊ သင်္ဘောများနှင့် ခရီးသွားလာကုန်သွယ်မှုများ ပြုလုပ်ကြသည်မှာ မြို့ပြယဉ်ကျေးမှုများ အစပြုသည့်ခေတ်မှစ၍ ယနေ့ခေတ်တိုင်အောင်ပင် ဖြစ်ပေသည်။

ကမ္ဘာ့မျက်နှာပြင်၏ ၇၁ ရာခိုင်နှုန်းခန့်ကို ပင်လယ်သမုဒ္ဒရာများဖြင့် ဖုံးလွှမ်းလျက်ရှိသော်လည်း အဆိုပါ ရေထုမှာသောက်သုံး၍ မရသော ဆားငန်ရေများသာဖြစ်ပြီး နှစ်ရာခိုင်နှုန်းမျှသော ကမ္ဘာ့ရေထုသည်သာ ရေချိုအဖြစ်တည်ရှိလျက်ရှိသည်။ အဆိုပါ နှစ်ရာခိုင်နှုန်းမှ ၁ ဒသမ ၆ ရာခိုင်နှုန်းသည် ဝင်ရိုးစွန်းဒေသများတွင် ရေခဲတောင်များအဖြစ် တည်ရှိနေပြီး ၀ ဒသမ ၃၆ ရာခိုင်နှုန်းသော ရေကို မြေအောက်မှ တူးဖော်ရရှိနိုင်သည်။ ထို့ကြောင့် မိမိတို့မျက်မြင် မြစ်ချောင်း၊ အင်းအိုင်များမှ တိုက်ရိုက်အသုံးပြု၍ရသောရေမှာ ရာခိုင်နှုန်းအားဖြင့် လွန်စွာနည်းပါးသော်လည်း ယနေ့ထက်တိုင် လုံလောက်စွာ အသုံးပြုနိုင်သေးသည်မှာ ကံကောင်းလှပေသည်ဟု ဆိုနိုင်သည်။ သို့ရာတွင် တစ်နေ့ထက်တစ်နေ့ များပြားတိုးပွားလာသော ကမ္ဘာ့လူဦးရေနှင့် ရေဆိုင်ရာ လိုအပ်ချက်များအရ မိမိတို့အနေဖြင့် သဘာဝတရား၏ လက်ဆောင်မွန်ကို စည်းကမ်းနည်းလမ်းတကျ စီမံခန့်ခွဲအသုံးပြုရန် လိုအပ်နေပြီဖြစ်ကြောင်း သတိပြုရမည် ဖြစ်ပေသည်။




**မရှိမဖြစ်ရေ(Essential Water)**

“ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်” ဟူသော ဆိုရိုးစကားသည် မိမိတို့ သက်ရှိများအတွက် အကြွင်းမဲ့မှန်ကန်ပေသည်။ သက်ရှိတို့အတွက် အရေးကြီးဆုံး လိုအပ်ချက်မှာ သောက်သုံးရေချိုဖြစ်ပေသည်။ အပင်များနှင့် လူအပါအဝင် သက်ရှိတိုင်းသည် အသက်ရှင်သန်နိုင်ရန်အတွက် အာဟာရဓာတ်များ ရရှိရန်ရေကို အားထားကြရသည်။ လူသားတို့၏ ခန္ဓာကိုယ်တွင်လည်း ရေဓာတ် ၆၀ မှ ၇၀ ရာခိုင်နှုန်းအထိ ပါဝင်လျက်ရှိသည်။ လူအပါအဝင် သက်ရှိသတ္တဝါများသည် မိမိတို့ သောက်သုံးထားသော ရေကို အရေပြားမှ တစ်ဆင့် ‘ချွေး’အဖြစ် စစ်ထုတ်ကာ ခန္ဓာကိုယ် အပူချိန်ကို ထိန်းညှိပေးရသည်။ ရေ၏အကူအညီဖြင့် ‘သွေး’သည် အာဟာရဓာတ်များကို အစာအိမ်မှ တစ်ဆင့် အခြားအင်္ဂါအစိတ်အပိုင်းများသို့ ပို့ဆောင်ပေးရာတွင်လည်းကောင်း၊ အောက်ဆီဂျင်ဓာတ်ကို အဆုတ်မှတစ်ဆင့် ကိုယ်ခန္ဓာသို့ပို့ဆောင်ရာတွင်လည်းကောင်း ဆောင်ရွက်သည်။ ထို့ကြောင့် သက်ရှိတိုင်း သက်ရှိတိုင်းအတွက် ရေသည် မရှိမဖြစ်လိုအပ်သော သဘာဝအရင်းအမြစ်တစ်ခုဟု ဆိုနိုင်ပေသည်။

**စိုက်ပျိုးရေး(Agriculture)**

နေ့စဉ်လူမှုဘဝ စားသောက်မှုအတွက် ဆန်စပါးအပါအဝင် အခြားသော ကောက်ပဲသီးနှံများကို စိုက်ပျိုးကြရာတွင်လည်း ရေသည် မရှိမဖြစ်လိုအပ်ပေသည်။ ယဉ်ကျေးမှုများစွာ မထွန်းကားသေးမီအချိန်များက စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ကြရာတွင် ဒေသအလိုက်၊ ရာသီဥတုအရ ရရှိနိုင်သော ရေပမာဏနှင့် ဖြစ်ထွန်းအောင်မြင်နိုင်သော သီးနှံတို့ကိုသာ စိုက်ပျိုးဆောင်ရွက်ခဲ့ကြရသည်။ ထို့ကြောင့် မြေဆီ၊ မြေဩဇာကောင်းမွန်ပါလျက် ရေလိုအပ်ချက်ကြောင့် အသုံးမဝင်ဖြစ်နေသော မိုးနည်းရေရှား ရပ်ဝန်းဒေသရှိ မြေလွတ်၊ မြေရိုင်းများကို စိုက်ပျိုးဆောင်ရွက်နိုင်ရန် တိုးတက်လာသော အသိဉာဏ်နှင့် နည်းပညာများကို အားပြု၍ ကြိုးပမ်းလာခဲ့ကြသည်။

ကမ္ဘာ့သမိုင်းစဉ်တစ်လျှောက် ပြန်ပြောင်းကြည့်ရလျှင် အီဂျစ်လူမျိုးတို့သည် နိုင်းမြစ်ရေကို ငင်ယူကာ အနီးအနားရှိ စိုက်ခင်းများသို့ ရေသွင်းစိုက်ပျိုးခြင်းမှအစပြု၍ အိန္ဒိယနိုင်ငံတွင်မူ ဂါလန် ၃၀ ဝင် သားရေအိတ်ကြီးများဖြင့် ရေကို ကျွဲ၊ နွားအကူအညီဖြင့် သယ်ယူကာ မြောင်းများမှတစ်ဆင့် စိုက်ပျိုးရေသွင်းခြင်းအဆုံး နည်းမျိုးစုံဖြင့် ရေသွင်းစိုက်ပျိုးခြင်းနည်းလမ်းများကို ကြံဆခဲ့ကြသည်။ မိမိတို့ မြန်မာနိုင်ငံတွင်လည်း ပုဂံခေတ်ကပင် အနော်ရထာမင်း၏ အစီအမံဖြင့် အထက်မြန်မာနိုင်ငံ၊ ကျောက်ဆည်ဒေသကို ‘ လယ်တွင်းကိုးခရိုင်’ ဟု သတ်မှတ်စေပြီး ဆည်မြောင်းကန်ချောင်းများ ဖောက်လုပ်ကာ စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်ကြိုးပမ်းအောင်မြင်ခဲ့ကြောင်း သမိုင်းတွင် အထင်အရှား တွေ့နိုင်ပေသည်။

ယနေ့ခေတ်တွင်လည်း မိမိတို့နိုင်ငံအပါအဝင် နိုင်ငံအသီးသီးမှ အစိုးရတို့သည် ဆည်မြောင်း၊ ကန်ချောင်းများတူးဖော်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း စသည့် လုပ်ငန်းများကို ဘဏ္ဍာငွေအမြောက်အမြားအကုန်အကျခံ၍ စိုက်ပျိုးရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြသည်။ လူအပါအဝင် အခြားသော သက်ရှိသတ္တဝါ အားလုံးအတွက် သောက်သုံးရေကဏ္ဍပြီးနောက် အရေးအကြီးဆုံးမှာ စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးပင် ဖြစ်ပေသည်။

**စက်မှုလုပ်ငန်းသုံးရေ(Industrial Water)**

လူသားနှင့် သက်ရှိကမ္ဘာအတွက်ရေသည် အသက်ရှင်ရန်မရှိမဖြစ် လိုအပ်သော အရင်းအမြစ်ဖြစ်ရုံသာမက စက်မှုလုပ်ငန်းများ အစပြုထွန်းကားလာသည့် (၁၈) ရာစုဝန်းကျင်မှစကာ စက်မှုလုပ်ငန်းများအတွက် ရေအသုံးချမှုနှင့် လိုအပ်ချက်များရှိလာခဲ့သည်။ သတ္တုတူးဖော်ခြင်းလုပ်ငန်းခွင်များ၊ စက်မှုအလုပ်ရုံ၊ စက်ရုံများ၊ ကုန်ကြမ်းပစ္စည်းများ၊ ကုန်ချောပစ္စည်းများ ထုတ်လုပ်ခြင်းများတွင် ရေသည်မပါမဖြစ် အရင်းအမြစ်တစ်ခုဖြစ်လျက်ရှိသည်။ ဥပမာအားဖြင့် အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံများ၊ (ရုပ်ကြွင်းနှင့် နျူကလီးယားစွမ်းအင်) အတွက် အအေးခံရန် ရေကိုထုတ်ယူခြင်းကဲ့သို့ ကိစ္စရပ်များတွင် ရေကို အထူးအသုံးပြုရသည်။ စက်မှုလုပ်ငန်းသုံးရေ(Industrial Water)သည် ပြန်လည် စွန့်ထုတ်ရာတွင် သန့်စင်ခြင်းမရှိဘဲ ရေဆိုးအဖြစ်သာ ပြန်လည်စွန့်ထုတ်နိုင်သဖြင့် ဂေဟစနစ်အတွက် အထူးသတိပြုစရာ ရေအသုံးချမှုတစ်ခုဖြစ်ပေသည်။

**ရေအားလျှပ်စစ် အကောင်အထည်ဖော်ခြင်း (Hydropower Implementation)**

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy)သည် ယနေ့ခေတ်လူမှုဘဝတွင် ပိုမို၍ အရေးပါလျက်ရှိသည်မှာ အားလုံးအသိပင်ဖြစ်ပေသည်။ နေစွမ်းအင် (Solar Power)၊ လေစွမ်းအင် (Wind Power)၊ ရေစွမ်းအင်(Hydro Power)ဟူ၍ ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်အမျိုးမျိုးရှိရာတွင် ရေစွမ်းအင်(Hydro Power)သည် နေ့စဉ်လူမှုဘဝအတွက် လိုအပ်ချက်ဖြစ်သော လျှပ်စစ်ဓာတ်အားများထုတ်လုပ်ရာတွင် စီးပွားရေးအရ တွက်ခြေကိုက်ခြင်း(Economic)၊ ထုတ်လုပ်ရာတွင် အခက်အခဲနည်း၍အခြားသောစွမ်းအင်တို့ထက် ပမာဏများများ ထုတ်လုပ်နိုင်ခြင်း၊ တစ်နည်းအားဖြင့် Reliable Energy ဖြစ်ခြင်းနှင့် ဒေသအတော်များများတွင် အရင်းအမြစ်များ ပေါကြွယ်ဝခြင်း (Rich Resource) တို့ကြောင့် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိသည်။

မိမိတို့နိုင်ငံအနေဖြင့်လည်း လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုသည် နိုင်ငံတော်နှင့် ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်စနစ်ဖြင့် ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ရာတွင် နိုင်ငံတွင်းရှိပြီးဖြစ်သည့် ရေ၊ နေနှင့် လေ စသည့် သန့်ရှင်းသောစွမ်းအင် အရင်းအမြစ်များကို အခြေခံသည့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ခြင်းဖြင့် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိပြီး လူမှုစီးပွားဖွံ့ဖြိုးမှုအထောက်အကူဖြစ်သကဲ့သို့ သဘာဝပတ်ဝန်းကျင်ကို ရေရှည်စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ‘သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့’ အခမ်းအနားတွင် မိန့်ခွန်းပြောကြားခဲ့သည်။

*စာမျက်နှာ ၁၁ သို့*

- **ယနေ့ခေတ်တွင်လည်း မိမိတို့နိုင်ငံအပါအဝင် နိုင်ငံအသီးသီးမှ အစိုးရတို့သည် ဆည်မြောင်း၊ ကန်ချောင်းများတူးဖော်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း စသည့်လုပ်ငန်းများကို ဘဏ္ဍာငွေအမြောက်အမြား အကုန်အကျခံ၍ စိုက်ပျိုးရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြသည်။ လူအပါအဝင် အခြားသော သက်ရှိသတ္တဝါ အားလုံးအတွက် သောက်သုံးရေကဏ္ဍပြီးနောက် အရေးအကြီးဆုံးမှာ စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးပင် ဖြစ်ပေသည်**
- **မိမိတို့နိုင်ငံတွင်လည်း ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ကြရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝတို့အပေါ် သက်ရောက်နိုင်သည့် အခြေအနေ** (Environmental/ Social Impact Assement Result)၊ **ဖွံ့ဖြိုးတိုးတက်မှု** (Development) **နှင့် စီးပွားရေးအရ တွက်ခြေကိုက်မှု**(Economic) **ဟူသည့် အချက် သုံးချက်အပေါ်တွင် အခြေခံ၍ ဘက်စုံလေ့လာပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်**

# မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၏ အသင်းသားစုံညီအစည်းအဝေးကျင်းပ

**ရန်ကုန် မတ် ၁၉**

မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း၏ ပြင်ဆင်ရေးဆွဲထားသော သင်းဖွဲ့စည်းမျဉ်းကို အသင်းသားများမှ အတည်ပြုနိုင်ရန်အတွက် အသင်းသားစုံညီ အထူးအစည်းအဝေးကို မတ် ၁၈ ရက်က ကုန်သည်စက်မှုအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပသည်။

ကုန်သည်စက်မှု အသင်းချုပ်၏ ညီနောင်အသင်းဖြစ်သည့် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များ အသင်း(MYEA) သည် အသင်းမဖြစ်ပေါ်မီ ကုန်သည်စက်မှု အသင်းချုပ်၌ MYEG အဖြစ် ၂၀၀၈ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ရာ ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံအဆင့် အသင်းအဖြစ် ဖွဲ့စည်းခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များ အသင်း၏ဥက္ကဋ္ဌ ဒေါက်တာအောင်သူရက MYEA အသင်း၏ Constitution (သင်းဖွဲ့စည်းမျဉ်း)ကို ပိုပြီးခေတ်မီလာအောင် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ အသင်းထောင်သည့် အချိန်တွင် Regional Association မရှိသေးကြောင်း၊ ယခု Regional Association များအတွက်လည်း ပိုကောင်းအောင် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ MYEA အသင်း၏ Governance Structure ကို နိုင်ငံတကာစံနှုန်းနှင့်အညီ ဖြစ်ရန်လိုအပ်သည်များကို ပြင်ဆင်ရေးဆွဲထားခြင်းဖြစ်ကြောင်း ပြောကြားကာ MYEA အသင်းသည် အာဆီယံဒေသအတွင်းရှိ ASEAN Young Entrepreneurs Association, ASEAN Young Entrepreneurs Council တို့တွင်လည်း အဖွဲ့ဝင်ဖြစ်ကာ ပြည်နယ်နှင့် တိုင်းဒေသကြီးတွင် ဒေသဆိုင်ရာအသင်းငါးခုတို့ဖြင့် ချိတ်ဆက်ဖွဲ့စည်းထားသည်။

MYEA အသင်း၏ ပထမဆုံးဥက္ကဋ္ဌဖြစ်သူ ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဝင်းစည်သူ က " MYEA အသင်းက စီးပွားရေးသာမကနယ်ပယ်ကဏ္ဍစုံမှာရှိတဲ့ လူငယ်စွန့်ဦးတီထွင်လိုစိတ်ရှိတဲ့ လူငယ်တွေကို ဖွဲ့စည်းထားပါတယ်။ အခုလို ၁၅ နှစ်ကျော် သက်တမ်းရှိပြီဖြစ်တဲ့ MYEA အသင်းဟာဆိုရင် ခေတ်အဆက်ဆက်မှာရှိတဲ့ အလုပ်အမှုဆောင် အဆက်ဆက်က ဦးဆောင်မှုအပြင် အသင်းသားတွေက ညီညီညွတ်ညွတ်နဲ့ ပူးပေါင်းပါဝင်လို့ ပုဂ္ဂလိကကဏ္ဍမှာရော နိုင်ငံတော်စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုတွေမှာပါ များစွာအထောက်အကူပြုတာကို တွေ့ရှိရတဲ့အတွက် အသင်းချုပ်က အသိအမှတ်ပြု ဂုဏ်ပြုပါတယ်။ အခု အစည်းအဝေးကလည်း MYEA ရဲ့ သင်းဖွဲ့စည်းမျဉ်းမှာ ပြင်သင့်ပြင်ထိုက်တဲ့ အချက်တွေကို ခေတ်နဲ့လည်းညီ၊ အသင်းအတွက်လည်း အကျိုးရှိထိရောက်မှာ ဖြစ်ပါတယ်" ဟု ပြောသည်။




ယင်း အစည်းအဝေးသို့ ကုန်သည်စက်မှု အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဝင်းစည်သူ၊ အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်၊ တွဲဖက်အထွေထွေ အတွင်းရေးမှူးများဖြစ်ကြသော ဦးကျော်ဒေဝ၊ ဦးအောင်ဇေယျာလွင်၊ ဦးဇော်မင်းသန့်၊ မြန်မာ့အာမခံလုပ်ငန်း၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်စန္ဒာဦး၊ MYEA အသင်းဥက္ကဋ္ဌ ဒေါက်တာ အောင်သူရ၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်လတ်၊ ဒေါက်တာ သဲမြတ်စိုး၊ အထွေထွေ အတွင်းရေးမှူးချုပ် ဦးဝင်းထက်မောင်မောင်၊ အမှုဆောင်များ၊ အသင်းသူ အသင်းသားများ တက်ရောက်ကြောင်း သိရသည်။

**အောင်မြင့်**

**(ပြန်/ဆက်)**

---

*စာမျက်နှာ ၁၀ မှ*

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy)ဟု ဆိုရာတွင် အားလုံးခြုံငုံပါဝင်သော်လည်း အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ရေစွမ်းအင် (Hydro Power)ကို အသုံးပြုခြင်းသည် အခြားစွမ်းအင်ထုတ်လုပ်မှုများထက် ကုန်ကျစရိတ်နည်း၍ ပိုမိုအကျိုး ဖြစ်ထွန်းစေသည်။ ရေစွမ်းအင်သည် တစ်နည်းအားဖြင့် သန့်ရှင်းသော စွမ်းအင်(Clean Energy)ဖြစ်ပြီး မိမိတို့နိုင်ငံတွင်လည်း ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ကြရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝတို့အပေါ် သက်ရောက်နိုင်သည့် အခြေအနေ (Environ-mental/ Social Impact Assement Result)၊ ဖွံ့ဖြိုးတိုးတက်မှု (Development) နှင့် စီးပွားရေးအရ တွက်ခြေကိုက်မှု(Economic)ဟူသည့် အချက်သုံးချက်အပေါ်တွင် အခြေခံ၍ ဘက်စုံလေ့လာပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ မိမိတို့နိုင်ငံတွင်ရှိသော ရေအရင်းအမြစ် အချက်အလက်များအရ အမှန်တကယ် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှုမှာ (100000MW)ခန့်အထိ ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်း၍ရပြီး စူးစမ်းလေ့လာဆဲ ရေအရင်းအမြစ်များမှ ထုတ်လုပ်နိုင်မှုမှာ (45000 MW) ခန့်ဟု တွက်ချက်ခန့်မှန်းနိုင်သည်။ တည်ဆောက်ဆဲစီမံကိန်းများမှ (MW1800)ကျော် ထုတ်လုပ်နိုင်တော့မည်ဖြစ်သည်။ လက်ရှိတွင် (3340.924MW)ကို ရေအား(Hydropower)ဖြင့် ထုတ်လုပ်သုံးစွဲလျက်ရှိသည်။ ထို့ကြောင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍတွင် ရေစွမ်းအင်အသုံးပြုခြင်း(Hydro Power)ကဏ္ဍမှာ အထူးပင်အရေးကြီးလှပြီး နောင်အနာဂတ်တွင်လည်း မိမိတို့နိုင်ငံအပါအဝင် နိုင်ငံအတော်များများ၌ လူမှုဘဝလိုအပ်ချက်များအရ ဆက်လက်အကောင်အထည်ဖော်ကြရဦးမည်သာဖြစ်သည်။ ရေစွမ်းအင်(Hydro power)ဖြင့် စွမ်းအင်ထုတ်လုပ်ခြင်းသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်ပြီး ဂေဟစနစ်အပေါ် သက်ရောက်မှုနည်းပါးသော်လည်း နေ့စဉ်မြင့်တက်လာနေသော ကမ္ဘာ့လူဦးရေနှင့် အခြားသောကဏ္ဍများရှိ ရေဆိုင်ရာလိုအပ်ချက်များအရ ပိုမို၍ ကောင်းမွန်သော စည်းကမ်းနည်းလမ်းတကျ စီမံခန့်ခွဲမှုများဖြင့် အသုံးပြုထုတ်လုပ်ကြရမည်ဖြစ်ကြောင်းလည်း သတိပြုရပေမည်။

### ရေဆိုင်ရာလိုအပ်ချက်များ မြင့်မားလာခြင်း

'ရေသည် ကုန်ပစ္စည်းမဟုတ်၊ တစ်လောကလုံး၏ အမှတ်သင်္ကေတ၊ အသက်နှင့် ကျန်းမာရေး၏ အရင်းအမြစ်ဖြစ်သည်' ဟု ဆိုရိုးစကားရှိသည်။ အထက်တွင်ဖော်ပြခဲ့သော ရည်ရွယ်ချက်များအတိုင်း လူသားနှင့်သက်ရှိကမ္ဘာသည် ရေအရင်းအမြစ်များကို ထုတ်ယူသုံးစွဲလျက်ရှိကြသည်မှာ တစ်နှစ်လျှင် လေးထရီလီယံကုဗမီတာ(4 Trillion 3 m )ထိပင် ရှိလာနေပြီဖြစ်သည်။ တွက်ချက်မှုများအရ လာမည့် ၂၀၅၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ယခုလက်ရှိရေလိုအပ်ချက်ထက် ပိုမို၍ ၂၀ မှ ၃၀ ရာခိုင်နှုန်းအထိ တိုးမြင့်လာနိုင်သည်ဟု ပညာရှင်များက ခန့်မှန်းကြသည်။

ရေဆိုင်ရာလိုအပ်ချက်များ မြင့်မားလာနေခြင်းမှာ တစ်စ တစ်စတိုးတက်လာသော ကမ္ဘာ့လူဦးရေ အခြေအနေ၊ ခေတ်မီတိုးတက်လာသည်နှင့်အမျှ ကာဗွန်ထုတ်လုပ်သုံးစွဲမှုမြင့်မားလာပြီး ရာသီဥတုများ ပြောင်းလဲကာ ရေသံသရာလည်ခြင်းကဲ့သို့ ဂေဟစနစ်များ ထိခိုက်စေခြင်း၊ ရေအရင်းအမြစ်များကို စည်းကမ်းနည်းလမ်းတကျစီမံခန့်ခွဲ သုံးစွဲနိုင်မှုအားနည်းခြင်းတို့ကြောင့်ပင်ဖြစ်ပေသည်။

### လိုအပ်ချက်များ ဖြည့်ဆည်းရန် ပြောင်းလဲဆောင်ရွက်ခြင်း

ရေဆိုင်ရာလိုအပ်ချက်များ တစ်နှစ်ထက်တစ်နှစ် မြင့်မားလာသည်နှင့်အမျှ ၎င်းလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် နေ့စဉ်လူမှုဘဝရေသုံးစွဲမှုနှင့် ရေအရင်းအမြစ်များကို စည်းကမ်းနည်းလမ်းတကျ ခွဲဝေကြရာတွင် အရှိန်အဟုန်မြှင့် ရှေ့သို့ ပြောင်းလဲဆောင်ရွက်ရန် လိုအပ်လျက်ရှိပြီဖြစ်ကြောင်းကို ယခုနှစ် ကမ္ဘာ့ရေနေ့(World Water Day) အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သော "အရှိန်အဟုန်မြှင့် ရှေ့သို့ကြိုးပမ်းပြောင်းလဲ ဆောင်ရွက်ခြင်း (Accelcration Charges)" ဟူသည့် ဆောင်ပုဒ်က မီးမောင်းထိုးပြလျက်ရှိပေသည်။

အဆိုပါ ကမ္ဘာ့ရေနေ့ကို မတ် ၂၂ ရက်တိုင်း ၁၉၉၃ ခုနှစ်မှစတင်၍ ရေနှင့် ဆက်စပ်သော အကြောင်းအရာ ပြဿနာများကို မတူကွဲပြားသည့်နည်းလမ်းများဖြင့် ဖြေရှင်းကြရန်၊ ရေဆိုင်ရာလိုအပ်ချက်များ၊ ရေအရင်းအမြစ်များ ထိန်းသိမ်းရန် လိုအပ်ချက်များ သတိပြုမိကြစေရန် စသည့် ရည်ရွယ်ချက်များဖြင့် နှစ်စဉ်ကျင်းပခဲ့ကြသည်။ ယခုနှစ်တွင်လည်း မိမိတို့၏ နေ့စဉ်လူမှုဘဝတွင် ရေကိုအသုံးပြု သောက်သုံးခြင်းနှင့် စီမံခန့်ခွဲသည့်နည်းလမ်းများကို ပြောင်းလဲလုပ်ဆောင်ရာ "Be the change you want see in the world" ဟူ၍ တိုက်တွန်းနှိုးဆော်ထားသည်။

မိမိတို့ မြန်မာနိုင်ငံအနေဖြင့်လည်း ၂၀၁၄ ခုနှစ်မှစ၍ ကိုဗစ်-၁၉ ရောဂါ မတိုင်မီ ၂၀၁၉ ခုနှစ်အထိ (၆) ကြိမ်တိုင်အောင် နှစ်စဉ်ကျင်းပခဲ့ပြီး ယနေ့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်တွင် "အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ" (National Water Resources Committee)ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် ပြန်လည်ဖွဲ့စည်းကာ တစ်နိုင်ငံလုံးအတိုင်းအတာ လွှမ်းခြုံသည့် ရေအရင်းအမြစ်များ စီမံဆောင်ရွက်နိုင်ရန် ဦးတည်ကြိုးပမ်းလျက်ရှိပေသည်။ မြန်မာနိုင်ငံ၏ ကြွယ်ဝလှသော ရေသယံဇာတများကို စနစ်တကျ စီမံခန့်ခွဲနိုင်ရန် ရည်ရွယ်လျက် စီမံအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ ဥပဒေများ စိစစ်ခြင်း၊ မူလအစိုးရဌာန အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ပူးပေါင်းခြင်းတို့ကို အဆိုပါ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီက ဦးဆောင်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါကော်မတီမှပင် ရေကိုအခြေပြု၍ တရားမျှတသော ရေခွဲဝေမှုစနစ်၊ ပွင့်လင်းမြင်သာမှုရှိသည့် ဘက်စုံရေစီမံခန့်ခွဲမှုစနစ်တို့ မြန်မာနိုင်ငံ၌ ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်သော ကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ရေအရင်းအမြစ်ကို ကဏ္ဍစုံတွင် အကျိုးထိရောက်စွာ သုံးစွဲနိုင်ရေး၊ ရေညစ်ညမ်းမှုကာကွယ်လျော့ပါးစေရေးနှင့် လေလွင့်ဆုံးရှုံးမှုများနည်းနိုင်သမျှ နည်းပါးစေရေးတို့ကိုလည်း အလေးထားဆောင်ရွက်လျက်ရှိသည်။ ရေသယံဇာတနှင့် ဆက်စပ်သောမူလ အစိုးရဌာန အဖွဲ့အစည်းများမှလည်း အမျိုးသားအကျိုးစီးပွားကို ရှေးရှု၍ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ မထိခိုက်စေရန် ရည်ရွယ်လျက် ပူးပေါင်းကြိုးပမ်း ဆောင်ရွက်လျက်ရှိပေသည်။

### ရေဓာတ်ပြည့်ဝသော အနာဂတ်ကမ္ဘာသစ်ဆီသို့

"Never Waste even a drop of water no water, no life and no blue, no green" ဟု ဆိုရိုးအတိုင်း ရေတစ်စက်၊ ရေတစ်ပေါက်မျှပင် အကျိုးမဲ့ဆုံးရှုံးမခံသင့်ပေ။ ရေမရှိလျှင် သက်ရှိတို့ အသက်ရှင်နေထိုင်ရန် မဖြစ်နိုင်သလို ကမ္ဘာမြေပေါ်တွင် အေးချမ်းသော အပြာရောင်နှင့် စိမ်းလန်းလတ်ဆတ်သော အစိမ်းရောင်များ မြင်တွေ့နိုင်ရန် မဖြစ်နိုင်ပေ။

သဘာဝတရား၏ အကောင်းဆုံးလက်ဆောင်မွန်ဟု ဆိုရမည့် "ရေအရင်းအမြစ်"သည် ရှေးနှစ်ပေါင်းများစွာ ကမ္ဘာတည်သည့်အချိန်မှစ၍ ယနေ့တိုင်အောင် လူသားနှင့် သက်ရှိကမ္ဘာကို အကျိုးပြုခဲ့၊ အကျိုးပြုဆဲ၊ အကျိုးပြုနေဦးမည်သာဖြစ်သည်။ ကမ္ဘာပေါ်ရှိ သက်ရှိသတ္တဝါများထဲတွင် အသိဉာဏ်ပညာနှင့် မြော်မြင်ဆင်ခြင်တုံတရား အမြင့်မားဆုံးဖြစ်သည့် မိမိတို့လူသားများသည် ရေအရင်းအမြစ်ကို ပိုမိုတန်ဖိုးထားလေးစား၍ စည်းကမ်းနည်းလမ်းတကျ သုံးစွဲသင့်ပေသည်။ မိမိတို့လူသားအချို့၏ အမြော်အမြင်နည်းပါးစွာဖြင့် စည်းကမ်းနည်းလမ်းမဲ့စွာ သုံးစွဲမှုတို့ကြောင့်လည်းကောင်း၊ စွန့်ပစ်ပစ္စည်းများနှင့် ခေတ်မီတိုးတက်လာသော လူ့အဖွဲ့အစည်း၏ ကာဗွန်နှင့်အခြား မလိုလားအပ်သော ဓာတ်ငွေ့ထုတ်လုပ်မှုများကြောင့်လည်းကောင်း၊ ကမ္ဘာ့ရေထုကို ညစ်ညမ်းစေပြီး ရေဆိုင်ရာလိုအပ်ချက်များ ပိုမိုမြင့်တက်စေကာ ရေသံသရာကဲ့သို့ ဂေဟစနစ်များကိုလည်း များစွာထိခိုက်စေခဲ့ပြီး ဖြစ်သည်။ ရှေ့ဆက်၍ မိမိတို့အနေဖြင့် ရေဆိုင်ရာလိုအပ်ချက်များ မြင့်တက်လာမှု လျော့ကျစေရန်နှင့် မဖြစ်မနေ ကဏ္ဍအသီးသီးတွင် ဖြည့်ဆည်းပေးရမည့် ရေဆိုင်ရာလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် အရှိန်အဟုန်မြှင့် ပြောင်းလဲဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်းနှင့် မိမိတို့တစ်ဦးချင်းစီ၏ လူမှုဘဝနေထိုင်မှုပုံစံများနှင့် ရေသုံးစွဲမှုပမာဏများကိုလည်း ဂရုပြုစီမံခန့်ခွဲကြစေလိုကြောင်း တိုက်တွန်းနှိုးဆော်ရင်း ၂၀၂၃ ခုနှစ် မတ် ၂၂ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ရေနေ့ (World Water Day)ကို ဂုဏ်ပြုကြိုဆိုရေးသားလိုက်ရပါသည်။ ။

# ငါးများအတွက် လိုအပ်သော ဗီတာမင်နှင့် သတ္တုဓာတ်များပါဝင်သည့် အားဖြည့်အမှုန့်များ စမ်းသပ်နေသည့်လုပ်ငန်းစဉ်များကို အောက်တိုဘာလတွင် ပြီးစီးအောင်ဆောင်ရွက်သွားမည်



**နေပြည်တော် မတ် ၁၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌသည် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ ရွှေမူယင်း ငါးမွေးမြူရေးကန်သို့ ရောက်ရှိစစ်ဆေးစဉ် **“အခြားလိုအပ်သည့် ဗီတာမင်များ အပါအဝင် တိရစ္ဆာန်ဆေးဝါးများ ရရှိရေးအတွက်လည်း ဆေးဝါးစက်ရုံများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်”** လမ်းညွှန်မှုပြုထားသဖြင့် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ သုတေသနဌာနတွင် ငါးအစာတောင့်အတွင်း ထည့်သွင်းမည့် ဗီတာမင်နှင့် သတ္တုဓာတ်များပါဝင်သော အားဖြည့်အမှုန့် (Premix) များကို စမ်းသပ်သုတေသနပြု ထုတ်လုပ်နေမှုတို့ကို စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှု စစ်ဆေးသည်။ **(အပေါ်ယာပုံ)**

ရှေးဦးစွာ သုတေသနဌာန အစည်းအဝေးခန်းမ၌ အထွေထွေမန်နေဂျာက သုတေသနလုပ်ငန်းများဆောင်ရွက်နေမှုနှင့်ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြည်သူလူထုအတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန်နှင့် တိရစ္ဆာန်များအတွက် လိုအပ်သော ဆေးဝါးများနှင့် အားဖြည့်အစာများ ထုတ်လုပ်နိုင်ရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊ ငါးများအတွက် လိုအပ်သော ဗီတာမင်နှင့် သတ္တုဓာတ်များပါဝင်သည့် အားဖြည့်အမှုန့်များကို စီးပွားဖြစ် ထုတ်လုပ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများကို လျင်လျင်မြန်မြန်ဆောင်ရွက်ရန်၊ မိမိတို့ ထုတ်လုပ်သော အားဖြည့်အမှုန့်များသည် ငါးများအတွက် အမှန်တကယ်အကျိုးထိရောက်မှု ရှိ/မရှိ ကိုလည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်းမြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှလည်း သုတေသနလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်၍ ကြိုတင်ညှိနှိုင်းထားရန်၊ သုတေသနလုပ်ငန်းများသည် ကုသိုလ်လည်းရ ဝမ်းလည်းဝသည့် လုပ်ငန်းဖြစ်၍ စိတ်ပါဝင်စားစွာဖြင့် အစွမ်းကုန် ကြိုးစားဆောင်ရွက်ကြရန်၊ ဘဏ္ဍာရေးနှစ် တစ်ခုအတွင်း သုတေသနပြုလုပ်မည့် အခြေအနေများကို အစီအမံများ ရေးဆွဲဆောင်ရွက်ရန်မှာကြားပြီး ငါးများအတွက် လိုအပ်သော ဗီတာမင်နှင့် သတ္တုဓာတ်များပါဝင်သည့် အားဖြည့်အမှုန့်များ စမ်းသပ်နေသည့် လုပ်ငန်းစဉ် အဆင့်ဆင့်တို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ငါးများအတွက် လိုအပ်သော ဗီတာမင်နှင့် သတ္တုဓာတ်များ ပါဝင်သည့် အားဖြည့်အမှုန့်များ စမ်းသပ်နေသည့် လုပ်ငန်းစဉ်များကို အောက်တိုဘာလတွင် ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။ ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း Vitamin ဆေးပြား၊ HIV ကုသဆေးနှင့် ကင်ဆာရောဂါကုသဆေး၊ တိုင်းရင်းဆေးအနေဖြင့် ဆေးခါးကြီးနှင့် ဗီတာမင်စီအတွက် ဆီးဖြူသီးမှ ဆေးထုတ်လုပ်နိုင်ရေးကိုလည်း သုတေသနပြုလျက်ရှိသည်။

၂၀၂၃-၂၀၂၄ ခုနှစ်အတွက် ဘေးထွက်ဆိုးကျိုး လျော့နည်းစေပြီး ပိုမိုထိရောက်သော ဆီးချိုပျောက်ဆေး (Metformin + Sitagliptin Tablet) ကို ထုတ်လုပ်နိုင်ရေး သုတေသနပြုဆောင်ရွက်သွားမည်ဖြစ်သည်။ တစ်ဖက်တွင်လည်း MSMEs လုပ်ငန်းရှင်များ FDA လိုင်စင် ရရှိရေးအတွက် ၎င်းတို့၏ ထုတ်ကုန်များကို စားသောက်ကုန် ဓာတုဓာတ်ခွဲခန်းတွင် စားသောက်ကုန်စမ်းသပ်ချက် ၂၈ မျိုးနှင့် အဏုဇီဝ ဓာတ်ခွဲစမ်းသပ်ချက် လေးမျိုးတို့ကို ဓာတ်ခွဲစမ်းသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးဝါးစက်ရုံ (အင်းစိန်) သို့ရောက်ရှိပြီး စက်ရုံသမိုင်းပြခန်း တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်နှင့် တည်ဆောက်ပြီးစီးမှုကို Third Party ဖြင့် စစ်ဆေးရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စက်ရုံအစည်းအဝေးခန်းမ၌ အရာထမ်းများနှင့်တွေ့ဆုံပြီး အများပြည်သူများ အားကိုးရသည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်အောင် ပြုမူနေထိုင်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်းဆင်း

**ရန်ကုန် မတ် ၁၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူး သင်တန်း(၁/၂၀၂၃) သင်တန်းဆင်းပွဲကို မတ် ၁၇ ရက် က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ရန်ကုန်)၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူနိုင်က မူးယစ်ဆေးဖြတ်ပြီးသူများ မူးယစ်ဆေး ပြန်လည်မသုံးစွဲမိစေရန် စေတနာ့ဝန်ထမ်းကြီးကြပ်ရေးမှူးများ၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း၊ မူးယစ်ဆေးဝါး အသိပညာပေးလုပ်ငန်းစဉ်များကို ရပ်ရွာထဲတွင် ကူညီဆောင်ရွက်ပေးရန်လိုကြောင်း ပြောကြားပြီး ပြန်လည်ထူထောင်ရေးဦးစီးဌာန မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ရန်ကုန်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ဆွေလှိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဦးစီးမှူး၊ လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ကြသည်။ သင်တန်းကို မတ် ၁၃ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၂၀ တက်ရောက်ကြောင်း သိရသည်။

**အာကာလင်း**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၅၇၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မတ် ၁၉**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိပါသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ မတ် ၂၀ ရက်မှ ၂၇ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၄၅၇၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပါသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၁၉**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ပုဏ္ဏားစုရပ်ကွက်နေ ဟိန်းအောင်(ခ)ဟိန်းထက်သည် ၎င်းအသုံးပြုသည့် “Hein Aung” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (စ)ရပ်ကွက်နေ တင်မင်းထွန်းသည် ၎င်းအသုံးပြုသည့် “Tin Min Htun” Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာနေ သောင်းအေး(ခ)ထွေးကြီးသည် ၎င်းအသုံးပြုသည့် “မောင်ထွေး မောင်ထွေး” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဂါဇာဒေသမှ ဒုံးကျည်ပစ်ခတ်မှု အစ္စရေးနိုင်ငံတောင်ပိုင်းသို့ ကျရောက်

**ဂျေရုဆလင် မတ် ၁၉**

ဂါဇာကမ်းမြောင်ဒေသမှ ပစ်ခတ်လိုက်သည့်ဒုံးကျည်မှာ အစ္စရေးနိုင်ငံတောင်ပိုင်းသို့ မတ် ၁၈ ရက်က ကျရောက်ခဲ့သည်ဟု အစ္စရေးတပ်ဖွဲ့က ပြောသည်။

မည်သည့်အဖွဲ့အစည်းက ပစ်ခတ်ခြင်းဖြစ်ကြောင်းနှင့် ထိခိုက်မှုများ အခြေအနေကို မသိရသေးချေ။ ပါလက်စတိုင်းနှင့် အစ္စရေးတို့ကြား တင်းမာမှုများ မြင့်တက်နေချိန်တွင် ယခုလို ဒုံးကျည်ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယခုနှစ်အစောပိုင်းမှ စတင်ကာ ပါလက်စတိုင်းစစ်သွေးကြွများ တိုက်ခိုက်မှုကြောင့် အစ္စရေး ၁၄ ဦး သေဆုံးခဲ့ရပြီးနောက် အစ္စရေးတပ်ဖွဲ့ဝင်များလက်ချက်ဖြင့် ပါလက်စတိုင်း ၈၀ ကျော် သေဆုံးခဲ့ပြီးဖြစ်သည်။

ယခုသီတင်းပတ် အစောပိုင်းကလည်း အနောက်ဘက်ကမ်းရှိ ဂျန်နင်မြို့တွင် အစ္စရေးစစ်တပ်၏ စီးနင်းတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းလေးဦး အသက်ဆုံးရှုံးခဲ့ရသည်။ ယင်းသို့ စီးနင်းတိုက်ခိုက်မှုပြီးနောက် ပါလက်စတိုင်း စစ်သွေးကြွများက လက်စားချေတုံ့ပြန်မှုပြုလုပ်သွားမည်ဟု ပြောကြားခဲ့သည်။ မကြာမီရက်များအတွင်း



နှစ်ဖက်ကြားတင်းမာမှုများ ပို၍ဖြစ်ပေါ်လာမည်ဟုလည်း ခန့်မှန်းထားကြသည်။

ဆင်ဟွာ

# ဆီးရီးယားသမ္မတ ဘတ်ရှာအယ်အာဆက် အာရပ်စော်ဘွားများ ပြည်ထောင်စုသို့ သွားရောက်


**ဒမတ်စကတ် မတ် ၁၉**

ဆီးရီးယားသမ္မတ ဘတ်ရှာအယ်အာဆက်သည် ၎င်း၏ ဇနီး အက်စ်မာအာဆက်နှင့်အတူ အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)သို့ မတ် ၁၉ ရက်တွင် နိုင်ငံတော်ခရီးစဉ် သွားရောက်ကြောင်း ဆီးရီးယားသမ္မတနှင့် ယူအေအီးတရားဝင် ဒဗလျူအေအမ်သတင်းအေဂျင်စီက ဖော်ပြထားသည်။

ဆီးရီးယားသမ္မတနှင့် ၎င်း၏ ဇနီးသည် ယူအေအီးနိုင်ငံ မြို့တော်အဘူဒါဘီသို့ ရောက်ရှိစဉ် ယူအေအီးသမ္မတ ရှိတ် မူဟာမက် ဘင်ဇာရက်ဒ် အယ်နာယန်က က လက်ခံကြိုဆိုခဲ့ကြောင်း သိရသည်။

သမ္မတအိမ်တော်၌ တွေ့ဆုံစဉ် နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရန်နည်းလမ်းများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆင်ဟွာ



# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဘတ်စ်ကားတစ်စီး မြောင်းအတွင်းပြုတ်ကျမှုကြောင့် ၁၇ ဦးထက်မနည်း သေဆုံး

**ဒါကာ မတ် ၁၉**

မြို့တော်ဒါကာ၏ တောင်ဘက် ၆၃ ကီလိုမီတာအကွာရှိ ဘင်္ဂလားဒေ့ရှ်အလယ်ပိုင်း မာဒါရီပူခရိုင်တွင် မတ် ၁၉ ရက်တွင် ခရီးသည်တင် ဘတ်စ်ကားတစ်စီး မြောင်းအတွင်း ပြုတ်ကျမှုဖြစ်ပွားရာ လူ ၁၇ ဦးထက်မနည်း သေဆုံးပြီး အခြား ၂၆ ဦး ဒဏ်ရာရရှိကြောင်း သိရသည်။

ခရီးသည်တင်ဘတ်စ်ကားမှာ လမ်းဘေးမြောင်းတစ်ခုအတွင်း ပြုတ်ကျရာ အခင်းဖြစ်ပွားရာနေရာတွင် လူ ၁၄ ဦး သေဆုံးပြီး ၂၆ ဦး ဒဏ်ရာရရှိကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ အရာရှိတစ်ဦးဖြစ်သူ အဗ္ဗဒူလာဟယ် ဘာကီက ပြောကြားသည်။ အခြားဒဏ်ရာရရှိသူ သုံးဦးမှာ ဒေသတွင်းဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးသွားခဲ့ကြောင်း ၎င်းက ပြောကြားသည်။



အမြန်လမ်းပေါ်၌ ဒေသစံတော်ချိန် နံနက် ၇ နာရီခွဲခန့်တွင် ယာဉ်မောင်းနှင်သူမှာ ယာဉ်ကို အရှိန်မထိန်းနိုင်ဘဲ မြောင်းအတွင်းသို့ ထိုးကျခြင်းဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# သီရိလင်္ကာနိုင်ငံအား ကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံ ထောက်ပံ့မှု အိုင်အမ်အက်ဖ် အတည်ပြု

**ကိုလံဘို မတ် ၁၉**

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) က မတ် ၂၀ ရက်တွင် သီရိလင်္ကာနိုင်ငံအား အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံ အကူအညီပေးမှုကို အတည်ပြုပေးတော့မည်ဖြစ်သည့်အတွက် သီရိလင်္ကာ ဗဟိုဘဏ်အုပ်ချုပ်ရေးမှူး နန်ဒါလယ်ဝီရာဆင်းဂီက နိုင်ငံ၏ ဒေါ်လာအကျပ်အတည်း ပြီးဆုံးသွားပြီဖြစ်ကြောင်း မတ် ၁၉ ရက်တွင် မီဒီယာသို့ ပြောသည်။

ထို့ကြောင့် သီရိလင်္ကာနိုင်ငံသည် မရှိမဖြစ် ကဏ္ဍများတွင် သွင်းကုန်များ တင်သွင်းနိုင်ရေးအတွက် နိုင်ငံခြားအရန်ငွေ လုံလောက်မှုရှိလာတော့မည်ဖြစ်သည်။ အိုင်အမ်အက်ဖ်၏ထောက်ပံ့မှုသည် ရင်းနှီးမြှုပ်နှံသူများ၏ ရပ်တည်ချက်ကို မြှင့်တင်ပေးဖြစ်သည်။

အိုင်အမ်အက်ဖ်၏ ထောက်ပံ့မှုတွင် သီရိလင်္ကာအစိုးရအား ရသုံးငွေစာရင်းဆိုင်ရာ ထောက်ပံ့မှု ပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။ သီရိလင်္ကာနိုင်ငံသည် ပြင်းထန်သော စီးပွားရေးရိုက်ခတ်မှု အကြီးအကျယ်ခံရပြီးနောက် နိုင်ငံတကာငွေချေးသူများနှင့် ညှိနှိုင်းဆွေးနွေးမှုများကို ၂၀၂၂ ခုနှစ်တွင် စတင်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# ဂျပန်လေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်နှင့် အမေရိကန်လေတပ်တို့ ပူးတွဲစစ်ရေးလေ့ကျင့်

**တိုကျို မတ် ၁၉**

ဂျပန်လေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်နှင့် အမေရိကန်လေတပ်တို့ မတ် ၁၉ ရက်က ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။

ဂျပန်နိုင်ငံမှ အက်ဖ် - ၁၅ ဂျက် တိုက်လေယာဉ်များ၊ အမေရိကန်မှ ဘီ - ၁ ဗုံးကြဲလေယာဉ်များနှင့် အက်ဖ် - ၁၆ တိုက်လေယာဉ်များ အပါအဝင် စုစုပေါင်း လေယာဉ် ၁၀ စင်းဖြင့် စစ်ရေးလေ့ကျင့်မှုကို ဂျပန်ပင်လယ်ပြင်အထက်၌ ပြုလုပ်ခဲ့ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။ ထို့အပြင် ဂျပန်ရေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့နှင့် အမေရိကန်ရေတပ်တို့သည်လည်း ဒုံးကျည်ခြေရာခံစနစ် တပ်ဆင်ထားသော သင်္ဘောများဖြင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို မတ် ၁၈ ရက်နှင့် ၁၉ ရက်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# အမေရိကန်မှ အီရတ်ကိုကျူးကျော်ခြင်း နှစ် ၂၀ ပြည့် အထိမ်းအမှတ် ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်း၌ စစ်ပွဲဆန့်ကျင်ရေးဆန္ဒပြ

**ဆန်ဒီရာဂို မတ် ၁၉**

အမေရိကန်မှ အီရတ်ကိုကျူးကျော်ခြင်း နှစ် ၂၀ ပြည့် အထိမ်းအမှတ်အဖြစ် လော့စ်အိန်ဂျလိစ်နှင့် ဆန်ဒီယာဂိုတို့တွင် မတ် ၁၈ ရက်က စစ်ပွဲဆန့်ကျင်ရေးအဖွဲ့အစည်းများ စုဝေးဆန္ဒပြခဲ့ကြသည်။

စစ်ပွဲများ ရပ်တန့်ရေးနှင့် လူမျိုးရေးခွဲခြားမှုများ ရပ်တန့်ရေး လှုပ်ရှားမှုအဖွဲ့အစည်းနှင့် အခြားသော လူ့အခွင့်အရေးအုပ်စုများက စစ်ပွဲများရပ်တန့်ရေး တစ်နိုင်ငံလုံးအနှံ့ စုဝေးပွဲများပြုလုပ်စဉ် ယခုကဲ့သို့ လှုပ်ရှားမှုပေါ်ပေါက်လာခြင်းဖြစ်သည်။ ဆန္ဒပြသူများသည် လူများ၏ လိုအပ်ချက်အတွက် ရန်ပုံငွေသာပေးပါ။ စစ်လက်နက်များမပေးပါနှင့်။ ဗုံးများထုတ်လုပ်မည့်အစား စာသင်ကျောင်းများဆောက်ပါ ဟူသော စာတန်းများ ကိုင်ဆောင်ထားကြသည်။ ထို့ပြင် ပညာရေးနှင့် အလုပ်အကိုင်အတွက်သာ ပိုက်ဆံပေးပါ။ စစ်ပွဲများအတွက် မဟုတ်ပါဟူ၍လည်းကြွေးကြော်ခဲ့ကြသည်။ လော့စ်အိန်ဂျလိစ်တွင်လည်း အလားတူ ချီတက်ဆန္ဒပြပွဲများ ပြုလုပ်ခဲ့ကြသည်ဟု သိရသည်။

ဆင်ဟွာ

# တိုကျိုမြို့၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၅၄၉ ဦးတွေ့ရှိ



**တိုကျို မတ် ၁၉**

တိုကျိုမြို့၌ မတ် ၁၉ ရက်တွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၅၄၉ ဦး တွေ့ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

အဆိုပါ နေ့စဉ်ကူးစက်မှုနှုန်းမှာ ပြီးခဲ့သည့် သီတင်းပတ်ကထက် ၅၇ ဦး လျော့နည်းသွားကြောင်း သိရသည်။ မြို့တော်တိုကျိုတွင် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ နှစ်ဦးရှိကြောင်း ဝန်ကြီးဌာနက ဖော်ပြထားသည်။

ဂျပန်နိုင်ငံတစ်ဝန်း မတ် ၁၉ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူသစ် ၅၉၃၈ ဦးရှိပြီး အဆိုပါ ရောဂါကြောင့် ထပ်မံသေဆုံးသူ ၃၄ ဦးရှိကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါ အိန္ဒိယနိုင်ငံသို့ သွားရောက်မည်

**တိုကျို မတ် ၁၉**

ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါ သည် ဝန်ကြီးချုပ် နာရန်ဒရာ မိုဒီ နှင့် တွေ့ဆုံရန် အိန္ဒိယနိုင်ငံသို့ သွားရောက်မည်ဖြစ်ပြီး ကမ္ဘာလုံး ဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်း ပါဝင်ရေး တောင်းဆိုသွားဖွယ်ရှိ ကြောင်း သိရသည်။



ယခုနှစ်တွင် ဂျပန်နိုင်ငံသည် ဂျီ-၇ ဥက္ကဋ္ဌတာဝန်ယူထားသလို အိန္ဒိယနိုင်ငံကလည်း ဂျီ-၂၀ ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည်။ ကီရှီဒါသည် ကမ္ဘာ့တောင်ခြမ်း နိုင်ငံများနှင့် ဆက်ဆံရေးတိုးမြှင့် လိုကြောင်း မကြာခဏထုတ်ဖော် ပြောကြားထားသူ ဖြစ်သည်။ ၎င်းသည် မိုဒီနှင့် တွေ့ဆုံသည့် အခါ တရားဥပဒေစိုးမိုးမှုအပေါ် အခြေခံသော နိုင်ငံတကာ စည်းမျဉ်းစည်းကမ်း၏ အရေးပါ မှုကို အလေးပေးပြောကြားရန် စီစဉ်ထားကြောင်း သိရသည်။

ထို့အပြင် ကီရှီဒါသည် လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဒေသကို မြှင့်တင်ရေး ခိုင်မာအားကောင်းသော အစီ အစဉ်များကိုလည်း ထုတ်ဖော် ပြောကြားသွားရန် စီစဉ်ထား ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဩစတြေးလျတွင် ငါးများအစုလိုက်အပြုံလိုက် သေဆုံး အရေးပေါ်ကယ်ဆယ်ရေးစင်တာ ဖွင့်လှစ်

**ဆစ်ဒနီ မတ် ၁၉**

ဩစတြေးလျနိုင်ငံ နယူးဆောက် ဝေးလ်ပြည်နယ်၏ အနောက် ဘက်ရှိ သေးငယ်သောမြို့ဖြစ် သည့် မီနင်ဒီးတွင် သန်းပေါင်း များစွာသော ငါးများ ဒါလင်မြစ်ထဲ မျောပါလာသည်ကို တွေ့ရှိပြီး နောက် အာဏာပိုင်များက လုပ်ငန်း များ အဆင်ပြေစေရန် အရေးပေါ် ကယ်ဆယ်ရေးစင်တာ တစ်ခုကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရေတွင် ပျော်ဝင်နေသည့် အောက်ဆီဂျင်ပမာဏ အလွန် နည်းပါးခြင်းကို ဖြစ်စေသော သဘာဝအတိုင်း ဖြစ်ပေါ်နေသည့် ဖြစ်ရပ်ဆန်း တစ်ခုကြောင့် များပြားသည့်ငါးများ သေဆုံးရ သည်ဟု ယုံကြည်ကြောင်း နယူး ဆောက်ဝေးလ် ရဲတပ်ဖွဲ့က မတ် ၁၉ ရက်တွင် ပြောကြားသည်။

အာဏာပိုင်များက အဆိုပါ ဒေသရှိ ပျော်ဝင်နေသော အောက် ဆီဂျင်ပမာဏကို မြှင့်တင်ရန် အတွက် အရည်အသွေးမြှင့် ရေများကို ဆက်လက်ထုတ်လွှတ် နေကြောင်း ရဲတပ်ဖွဲ့၏ ထုတ်ပြန် ချက်အရ သိရသည်။ **ဆင်ဟွာ**





နျူကလီးယားစွမ်းအင်စက်ရုံတစ်ရုံကို တွေ့ရစဉ်။

# အမေရိကန်နျူကလီးယားစွမ်းအင်စက်ရုံမှ ရေဒီယိုသတ္တိကြွ ရေဂါလန် လေးသိန်း ယိုစိမ့်

**ဝါရှင်တန် မတ် ၁၉**

အမေရိကန်အနောက်အလယ်ပိုင်း မင်နီဆိုးတားပြည်နယ် မွန်တီ ဆယ်လိုမြို့တွင် နျူကလီးယား စွမ်းအင်စက်ရုံမှ ရေဒီယိုသတ္တိ ကြွ ရေဂါလန်ပေါင်း ၄၀၀၀၀၀ ခန့် ယိုစိမ့်မှုဖြစ်ပေါ်ခဲ့ကြောင်း စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က မကြာသေးမီက ထုတ်ပြန်ခဲ့သည်။

တိုက်တေနီယမ် ညစ်ညမ်းမှု ဖြစ်ပေါ်နေသည့်ရေကို သန့်ရှင်း ရန်ကြိုးပမ်းနေသည့် Xcel Energy ကုမ္ပဏီ၏ ကြိုးပမ်းချက် များကို စောင့်ကြည့်လျက်ရှိသည် ဟု မင်နီဆိုးတားပြည်နယ် ပတ်ဝန်းကျင်ညစ်ညမ်းမှုထိန်းသိမ်း ရေးအေဂျင်စီက ယခုသီတင်းပတ် အတွင်း ပြောကြားခဲ့သည်။ မူမမှန်သည့်ရလဒ်များ တွေ့ရှိပြီး နောက် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ နှောင်းပိုင်းတွင် ယိုစိမ့်မှုဖြစ်ပေါ် ကြောင်းကို Xcel Energy ကုမ္ပဏီ က အမေရိကန်နျူကလီးယား စည်းကမ်းထိန်းသိမ်းရေးကော်မရှင် နှင့် မင်နီဆိုးတားပြည်နယ် အရာရှိတို့ထံ သတင်းပို့ခဲ့သည်။

ရေဒီယိုသတ္တိကြွ ယိုစိမ့်မှုကို လေးလနောက်ကျပြီးမှ အများ ပြည်သူထံ အသိပေးခဲ့သည့် အတွက် ပြည်သူ့လုံခြုံရေးနှင့် ပွင့်လင်းမြင်သာရှိမှုတို့အပေါ်တွင် စိုးရိမ်မှုများ ပေါ်ပေါက်လာသည်။ ယိုစိမ့်မှုကို ရပ်တန့်နိုင်ပြီဖြစ် ကြောင်းနှင့် မစ္စစ္စပီမြစ်အတွင်း သို့ ရောက်ရှိသွားခြင်းမရှိကြောင်း၊ သောက်သုံးရေ အရင်းအမြစ်ကို ထိခိုက်စေမှုမရှိကြောင်း မင်နီဆိုး တားပြည်နယ် ပတ်ဝန်းကျင် ညစ်ညမ်းမှု ထိန်းသိမ်းရေး အေဂျင်စီက ပြောသည်။ မွန်တီ ဆယ်လိုရှိစက်ရုံတွင် အဆောက် အအုံနှစ်ခုကြား ရေပိုက်လိုင်းမှ ယိုစိမ့်မှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည် ဟု Xcel Energy ကုမ္ပဏီက ပြောသည်။ **ဆင်ဟွာ**

# နိုင်ဂျီးရီးယားတွင် ပြန်ပေးဆွဲခံရသည့် ရွေးကောက်ပွဲအရာရှိ ၁၇ ဦးကို ရဲတပ်ဖွဲ့က ကယ်တင်

**လာဂို့စ် မတ် ၁၉**

နိုင်ဂျီးရီးယားနိုင်ငံ တောင်ပိုင်းပြည်နယ် အီမိုတွင် သေနတ်သမားများက လွတ်လပ်သော အမျိုးသား ရွေးကောက်ပွဲကော်မရှင်မှ ဝန်ထမ်း ၁၇ ဦးကို ပြန်ပေး ဆွဲထားရာ နိုင်ဂျီးရီးယားရဲတပ်ဖွဲ့က ပြန်လည် ကယ်တင်နိုင်ခဲ့သည်ဟု မတ် ၁၈ ရက်တွင် အရာရှိ တစ်ဦးက ကြေညာခဲ့သည်။

ဖုန်းခေါ်ဆိုမှုလက်ခံရရှိပြီးနောက် ၎င်းတို့ကို ကယ်တင်ရန်ကြိုးပမ်းခဲ့ကြောင်းနှင့် အဆိုပါဖြစ်ရပ် နှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များ ကို ထုတ်ဖော်ပြောကြားခြင်း မရှိသေးချေ။ ယင်း ဖြစ်ရပ်နှင့်ပတ်သက်သည့် တိုးတက်မှုအခြေအနေ များကို ရွေးကောက်ပွဲအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ချန်နေး ချီဂျူကို အိုဆူဂျီက ပြောသည်။

လွတ်လပ်သော အမျိုးသားရွေးကောက်ပွဲ ကော်မရှင်မှ ဝန်ထမ်းများသည် ပြည်နယ်အတွင်း မဲရုံ ခုနစ်ခုသို့ သွားရာလမ်းတွင် ပြန်ပေးဆွဲခံရခြင်း ဖြစ်သည်။ လွတ်လပ်သော အမျိုးသားရွေးကောက် ပွဲကော်မရှင်သည် နိုင်ဂျီးရီးယားနိုင်ငံတွင် ရွေးကောက်ပွဲ ကို ကြီးကြပ်ရသည့်အဖွဲ့လည်း ဖြစ်သည်။ **ဆင်ဟွာ**

# အီကွေဒေါနိုင်ငံ၌ အင်အားပြင်း ငလျင်လှုပ်မှုဖြစ်၊ ၁၄ ဦး သေဆုံး၊ ၃၈၁ ဦး ထိခိုက်ဒဏ်ရာရ

ကွီတို မတ် ၁၉

**အီကွေဒေါနိုင်ငံ ဂွါယပ်စ်ပြည်နယ်တွင် ပြင်းအား ၆ ဒသမ ၅ အဆင့်ရှိ ငလျင်လှုပ်မှုမှ သေဆုံးသူပေါင်း ၁၄ ဦးအထိ မြင့်တက်လာကြောင်း အီကွေဒေါအာဏာပိုင်များက မတ် ၁၈ ရက်တွင် ပြောသည်။**

ငလျင်လှုပ်မှုကြောင့် အခြား ၃၈၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဘေးအန္တရာယ်စီမံ ခန့်ခွဲမှုဆိုင်ရာ အီကွေဒေါအတွင်းဝန်များရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။ သေဆုံးသူများအနက် ၁၁ ဦးမှာ အီအိုရိုပြည်နယ်နှင့် တစ်ဦးမှာ အဇူယေး ပြည်နယ်မှဖြစ်ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူ အချို့ကို ဆေးရုံများသို့ ပို့ဆောင်ထားကြောင်း အီကွေဒေါသမ္မတ ဂွီလာမို လာဆိုက ပြောသည်။

အဆိုပါ ငလျင်မှာ မတ် ၁၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၁၂ မိနစ်တွင် ဂွါယပ်စ်ပြည်နယ် ဘာလာအိုမြို့မှ ၂၉ ဒသမ ၁၂ ကီလိုမီတာခန့်အကွာ အနက် ၄၄ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်ခဲ့ခြင်း ဖြစ်ကြောင်း အမျိုးသား ပိုလီနည်းပညာကျောင်း ဘူမိရူပဗေဒအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။ အဆိုပါ အလွန်ပြင်းထန်သော ငလျင်လှုပ်မှုကို အီကွေဒေါနိုင်ငံရှိ ပြည်နယ် ၂၄ ခု အနက် ၁၃ ခုက ခံစားခဲ့ရကြောင်း သိရသည်။

ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အီကွေဒေါ အတွင်းဝန်များရုံး၏ ကနဦးထုတ်ပြန်ချက်တွင် လူလေးဦးသေဆုံးမှုအပြင် အိုးအိမ်များ၊ ကျန်းမာ ရေးဌာနများ၊ ပညာရေးဆိုင်ရာ အဆောက်အအုံများ နှင့် အများပြည်သူပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင်ပစ္စည်း ဆုံးရှုံးမှုများရှိခဲ့ကြောင်း ဖော်ပြထားသည်။

ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ထိခိုက်မှု ရှိခဲ့သော အိုးအိမ်များပြန်လည်တည်ဆောက်နိုင်ရေး အတွက် ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့် လူမှုရေးဝန်ကြီးဌာနအနေဖြင့် ငလျင် ကြောင့် ထိခိုက်ခံစားရသူများအား ကူညီပေးသွား မည်ဖြစ်ကြောင်း သမ္မတ လာဆိုက ထုတ်ပြန် ကြေညာခဲ့သည်။ **ဆင်ဟွာ**



ငလျင်လှုပ်ပြီးနောက် အီအိုရိုပြည်နယ် မာချလာမြို့၌ အပျက်အစီးများကို မတ် ၁၈ ရက်က တွေ့ရစဉ်။

# ကိုဗစ် – ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၄) ရာခိုင်နှုန်းရှိ

**(၁၉–၃–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၈–၃–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉–၃–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၇၂၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၂၈,၈၇၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၉၉၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၄၇၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၈–၃–၂၀၂၃) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၉၇၄,၃၄၃) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၄၄,၇၄၁) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၁၈–၃–၂၀၂၃ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၉၇၄,၃၄၃ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၄၄,၇၄၁ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်–၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၃-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၃၅ | ၂၀၈၅ | ၂၀၈၀ | ၂၀၄၅ | ၂၀၈၅ | ၂၁၀၅ | ၂၀၉၀ | ၂၀၇၀ | ၂၁၇၀ | ၂၁၈၅ | ၂၀၇၅ | ၂၀၈၅ | ၂၁၂၀ | ၂၁၂၀ | ၂၁၂၅ | ၂၃၅၅ | ၂၈၁၀ |
| 95 Ron | ၂၁၂၀ | ၂၁၇၀ | ၂၁၇၀ | ၂၁၃၀ | ၂၁၇၀ | ၂၁၉၅ | ၂၁၈၀ | ၂၁၅၅ | ၂၂၅၅ | ၂၂၇၀ | ၂၁၆၀ | ၂၁၈၀ | ၂၂၁၀ | ၂၂၁၀ | ၂၂၁၀ | ၂၄၄၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၀၉၀ | ၂၁၄၀ | ၂၁၄၀ | ၂၁၀၀ | ၂၁၄၀ | ၂၁၆၅ | ၂၁၆၀ | ၂၁၂၅ | ၂၂၄၅ | ၂၂၄၀ | ၂၁၃၀ | ၂၁၄၅ | ၂၁၇၅ | ၂၁၈၀ | ၂၁၈၀ | ၂၄၁၀ | ၃၁၀၀ |
| HSD (50 ppm) | ၂၁၇၀ | ၂၂၂၀ | ၂၂၂၀ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၀ | ၂၂၂၅ | ၂၂၅၅ | ၂၂၆၀ | ၂၂၆၀ | ၂၄၉၀ | ၃၁၃၀ |
| HSD (10 ppm) | ၂၁၇၀ | ၂၂၂၀ | ၂၂၂၀ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၀ | ၂၂၂၅ | ၂၂၅၅ | ၂၂၆၀ | ၂၂၆၀ | ၂၄၉၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၃၁ | ၂၀၀၃ |
| 95 Ron | ၂၀၁၄ | ၂၀၈၈ |
| HSD (500 ppm) | ၁၉၈၈ | ၂၀၅၇ |
| HSD (50 ppm) | ၂၀၆၂ | ၂၁၃၃ |
| HSD (10 ppm) | ၂၀၆၂ | ၂၁၃၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ ဂုဏ်ပြုဆောင်းပါး

# လူသားအားလုံးကျန်းမာဖို့ သစ်တောများကိုထိန်းသိမ်းစို့

သစ်တောမောင်

**အပြည်ပြည်ဆိုင်ရာသစ်တောများနေ့** ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံက ပြည်သူများအကြား သစ်ပင်သစ်တော ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားစေရန်၊ သစ်တောများ၏ အရေးပါသည့် အခန်းကဏ္ဍကို ပိုမိုနားလည်လာစေရန်၊ သစ်တောထိန်းသိမ်းရေး လုပ်ငန်းများတွင် ပိုမိုပူးပေါင်းပါဝင်လာစေရန်နှင့် သစ်ပင်သစ်တောများကို ပိုမိုချစ်ခင်မြတ်နိုးတတ်စေရန် ရည်ရွယ်ပြီး ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် A/C.2/67/L.4 ဖြင့် နှစ်စဉ် မတ်လ ၂၁ ရက်နေ့ကို **"အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့" (International Day of Forests)** အဖြစ် သတ်မှတ်ကြေညာခဲ့သည်။

အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ကို အနှစ်သာရပြည့်ဝစွာဖြင့် ကျင်းပနိုင်ရန်အတွက် ကြွေးကြော်သံဆောင်ပုဒ်များ သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ်အတွက် ဆောင်ပုဒ်မှာ **"Healthy Forests for Healthy People" "လူသားအားလုံးကျန်းမာဖို့ သစ်တောများကို ထိန်းသိမ်းစို့"** ဖြစ်သည်။ မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် အထိမ်းအမှတ် အခမ်းအနားများကို အနှစ်သာရ ပြည့်ဝစွာ ကျင်းပလျက်ရှိကြသည်။ လူသားများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို မြှင့်တင်ရာတွင်လည်းကောင်း၊ ကမ္ဘာ့လူသားအားလုံးအတွက် စားဝတ်နေရေး၊ စားရေရိက္ခာဖူလုံရေးနှင့် လူမှုဘဝ သာယာဝပြောရေးတို့အတွက် မရှိမဖြစ်အရေးပါသော သစ်တောများကို ထိန်းသိမ်းကာကွယ်ရာတွင်လည်းကောင်း၊ ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ဆောင်ရွက်လာနိုင်ရန် သစ်တောများ၏ အရေးပါသော အခန်းကဏ္ဍကို ပိုမိုအလေးထား သတိပြုလာစေရန် ရည်ရွယ်ခြင်း ဖြစ်သည်။

**သစ်တောများနှင့် ပြည်သူလူထုကျန်းမာရေး**

သစ်တောများသည် လူသားများ၏ ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သော အစားအစာနှင့် ဆေးဝါးများအား ထောက်ပံ့ပေးစွမ်းလျက်ရှိသည်။ သစ်တောများသည် ကမ္ဘာတစ်ဝန်းရှိ သန်းနှင့်ချီသော လူများအတွက် အရေးကြီးသည့် အစာအာဟာရ အရင်းအမြစ်တစ်ခုလည်းဖြစ်ပြီး သစ်တောများမှ ရရှိသည့် အခြေခံအစားအစာများသည် လူသားများအတွက် အရေးကြီးသော အာဟာရနှင့် ဝင်ငွေအရင်းအမြစ်များ ဖြစ်ကြသည်။ သစ်တောများမှ ရရှိသော သစ်သီး သစ်ရွက်များ၊ အစေ့အဆန်များနှင့် အခွံမာသီးများ၊ သစ်ဥသစ်ဖုများ၊ မှို၊ မှို၊ ပျားရည်စသော အစားအစာများ၊ ဆေးဖက်ဝင်ပင်များသည် လူသားများအတွက် အာဟာရပြည့်ဝရေးအတွက် များစွာ အထောက်အပံ့ပေးလျက်ရှိသည်။ အာဟာရပြည့်ဝသော အသီးအနှံ၊ အစားအစာများကို စားသုံးခြင်းဖြင့် ကျန်းမာရေးကို အထောက်အကူပြုစေသည်။

ရှေးနှစ်ပေါင်းများစွာမှစ၍ ယနေ့တိုင် ကမ္ဘာတစ်ဝန်း တွင်ကျယ်စွာ အသုံးပြုနေကြသည့် တိုင်းရင်းဆေးဝါးများသည် သစ်တောသစ်ပင်များမှ ရရှိကြခြင်းဖြစ်သည်။ "နွယ်မြက်သစ်ပင် ဆေးဖက်ဝင်" ဆိုသကဲ့သို့ ကျန်းမာရေးအတွက် နွယ်ပင်၊ မြက်ပင် အပါအဝင် အပင်အမျိုးမျိုးကို ဆေးအဖြစ် သုံးစွဲခဲ့ကြရသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ အဆိုအရ ကမ္ဘာ့လူဦးရေ၏ ၈၀ ရာခိုင်နှုန်းသည် တိုင်းရင်းဆေးကို မှီခိုနေရဆဲဖြစ်ပြီး အများစုမှာ သစ်တောသစ်ပင်များမှ ရရှိကြသည်။ ကမ္ဘာတစ်ဝန်းတွင် ဆေးဘက်ဆိုင်ရာ ရည်ရွယ်ချက်များအတွက် အပင်မျိုးစိတ်ပေါင်း ၅၀၀၀၀ ခန့်အထိ အသုံးချနိုင်ခဲ့ကြောင်း သိရသည်။ အထူးသဖြင့် အပူပိုင်းသစ်တောများသည် လူသားများအတွက် ကျန်းမာရေး စောင့်ရှောက်မှုအနေဖြင့် နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၀၈ သန်းနှင့် ညီမျှသော ဆေးဖက်ဝင်အပင်များကို ထောက်ပံ့လျက်ရှိသည်။

ယနေ့ နောက်ဆုံးပေါ် ဆေးဝါးများ၏ ၂၅ ရာခိုင်နှုန်းကျော်သည် အပူပိုင်းသစ်တောများမှ ရရှိကြသည်။ ကမ္ဘာတစ်ဝန်းတွင် လူဦးရေ ၁ ဘီလီယံကျော်သည် ဆေးဖက်ဝင်အပင်များကို ကလေးငယ်များ ဝမ်းလျှောခြင်းရောဂါကို ကုသရန် အိမ်သုံးဆေးကုထုံးအဖြစ် အသုံးပြုလျက်ရှိကြသည်။ ထို့ပြင် တရုတ်နိုင်ငံတွင် သဘာဝအပင်မျိုးစိတ်ပေါင်း ၂၆၀၀၀ ကျော်ထဲမှ ၅၀၀၀ နီးပါးကို ရိုးရာဆေးဝါးများအဖြစ် အသုံးပြုလျက်ရှိကြောင်း သိရသည်။ ထို့အတူ မြန်မာနိုင်ငံတွင် သဘာဝအပင်မျိုးစိတ် ၅၀၀ နီးပါး၏ ဆေးဖက်ဝင်မှုကို သိပ္ပံနည်းကျ လေ့လာမှတ်တမ်းတင်ထားရှိပြီးဖြစ်ကာ အများစုကို အသုံးပြုလျက်ရှိသည်။

ယခုအခါတွင် သစ်တောပြုန်းတီးခြင်း၊ မြေယာအသုံးပြုမှုပြောင်းလဲခြင်း၊ သစ်တောနယ်မြေများအတွင်းသို့ လူသားများ အခြေချဝင်ရောက်နေထိုင်ခြင်းနှင့် တရားမဝင် တောရိုင်းတိရစ္ဆာန်များ ရောင်းဝယ်ဖောက်ကားခြင်း၊ လူနှင့်တိရစ္ဆာန်ထိတွေ့မှုများလာခြင်း စသည့်အကြောင်းရင်းများကြောင့် Zoonotic Diseases ဟုခေါ်သော တောရိုင်းတိရစ္ဆာန်များနှင့် အိမ်မွေးတိရစ္ဆာန်များမှတစ်ဆင့် ရောဂါပိုးမွှားများ ပြန့်ပွားရန် အလားအလာများ




တိုးမြှင့်လာခဲ့သည်။ လူသားများ၏ ကျန်းမာရေးကို ထိခိုက်နိုင်သော အခြေအနေများကို ရင်ဆိုင်ရလျက်ရှိသည်။

ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်း၊ သစ်တောများ ပြုန်းတီးခြင်း၊ ဂေဟစနစ်များ ပျက်စီးခြင်းနှင့် ပတ်ဝန်းကျင်ညစ်ညမ်းခြင်းတို့ကြောင့် ကျန်းမာရေးဆိုင်ရာပြဿနာများ ဖြစ်ပေါ်စေနိုင်သည်။ အဆိုပါ ပြဿနာများသည် ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေး၊ HIV ၊ အီဘိုလာဗိုင်းရပ်စ်နှင့် ကိုဗစ်-၁၉ ကဲ့သို့သော ကူးစက်ရောဂါများနှင့် တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်ဆက်စပ်လျက်ရှိပြီး ကျန်းမာရေးနှင့် လူမှုစီးပွား ဆိုးကျိုးအန္တရာယ်များကို ဖြစ်ပေါ်စေပါသည်။

သစ်တောပြုန်းတီးခြင်း (Deforestation) နှင့် သစ်တောများ အပိုင်းပိုင်းပြတ်တောက်ခြင်း (Forest Fragmentation) များကြောင့် တောရိုင်းတိရစ္ဆာန်များ၏ နေရင်းဒေသများ ဆုံးရှုံးပျောက်ကွယ်ပြီး လူများအခြေချနေထိုင်ရာ မြို့ရွာများနှင့် နီးကပ်စွာလာရောက်နေထိုင်ခြင်း၊ လူသားနှင့်တောရိုင်းတိရစ္ဆာန်ပဋိပက္ခများ မြင့်တက်လာခြင်းတို့ ဖြစ်ပေါ်လာနိုင်ပြီး ရောဂါကူးစက်နိုင်မှု အန္တရာယ်မှာလည်း မြင့်တက်လာစေမည်ဖြစ်သည်။ လူသားများအကြား ကူးစက်တတ်သောရောဂါ အားလုံး၏ ၇၀ ရာခိုင်နှုန်းသည် တောရိုင်းတိရစ္ဆာန်များမှတစ်ဆင့် ကူးစက်လာခြင်းဖြစ်သဖြင့် လူသားများကျန်းမာရေးအတွက် တောရိုင်းတိရစ္ဆာန်များ၏ နေရင်းဒေသများဖြစ်သော သဘာဝသစ်တောများ ပျက်စီးဆုံးရှုံးမှု မရှိစေရန် ထိန်းသိမ်းကြရမည်ဖြစ်သည်။

အဆိုပါ ပြဿနာများကို ဖြေရှင်းနိုင်မည့် နည်းလမ်းတစ်ခုအနေဖြင့် သစ်တောထိန်းသိမ်းခြင်း လုပ်ငန်းများကို ကျန်းမာရေးချဉ်းကပ်မှုနည်းလမ်းတစ်ခု (One Health Approach) အဖြစ် ထည့်သွင်းစဉ်းစားပြီး ဖြေရှင်းရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ သစ်တောများနှင့် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးကဏ္ဍတွင် One Health Approach လုပ်ဆောင်ချက်များသည် ရောဂါအန္တရာယ် စီမံခန့်ခွဲမှုများအတွက် အလွန်ထိရောက်နိုင်သည့်အတွက် သစ်တောများနှင့် ဂေဟစနစ် ထိန်းသိမ်းရေး လုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ကြောင့် ယခုအခါ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် သစ်တောကို အခြေခံသော ရောဂါကုထုံးများ (Forest Therapy သို့မဟုတ် Forest Bathing) အဖြစ် ရောဂါများကို ကုသလျက်ရှိသည်။

သစ်တောများမှ စားရေရိက္ခာနှင့် ဆေးဝါးများ ပံ့ပိုးပေးသည့်အခန်းကဏ္ဍအပြင် လူသားများ၏ စားဝတ်နေရေးကို မြှင့်တင်ပေးသည့် အခြားသော ဝန်ဆောင်မှုများကို ပေးစွမ်းလျက်ရှိသည်။ ဥပမာ- သစ်တောများသည် နေအိမ်အဆောက်အအုံ ဆောက်လုပ်ရေး၊ ဇီဝလောင်စာရရှိရေး၊ သစ်နှင့် အခြား သစ်တောထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲနိုင်ရေးတို့အတွက် အထူးအရေးပါပါသည်။ သစ်တောများသည် စိုက်ပျိုးသီးနှံများ ကောင်းမွန်စွာ ထွက်ရှိနိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သော ဝတ်မှုန်ကူးခြင်းကဲ့သို့သော ဂေဟစနစ် ဝန်ဆောင်မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် သစ်တောများသည် လူသားများ၏ ကျန်းမာရေးကို မြှင့်တင်ပေးသည့် ယဉ်ကျေးမှုနှင့် အပန်းဖြေမှုဆိုင်ရာ အကျိုးကျေးဇူးများကို ပံ့ပိုးပေးလျက်ရှိသည်။ ထို့ကြောင့် သစ်တောသယံဇာတများမှ ရရှိသည့် အစားအစာနှင့် ဆေးဝါးများသည် ပြည်သူလူထုအား အကျိုးပြုသည့် အထောက်အပံ့များ ဖြစ်သောကြောင့် အထူးအလေးထား ထိန်းသိမ်းကြရန် လိုအပ်ပါသည်။

**သန့်ရှင်းသော သောက်သုံးရေရရှိရေး**

သစ်တောများက ပံ့ပိုးပေးသော ဝန်ဆောင်မှုများ အနက် အလွန်အရေးကြီးသည့် ဝန်ဆောင်မှုတစ်ခုမှာ သန့်ရှင်းသော သောက်သုံးရေရရှိခြင်းဖြစ်သည်။ သစ်တောသစ်ပင်များသည် မြေဆီလွှာနှင့် သဘာဝသစ်တောများမှတစ်ဆင့် စီးဆင်းသွားသည့် ရေတွင် ပါဝင်သည့် ညစ်ညမ်းမှုများကို ဖယ်ရှားပေးသည့် သဘာဝရေစစ်များ (Natural Filter) ဖြစ်သည်။ ထို့အပြင် မြေကြီးထဲသို့ တဖြည်းဖြည်းစိမ့်ဝင်လာသည့် မိုးရေများကို စုဆောင်းသိမ်းဆည်းကာ မြေပေါ်မြေအောက် ရေအရင်းအမြစ်များကို ပြန်လည်အားဖြည့်ပေးခြင်းဖြင့် လူသားများအတွက် အထောက်အပံ့ပြုလျက်ရှိသည်။

သစ်တောများ ဖုံးလွှမ်းလျက်ရှိသော ရေဝေရေလဲဒေသများ (Watershed Areas) နှင့် ရေတိမ်ဒေသများ (Wetlands) သည် ရေအရင်းအမြစ်များ ထိန်းသိမ်းပေးလျက်ရှိပြီး ကမ္ဘာ့ရေချိုပမာဏ၏ ၇၅ ရာခိုင်နှုန်းကို ပံ့ပိုးပေးလျက်ရှိသည်။ ကမ္ဘာ့အကြီးဆုံး မြို့တော်ကြီးများ၏ သုံးပုံတစ်ပုံသည် ၎င်းတို့အတွက် လိုအပ်သည့် သောက်သုံးရေ ရာခိုင်နှုန်းအများစုကို သစ်တောများဖုံးလွှမ်းနေသော သဘာဝထိန်းသိမ်းရေးနယ်မြေများက ရရှိသည်။ ထို့ကြောင့် ရေဝေရေလဲဒေသ သစ်တောများသည် မြေပေါ်၊ မြေအောက် ရေသယံဇာတများထိန်းသိမ်းရေး၊ လူသားများ၏ ကျန်းမာရေးနှင့် ရှင်သန်ရပ်တည်ရေးအတွက် မရှိမဖြစ်လိုအပ်သော ရေချိုအရင်းအမြစ်များဖြစ်သည့် မြစ်၊ ချောင်း၊ အင်းအိုင်များ၊ ဆည်တမံများ၊ ရေတိမ်ဒေသများ ရေရှည်တည်တံ့ရေးအတွက် အလွန်အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

*စာမျက်နှာ ၁၇ သို့*



# ရန်ကုန်ဘူတာကြီးနှင့် လှိုင်မြို့နယ်ရှိ သီရိမင်္ဂလာဈေးသစ်တို့၌ EV Charging Station များဖွင့်လှစ်

**နေပြည်တော် မတ် ၁၉**

Essential Motors Myanmar နှင့် Asia Pacitic AutoMaker Corporation တို့၏ EV Charging Station များ ဖွင့်ပွဲများကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့် မြို့နယ်ရှိ ရန်ကုန်ဘူတာကြီးနှင့် လှိုင်မြို့နယ်ရှိ သီရိမင်္ဂလာဈေးသစ်တို့၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အဖွင့်အမှာစကား ပြောကြားပြီး Essential Motors Myanmar နှင့် Asia Pacitic AutoMaker Corporation တို့မှ တာဝန်ရှိသူများက Station များ ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က စက်ခလုတ်များနှိပ်၍ ဖွင့်လှစ်ပေးသည်။(ယာပုံ)

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက EV Charging Station နှင့် ကားများအား လှည့်လည်ကြည့်ရှုကြပြီး EV (လျှပ်စစ်ကား) များကို စမ်းသပ်မောင်းနှင်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်




*စာမျက်နှာ ၁၆ မှ*

### လေကောင်းလေသန့်ရရှိရေး

သစ်ပင်သစ်တောများသည် အစာချက်လုပ်မှု လုပ်ငန်းစဉ် (Photosynthesis) မှတစ်ဆင့် သက်ရှိများအတွက် လိုအပ်သော အောက်ဆီဂျင်ကို ထုတ်ပေးပြီး လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို စုပ်ယူသိုလှောင်ပေးသည့်အတွက် လူသားများ အပါအဝင် သက်ရှိအားလုံး ရှင်သန်ရေးအတွက် မရှိမဖြစ် အလွန်အရေးပါသည်။ သစ်တောများသည် သက်ရှိများ နေ့စဉ်ရှူရှိုက်နေသော လေကိုသန့်စင်ရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ လေထုအတွင်းရှိ အန္တရာယ်ဖြစ်စေသည့် ညစ်ညမ်းမှုများ၊ အလွန်သေးငယ်သည့် အမှုန်အမွှားများကို မြို့ပြသစ်တော၊ သစ်ပင်များက ဖယ်ရှားပေးခြင်းဖြင့် လူသားများ၏ ကျန်းမာရေးကို အထောက်အကူပြုလျက်ရှိသည်။

လေထုညစ်ညမ်းခြင်းကြောင့် လူ့ကျန်းမာရေးကို ထိခိုက်စေပြီး အသက်ရှူလမ်းကြောင်းနှင့် နှလုံးသွေးကြောဆိုင်ရာ ပြဿနာများကို ဖြစ်ပေါ်စေနိုင်သည်။ လေထုညစ်ညမ်းမှုကြောင့် တစ်ကမ္ဘာလုံးတွင် နှစ်စဉ် လူပေါင်း ၄ ဒသမ ၂ သန်းခန့် အသက်ဆုံးရှုံးရသည့် အန္တရာယ်နှင့် ကြုံတွေ့နေရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အစီရင်ခံစာအရ သိရှိရသည်။ လူသားများ အသက်ရှင်သန်ရေးနှင့် ကျန်းမာရေးကောင်းမွန်စေရန်အတွက် အချိန်တိုင်း ရှူရှိုက်နေရသောလေ၏ အရည်အသွေးကောင်းမွန်စေရန် သစ်တောများ၏ အရေးကြီးသော အခန်းကဏ္ဍကို အသိအမှတ်ပြုကြရမည်ဖြစ်သည်။

### ရာသီဥတုပြောင်းလဲမှုလျော့ချရေး

အပူချိန်အလွန်အမင်း မြင့်မားခြင်း၊ အလွန်အမင်း နိမ့်ကျခြင်း၊ မိုးရေချိန် အလွန်အမင်းများပြားခြင်း၊ မိုးခေါင်ခြင်း အစရှိသော ရာသီဥတုပြောင်းလဲမှုများကြောင့် လူသားများ၏ ကျန်းမာရေးအတွက် ဆိုးကျိုးများစွာ ဖြစ်ပေါ်စေသည်။ သစ်တောများသည် ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် ကျန်းမာရေးဆိုင်ရာ ပြဿနာများ အပါအဝင် နောက်ဆက်တွဲ သက်ရောက်မှုများ လျော့ပါးသက်သာစေရေးအတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ သစ်တောသစ်ပင်များသည် ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေသော လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို ဖယ်ရှားပေးခြင်း၊ သစ်သား၊ သစ်ရွက်များနှင့် အမြစ်များတွင် ကာဗွန်ကိုသိုလှောင်ပေးခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုကို လျော့ချပေးလျက်ရှိသည်။ ထို့ကြောင့် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်း (Reducing Emissions from Deforestation and Forest Degradation–REDD+) ကဲ့သို့ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို ကမ္ဘာနှင့်တစ်ဝန်း သစ်တောကြွယ်ဝသော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လာကြသည်။

> **❑ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ အောင်မြင်စေရန်အတွက် သက်ဆိုင်ရာ အစိုးရဌာနများသာမက ပြည်သူများအားလုံး ဝိုင်းဝန်းပူးပေါင်း ပါဝင်မှုသာ အပြည့်အဝ အောင်မြင်မှုရနိုင်မည်။ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများမှ သစ်တောသစ်ပင်များသာ အရေးကြီးသည် မဟုတ်ဘဲ သစ်တောနယ်မြေပြင်ပမှ သစ်ပင်များ၏ အခန်းကဏ္ဍကိုလည်း အထူးအလေးထားထိန်းသိမ်းကြရမည်**

### သစ်တောသယံဇာတများထိန်းသိမ်းရေး

သစ်တောဦးစီးဌာနအနေဖြင့် သစ်တောပြုန်းတီးမှုလျော့ချရေးနှင့် သစ်တောများ ထာဝစဉ်တည်တံ့စေရေးတို့အတွက် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် –

- ❖ ၂၀၂၁–၂၀၂၂ နှင့် ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်တို့တွင် သစ်ထုတ်လုပ်မှု လုံးဝရပ်ဆိုင်းခဲ့ပြီး သစ်တောကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ပြန်လည်ဆန်းစစ်ခြင်းနှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊
- ❖ ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်မှ စတင်ပြီး ပဲခူးရိုးမဒေသတွင် သစ်ထုတ်လုပ်မှု (၁၀) နှစ် ရပ်ဆိုင်းခြင်းနှင့် သစ်တောများ အရှိန်အဟုန်ဖြင့် စိုက်ပျိုးထိန်းသိမ်းပြုစုခြင်း၊
- ❖ ထာဝစဉ်တည်တံ့သော သစ်တောစီမံအုပ်ချုပ်မှုစနစ်ဖြစ်သည့် မြန်မာ့ရွေးချယ်စနစ် (Myanmar Selection System–MSS) ကို ကျင့်သုံးပြီး ကျွန်းနှင့်သစ်မာများ ထုတ်လုပ်ရာတွင် နှစ်စဉ်တောထွက် (Annual Allowable Cut–AAC) ပမာဏထက် လျော့နည်းပြီး ထုတ်ယူခဲ့ခြင်း၊
- ❖ မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း (၂၀၁၇–၂၀၁၈ မှ ၂၀၂၆–၂၀၂၇) ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အကောင်အထည်ဖော်ခြင်း၊
- ❖ တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသပြန်လည်တည်ထောင်ခြင်းလုပ်ငန်း အစီအစဉ် (၂၀၁၉–၂၀၂၀ မှ ၂၀၂၈–၂၀၂၉ အထိ) အကောင်အထည်ဖော်ခြင်း၊
- ❖ အမြဲတမ်းသစ်တောနယ်မြေများကို နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေများကို နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းအထိ တိုးချဲ့ဖွဲ့စည်းနိုင်ရန် စနစ်တကျအစီအစဉ်ရေးဆွဲ ဆောင်ရွက်လျက်ရှိခြင်း၊
- ❖ ပြည်သူ့ဗဟိုပြု သစ်တောလုပ်ငန်းတစ်ခုဖြစ်သော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း (Community Forestry–CF) ကို နှစ် (၃၀) အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်းလျာထားချက်နှင့်အညီ ဧရိယာဧက ၂ ဒသမ ၂၇ သန်း တည်ထောင်နိုင်ရေး စနစ်တကျတည်ထောင်ဆောင်ရွက်လျက်ရှိခြင်း၊
- ❖ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်းလုပ်ငန်း (REDD+) ကို နိုင်ငံအဆင့် အစီအစဉ်များ အကောင်အထည်ဖော်လျက်ရှိခြင်း အစရှိသော လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

### လူသားအားလုံးကျန်းမာဖို့ သစ်တောများကို ထိန်းသိမ်းစို့

သစ်တောများက အထောက်အပံ့ပြုသော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများသည် သက်ရှိလောကအတွက် မရှိမဖြစ်လိုအပ်ပြီး ငွေကြေးအားဖြင့် တန်ဖိုးဖြတ်၍မရနိုင်အောင် အဖိုးတန်လှပါသည်။ နွယ်ပင်၊ မြက်ပင်မှ အစပြုပြီး အပင်မှန်သမျှ တန်ဖိုးအသီးသီး ရှိကြသဖြင့် အဆိုပါ တန်ဖိုးများကို သိရှိနားလည်ပြီး တန်ဖိုးထားထိန်းသိမ်းရန်လိုအပ်ပါသည်။

**"တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး"** အတွက် အထောက်အကူပြုနိုင်အောင် သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းရေး၊ သစ်တောများ ပြန်လည်တည်ထောင်ရေးနှင့် ဂေဟစနစ်တည်ငြိမ်ရေးတို့ကို အလေးပေးဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံနှင့်အဝန်း သစ်တောများဖုံးလွှမ်းလျက် စိမ်းလန်းစိုပြည်သာယာမှသာလျှင် ရာသီဥတုမျှတကောင်းမွန်ကာ စားရေရိက္ခာအထွက်တိုးပြီး တိုင်းပြည်သာယာဝပြောလျက် ပြည်သူလူထုအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းကြမည်ဖြစ်သည်။

သစ်တောထိန်းသိမ်းရေး လုပ်ငန်းများ အောင်မြင်စေရန်အတွက် သက်ဆိုင်ရာ အစိုးရဌာနများသာမက ပြည်သူများအားလုံး ဝိုင်းဝန်းပူးပေါင်းပါဝင်မှုသာ အပြည့်အဝ အောင်မြင်မှုရနိုင်မည်ဖြစ်သည်။ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများမှ သစ်တောသစ်ပင်များသာ အရေးကြီးသည် မဟုတ်ဘဲ သစ်တောနယ်မြေပြင်ပမှ သစ်ပင်များ၏ အခန်းကဏ္ဍကိုလည်း အထူးအလေးထားထိန်းသိမ်းကြရမည်ဖြစ်သည်။

ကျေးလက်ပြည်သူများအနေဖြင့် မိမိလယ်ယာခြံမြေ၊ ကျေးရွာများတွင် ရနိုင်သမျှသော မြေနေရာပေါ်တွင် ဘက်စုံသုံးသစ်ပင်များ စိုက်ပျိုးခြင်း၊ မိမိအိမ်ထောင်စုနှင့် မိမိကျေးရွာ လိုအပ်ချက်အတွက် တစ်နိုင်တစ်ပိုင် စိုက်ပျိုးထုတ်လုပ်သုံးစွဲခြင်း၊ သစ်၊ ထင်း၊ ဝါး လိုအပ်ချက်ဖြည့်ဆည်းနိုင်ရေးအတွက် တစ်အုပ်တစ်မ စိုက်ခင်းတည်ထောင်ခြင်း၊ သဘာဝတောကျန်များထိန်းသိမ်းခြင်း၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း (Agroforestry)၊ မြို့ပြနေ ပြည်သူများအနေဖြင့် မျက်စိပသာဒဖြစ်စေရန်နှင့် အရိပ်ရအေးမြစေရေးအတွက် သစ်ပင်ပန်းပင်များ စိုက်ပျိုးခြင်း၊ သစ်မျိုးစုံဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်ခြင်း၊ အစိမ်းရောင်နယ်မြေများ (Green Zone) သတ်မှတ်၍ အရိပ်ရအပင်များ၊ မြို့ပြတောအုပ်ငယ်များ စိုက်ပျိုးထိန်းသိမ်းခြင်း လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

**"တစ်သက်တာ စိတ်ချမ်းသာလိုလျှင် သစ်ပင်စိုက်ပါ"** ဆိုသည့် စကားနှင့်အညီ စိတ်ချမ်းသာကိုယ်ကျန်းမာစေရေးအတွက် လူတိုင်းလူတိုင်း သစ်ပင်စိုက်ရန် လိုအပ်သည်။ "ယခုအချိန်သည် သစ်ပင်စိုက်ရန် အကောင်းဆုံးအချိန်ဖြစ်သည်" ဆိုသည့် ဆိုရိုးနှင့်အညီ ကျွန်ုပ်တို့အတွက်၊ ကျွန်ုပ်တို့၏ အနာဂတ်မျိုးဆက်သစ်များအတွက်၊ ကျွန်ုပ်တို့၏ ကမ္ဘာမြေကြီးအတွက် ကျွန်ုပ်တို့အားလုံးသစ်ပင်စိုက်ကြရပါမည်။

ရာသီဥတုကောင်းမွန်သာယာ မျှတစေရန်၊ စားရေရိက္ခာဖူလုံစေရန်၊ သစ်ထင်းဝါး လောင်စာစွမ်းအင် လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန်၊ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများ တိုးပွားစေရန် ကျွန်ုပ်တို့အားလုံး သစ်ပင်စိုက်ပျိုးကြရပါမည်။ သစ်တောများထိန်းသိမ်း ကာကွယ်စောင့်ရှောက်ကြရပါမည်။ တစ်ပင်စိုက်လျှင် တစ်ပင်ရှင်သန်အောင် ပြုစုထိန်းသိမ်းကြရပါမည်။ **"Healthy Forests for Healthy People" "လူသားအားလုံးကျန်းမာဖို့ သစ်တောများကိုထိန်းသိမ်းစို့"** ဟူသော ဆောင်ပုဒ်နှင့်အညီ လူသားများကျန်းမာရေးအတွက် အကျိုးပြုလျက်ရှိသော သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းကြပါစို့ဟု တိုက်တွန်းရင်း ၂၀၂၃ ခုနှစ်၊ မတ်လ ၂၁ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ကို ဂုဏ်ပြုရေးသားလိုက်ပါသည်။ ။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။




## (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ ဆက်လက်ကျင်းပ၊ ပုလဲအတွဲပေါင်း ၁၄၃ တွဲရောင်းချနိုင်ခဲ့

**နေပြည်တော် မတ် ၁၉**

(၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက် လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် ရောင်းချမည့် ပုလဲအတွဲအမှတ် (၁၅၁) မှ အတွဲအမှတ် (၂၉၅) အထိ ပုလဲအတွဲပေါင်း ၁၄၅ တွဲကို ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။








ထို့နောက် ပုလဲအတွဲအမှတ် (၁၅၁) မှ အတွဲအမှတ် (၂၉၅)အထိ အတွဲပေါင်း ၁၄၅ တွဲ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ပုလဲအတွဲပေါင်း ၁၄၃ တွဲ ရောင်းချရကြောင်း ကြေညာသည်။

ယနေ့ရောင်းချခဲ့ရသည့် ပုလဲအတွဲများကို အမေရိကန်ဒေါ်လာဖြင့် အခြေခံဈေးထားရှိပြီး တန်ဖိုးငွေပေးချေရာတွင် ပြည်ပကုန်သည်များသည် အမေရိကန်ဒေါ်လာ၊ ယူရို၊ ယွမ်နှင့် ထိုင်းဘတ်ငွေတို့ဖြင့်လည်းကောင်း၊ ပြည်တွင်းကုန်သည်များသည်မြန်မာကျပ်ငွေဖြင့် လည်းကောင်း ပေးချေနိုင်ကြောင်း သိရသည်။

ပြပွဲ စတုတ္ထနေ့တွင် ကျောက်မျက်အတွဲပေါင်း ၁၂၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်နှင့် လက်ဝတ်ရတနာ အရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

ယခုကျင်းပသည့် (၅၈)ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲကို မဏိရတနာ ကျောက်စိမ်းခန်းမ၌ မတ် ၁၇ ရက်မှ မတ် ၂၃ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး ပုလဲအတွဲပေါင်း ၂၉၅ တွဲ အနက် အတွဲ ၂၉၀ ကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား ရောင်းချပေးနိုင်ခဲ့သည်။ ထို့ပြင် ကျောက်မျက်အတွဲပေါင်း ၁၂၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၂၁၅၀ တွဲတို့ကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မြစ်သားမြို့နယ် ကုက္ကိုကုန်းကျေးရွာ၌ ရွှေရတနာစေတီမွေ့ဗိမာန်တော်ကြီးဖွင့်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မန္တလေး မတ် ၁၉**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကုက္ကိုကုန်းကျေးရွာ၌ မတ် ၁၉ ရက်က ရွှေရတနာစေတီမွေ့ဗိမာန်တော်ကြီး ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် မိုင်းယု (၁၀၅) မိုင် အောင်သီရိမင်္ဂလာသုခကျောင်းတိုက်၊ မြို့ဦးရောင်ခြည် ကျောင်းတိုက် ဦးစီးပဓာန နာယကဘဒ္ဒန္တကေသရ မဟာထေရ်မြတ် သဒ္ဓမ္မဇောတိကဓဇ သာသနဓဇ ဓမ္မာစရိယ၊ မြစ်သားမြို့နယ် ကုက္ကိုကုန်းကျေးရွာ ပတ္တမြားရတနာကျောင်းတိုက်ဆရာတော် ဦးသုန္ဒရ၊ မန္တလေးမြို့ ရေပနားတိုက်အောင်ဇမ္ဗူကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တဥတ္တမဝံသ၊ မင်းကွန်းဆရာတော် ဦးပုံညနှင့် ရေစကြိုဆရာတော်တို့မှ မင်္ဂလာအချိန် နံနက် ၈ နာရီတွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

မြစ်သားမြို့နယ် ကုက္ကိုကုန်းကျေးရွာ ပတ္တမြားရတနာကျောင်း ဆရာတော် ဦးသုန္ဒရအား ဦးထိပ်ပန်ဆင်လျက် ပဲခူးမြို့နေ ဦးသန်းလွင်+ဒေါ်သန်းငွေ၊ မြစ်သားမြို့နယ် ကုက္ကိုကုန်းကျေးရွာနေ ဦးညိုလေး+ဒေါ်လုံးတို့အား အမှူးထား၍ မူဆယ်မြို့နယ် မိုင်းယု(၁၀၅) မိုင်နေအလှူဒါယကာ ဦးကျော်မျိုးဇော်(ခ)ဇော်ပိုင်နှင့် ဇနီးဒေါ်ဝင်းဝင်းဌေးမိသားစုတို့က ရွှေရတနာ့ဗိမာန်တော်ကြီးကို ဆောက်တည်လှူဒါန်းပေးခဲ့ကာ မန္တလေးမြို့ရေပန်းတိုက် အောင်ဇမ္ဗူကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တဥတ္တမဝံသနှင့် မူဆယ်မြို့နယ် မိုင်းယု(၁၀၅)မိုင် အောင်သီရိမင်္ဂလာသုခကျောင်းတိုက်၊ မြို့ဦးရောင်ခြည်ကျောင်းတိုက် ဦးစီးပဓာန နာယကဘဒ္ဒန္တကေသရ က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားပေးခဲ့ပြီး အလှူရှင်မိသားစုများက သံဃာအပါး ၅၀ ကျော်ပင့်ဖိတ်၍ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းအစုစုတို့ကို ရေစက်သွန်းချအမျှပေးဝေသည်။

**သန့်ဇင်(မြန်မာ့အလင်း)**

❐ *ကျောဖုံးမှ*

ပုံစံကောင်းပျောက်ဆုံးခဲ့ပြီး ဂိုးပြတ်ရှုံးပွဲကြုံတွေ့မှုနှင့်အတူ အက်ဖ်အေဖလားပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီဖြစ်သည်။ မန်စီးတီးအသင်းမှ တိုက်စစ်ကစားသမား ဟာလန်းသည် အထူးခြေစွမ်းပြသကာ ယခုပွဲစဉ်တွင် ဟက်ထရစ်ရရှိခဲ့သည့်အတွက် ငါးရက်အတွင်း ဟက်ထရစ်နှစ်ကြိမ်ရယူနိုင်ခဲ့သည်။

ယခုပွဲရှုံးနိမ့်မှုကြောင့် ဘန်လေအသင်းသည် ဒီဇင်ဘာ ၂၂ ရက်က အီးအက်ဖ်အယ်ဖလားပြိုင်ပွဲတွင် မန်ယူအသင်းကို နှစ်ဂိုးပြတ်ရှုံးနိမ့်မှုနောက်ပိုင်း ပထမဆုံးအကြိမ် ရှုံးပွဲကြုံတွေ့ခဲ့ခြင်း ဖြစ်သည်။ မန်စီးတီးအသင်းသည် ဘန်လေအသင်းဘက်သို့ ဂိုးကန်သွင်းမှုအကြိမ် ၂၀ ထက်မနည်း ပြုလုပ်နိုင်ခဲ့ပြီး ဂိုးပေါက်တည့်မတ်မှု ၁၀ ကြိမ်တွင် ခြောက်ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ပြိုင်ဘက်ဘန်လေအသင်းက မန်စီးတီးအသင်းဘက်သို့ ဂိုးကန်သွင်းမှုခြောက်ကြိမ်သာ ပြုလုပ်နိုင်ခဲ့ပြီး ဂိုးပေါက်တည့်မတ်မှု သုံးကြိမ်ရှိခဲ့သော်လည်း ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်း မရှိခဲ့ချေ။ မန်စီးတီးအသင်းအတွက် သွင်းဂိုးများကို ဟာလန်း၊ အယ်ဗာရက်ဇ်နှင့် ပဲလ်မာတို့က သွင်းယူပေးနိုင်ခဲ့သည်။ **အောင်ဇော်**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်) ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် မတ် ၁၉**

ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသ တစ်လျှောက်မှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်)ဖြင့် ရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆေးအဖွဲ့များမှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများသည် ပေါက်တောမြို့နယ် ပြိုင်းတောင်ကျေးရွာအုပ်စု စိုးမဲကျီကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ခွဲစိတ်ကုသပြီးသော မျက်စိခွဲစိတ်လူနာ ခြောက်ဦးကို ဆေးရုံရေယာဉ်ပေါ်၌ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

**ပြန်လည်ပို့ဆောင်ပေး**

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေး၍ မျက်စိခွဲစိတ် လူနာများကို မျက်မှန်များ တပ်ဆင်ပေးပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ **(ယာပုံ)** ထို့နောက် အဆိုပါလူနာများကို တပ်မတော်ရေယာဉ်ဖြင့် စိုးမဲကျီဆိပ်ကမ်းသို့ ပြန်လည်ပို့ဆောင်ပေးသည်။

ထို့အတူ နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် စိုးမဲကျီကျေးရွာရှိ ဓမ္မရက္ခိတစိုးမဲကျီကျောင်းတိုက်၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၀၀၈ ဦးကို ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးကြသည်။

**တက်ရောက်ကုသ**

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၃၈၂ ဦး၊ ခွဲစိတ်ရောဂါ ၅၁ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၇ ဦး၊ ကလေးရောဂါ ၁၁၄ ဦး၊ အရိုးရောဂါ ၁၁၀၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၅၅ ဦး၊ မျက်စိရောဂါ ၂၁၆ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၅၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ခွဲစိတ်ကုသရန် လိုအပ်သူ အထွေထွေခွဲစိတ်လူနာ ငါးဦး၊ မျက်စိခွဲစိတ်လူနာ ခြောက်ဦး၊ ဓာတ်မှန်ရိုက်လူနာ လေးဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၅၉ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၅၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၂ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သူ တစ်ဦးကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး ဆောင်ရွက်ပေးသည်။

ကျန်းမာရေး ဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါတယ်–

“ကြက်ခြေနီ တပ်ဖွဲ့က ပေါက်တောမြို့မှာလာပြီး ပါဝင်ကူညီဆောင်ရွက်ပေးတာ ဖြစ်ပါတယ်။ ဆေးရုံဆေးခန်းကတော့ ပေါက်တောမြို့မှာ ဖွင့်ထားတဲ့ ဆေးခန်းတွေတော့ ရှိပါတယ်။ ဒါပေမယ့် ပြည့်စုံလုံလောက်မှု မရှိတာတွေတော့ ကြုံရပါတယ်။ အခုလို သင်္ဘောကြီးလာတဲ့အတွက် ကျွန်တော်တို့မှာ ပြည့်ပြည့်စုံစုံ ပါဝင်လာတဲ့အတွက် အင်မတန်မှ အားလဲရှိပါတယ်။ သင်္ဘောကြီးက ဆေးကုသဖို့ လာတယ်ဆိုတာ တစ်သက်မှာ တစ်ခါမှမကြုံဖူးပါဘူး။ အခုချိန်မှာ သင်္ဘောကြီး ရောက်ခဲ့တဲ့အတွက် ဒေသခံပြည်သူတွေ တစ်ရက်မှာ တစ်ထောင်ကျော် ဆေးကုသခွင့်ရတဲ့အတွက် အင်မတန်မှ ဝမ်းသာပါတယ်။ တချို့ဆိုရင် မျက်စိလုံးဝ ကွယ်နေတဲ့ သူတွေကိုတောင် ဆေးဝါးအပြည့်အစုံနဲ့ ကုသပေးမှုကြောင့် မျက်စိကို မြင်ရတဲ့အထိ အောင်မြင်စွာကုသပေးနိုင်တာ ကို ကိုယ်တိုင် တွေ့ကြုံခဲ့ရပါတယ်။ ဒါကြောင့် ဒေသခံတွေကိုယ်စား ဂုဏ်ယူဝမ်းမြောက် မိပါတယ်။ အထူးပြောချင်တာကတော့ အခုလာပြီး ကျန်းမာရေးကို စေတနာ အနစ်နာနှင့် ကုသပေးတဲ့ ဆရာ ဆရာမတွေ၊ ပါရဂူတွေ၊ ကူညီ လုပ်ကိုင်ပေးတဲ့ သူတွေကအစ အင်မတန်မှ ဝမ်းသာမိပါတယ်။ ဒီနေရာမှာရှိတဲ့ ဒေသခံတွေက ငွေကြေးအရသော်လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေးအရသော် လည်းကောင်း တော်တော်လေး ခက်ခဲနေတာ ဖြစ်ပါတယ်။ ဒီဒေသကို သင်္ဘောကြီး လာရောက်ကုသပေးတဲ့အတွက် ဒေသခံတွေက အင်မတန်မှ ပျော်ရွှင်ပီတိလည်း ဖြစ်ရပါတယ်။ ဝမ်းပန်းတသာနဲ့ ကြိုဆိုနေတာကို မျက်မြင်ကိုယ်တွေ့ မြင်ရပါတယ်။ အခုလိုလာရောက်ပေးတဲ့အတွက် ကန္တာရမှာ မိုးရွာသလိုပါပဲ၊ လာပေးတဲ့အတွက် သက်ဆိုင်ရာ တာဝန်ရှိသူတွေ၊ နိုင်ငံတော်အကြီးအကဲနှင့်တကွ တာဝန်ရှိသူတွေကအခုလို စီစဉ်ပေးတဲ့အတွက် သမားတော်ကြီးတွေ၊ ပါရဂူကြီးတွေ၊ သူနာပြုတွေ၊ ဆရာမတွေ၊ ဆရာတွေ၊ သက်ဆိုင်ရာဌာနအသီးသီးကဝိုင်းဝန်းကူညီကြသူတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ နောက်နောင်ကို ကျွန်တော်တို့ မြို့နယ်ကိုလာခဲ့ပါလို့ တောင်းဆိုပါတယ်။ လာပါစေလို့လည်း ဆုတောင်းပါတယ်။”

“အခမဲ့ဆေးကုသပေးမယ်လို့ ပေါက်တောမြို့မှာ ကြေညာပါတယ်။ အသွားအပြန်အားလုံး အခမဲ့လုပ်ပေးမယ်လို့ ပြောပါတယ်။ တပ်မတော်ကနေပြီး အခမဲ့ဆေးတပ်ဖွဲ့ကနေပြီး အခမဲ့ ပို့ဆောင်ပေးပါတယ်။ အခုလို လာရောက်ကုသပေးတဲ့အတွက်ဝမ်းသာမိပါတယ်။ ဂရုစိုက်ပြီး ကုသပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဘင်္ဂလားပင်လယ်အော်နဲ့ နီးတဲ့အတွက် သွားရလာရ အခက်ခဲဆုံးနေရာကို လာရောက်ကုသပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒီလိုကျန်းမာရေး စောင့်ရှောက်မှုတွေကို တစ်နှစ်တစ်ခါ လာရောက် ကုသပေးစေချင်ပါတယ်။ ဒီလို နိုင်ငံတော်ကနေပြီး ရခိုင်ပြည်နယ်ကို လာရောက်ပြီး အခမဲ့ ဆေးကုသပေးတဲ့သူတွေ အားလုံးကို ကျေးဇူးတင်ပါတယ်။”

**သတင်းစဉ်**





ဒေသခံပြည်သူများ။


မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | – အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – မြင့်စိုး |
| သတင်းထောက်မှူး | – ခင်ရတနာ |
| စာတည်းများ | – ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | – ခြူးစန္ဒီဌေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | – ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | – ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | – တင်စိုး |
| သုတေသန | – အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ**– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**–၄၀၊ **စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၉ – ၃ – ၂၀၂၃

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား | ကျပ် ၂၁၅၃၆၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား | ကျပ် ၂၁၅၉၅၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ | အမေရိကန်ဒေါ်လာ ၁၈၂၈ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ | အမေရိကန်ဒေါ်လာ ၁၈၃၃ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၇၅ ကျပ် | ၂၂၂၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၅၅ ကျပ် | ၂၃၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၅၀ ကျပ် | ၂၁၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၃၅ ကျပ် | ၂၂၈၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၂၂၅ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၅၄၉ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၉ . ၉၃၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၃၆ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၆၄ . ၆၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၃၀၁ . ၇၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၅ . ၅၉၆ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၃၀၀ | ၈၃၀၀ | ၆ | ၄၉၈၀၀ |
| MTSH | ၃၂၀၀ | ၃၂၅၀ | ၁၆၇၅ | ၅၄၃၇၀၀၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၇ | ၅၃၉၀၀ |
| FPB | ၁၆၅၀ | ၁၆၅၀ | ၁၈၁၄ | ၂၉၉၃၁၀၀ |
| TMH | ၂၆၅၀ | ၂၆၅၀ | ၅ | ၁၃၂၅၀ |
| EFR | ၂၆၅၀ | ၂၆၅၀ | ၁၀ | ၂၆၅၀၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၇၃ | ၃၅၇၇၀၀ |

ညီညီ – စုစည်းသည်


# အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား ကျောင်းသူများအားလုံး အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို သင်ယူလေ့ကျင့်ခွင့် ရရှိနိုင်ရေးအတွက် ခရိုင် ၅၈၏ မြို့နယ်များရှိ အခြေခံပညာအထက်တန်းကျောင်း ၅၁ ကျောင်းတွင် တွဲဖက်ဖွင့်လှစ်နိုင်ရန် **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်မည့် အဆိုပါ အခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများသည် အထက်တန်းဆင့် သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည် ဖြစ်ပါသည်။

**(အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက် သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။)**

သို့ဖြစ်ပါ၍ အခြေခံပညာအလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူများ သိရှိနိုင်စေရန် (၁) အခြေခံပညာ အထက်တန်းဆင့်၊ (၂) စက်မှုနည်းပညာ၊ (၃) စိုက်ပျိုးရေးအတတ်ပညာ၊ (၄) မွေးမြူရေးအတတ်ပညာ စသည့် ပညာရေးလမ်းသွယ် (၄)မျိုး ရွေးချယ်သင်ယူနိုင်မည့် အခွင့်အလမ်းများကို သတင်းကောင်းပါးအပ်ပါသည်။




## (၁) အခြေခံပညာအထက်တန်းဆင့်

ပုံမှန်ဖွင့်လှစ်လျက်ရှိသော အခြေခံပညာအထက်တန်းကျောင်းများတွင် အခြေခံပညာအထက်တန်းဆင့် (Grade 10, Grade 11, Grade 12) ပညာသင်ကာလ (၃)နှစ် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများသည် ၎င်းတို့သင်ယူသောဘာသာတွဲများအလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်း ပြည့်မီပါက အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များဖြစ်သည့် ဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ် အစရှိသည့် တက္ကသိုလ်များ၊ ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် သိပ္ပံများသို့ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

## (၂) စက်မှုနည်းပညာ

စက်မှုနည်းပညာလမ်းကြောင်းတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် အထူးပြုဘာသာရပ်(၃)မျိုး ဖြစ်သည့် အဆောက်အဦနည်းပညာ (Building Technology)၊ လျှပ်စစ်နည်းပညာ (Electrical Technology) နှင့် စက်ပစ္စည်း အစိတ်အပိုင်းများထုတ်လုပ်ခြင်းနည်းပညာ (Machining Technology) ဘာသာရပ်များကို ပညာသင်ကာလ (၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

စက်မှုနည်းပညာလမ်းကြောင်းတွင် တက်ရောက်သည့် ကျောင်းသားများအတွက် ဆက်လက်သင်ယူနိုင်မည့် အခွင့်အလမ်းများမှာ အထူးအောင် (Credit) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ်(၆)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာဘွဲ့ (BE) ပေးအပ်သော နည်းပညာတက္ကသိုလ်များနှင့် ပညာသင်နှစ် (၄) နှစ် တက်ရောက်ရပြီး နည်းပညာဘွဲ့ (B.Tech) ပေးအပ်သော အစိုးရနည်းပညာကောလိပ်များသို့ လည်းကောင်း၊ အဆင့်မီ (Qualified) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် (၃)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာ နည်းပညာဒီပလိုမာ (AGTI Diploma) ပေးအပ်သော အစိုးရစက်မှုလက်မှုသိပ္ပံများသို့လည်းကောင်း ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာ နည်းပညာ ဒီပလိုမာသင်တန်းကို ထူးချွန်စွာ အောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်သူများအနေဖြင့် ပြီးမြောက်ကြောင်း အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ လေ့ကျင့်သင်ကြားပေးထားသဖြင့် ပြင်ပလုပ်ငန်းခွင်များသို့ ဝင်ရောက်ရာတွင်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း များစွာအထောက်အကူရရှိစေမည် ဖြစ်ပါသည်။

## (၃) စိုက်ပျိုးရေးအတတ်ပညာ

စိုက်ပျိုးရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် စိုက်ပျိုးရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ (၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

အထူးအောင်(Credit) ဖြင့်အောင်မြင်သူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် စိုက်ပျိုးရေး သိပ္ပံဘွဲ့ (Bachelor of Agricultural Science) (၅)နှစ် သင်တန်းကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ အဆင့်မီ (Qualified) ဖြင့် အောင်မြင်သူများသည် တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးတွင် ဖွင့်လှစ်ထားသော စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ စိုက်ပျိုးရေး ဒီပလိုမာလက်မှတ် (Diploma in Agriculture) (၃)နှစ် သင်တန်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၏ အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma – Farm Machinery) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (၅)နှစ် သင်တန်း၏ တတိယနှစ် (ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာ အောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏တတိယနှစ်(ပထမနှစ်ဝက်) သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက စိုက်ပျိုးရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့်သက်ဆိုင်သော အခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။

## (၄) မွေးမြူရေး အတတ်ပညာ

မွေးမြူရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် မွေးမြူရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ (၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

အထူးအောင် (Credit) ဖြင့်အောင်မြင်သူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် တိရစ္ဆာန် ဆေးပညာဘွဲ့ (Doctor of Veterinary Medicine) (၆)နှစ် သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (Bachelor of Animal Science) (၄)နှစ် သင်တန်းများကို တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။

အဆင့်မီ (Qualified)ဖြင့် အောင်မြင်သူများသည် စိုက်ပျိုးရေးသိပ္ပံများ၏ မွေးမြူရေး ဒီပလိုမာ (Diploma in Animal Husbandry) (၃)နှစ် သင်တန်းနှင့် ငါးလုပ်ငန်းသိပ္ပံ၏ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာ (Diploma in Fisheries and Aquaculture) (၃)နှစ် သင်တန်းသို့ တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။

မွေးမြူရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူသည် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (၄)နှစ်သင်တန်း၏ တတိယနှစ် (ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။ ငါးလုပ်ငန်းသိပ္ပံ ဒီပလိုမာသင်တန်းတွင် ထူးချွန်စွာ အောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းဆိုင်ရာ ဘာသာရပ် တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက မွေးမြူရေးအတတ်ပညာ အောင်လက်မှတ် ရရှိမည်ဖြစ်ပြီး မွေးမြူရေးနှင့် သက်ဆိုင်သော အခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။

အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို တွဲဖက်သင်ကြားမည့် အောက်ဖော်ပြပါ အခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

### ၂၀၂၃-၂၀၂၄ ပညာသင်နှစ် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ကိုယ်ပိုင် အုပ်ချုပ်ခွင့်ဒေသ | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်း တည်ရှိရာ မြို့နယ် | ကျောင်းအမည် |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၁ | မိုးညှင်း | မိုးညှင်းမြို့ | မိုးညှင်း | အထက(၂)မိုးညှင်း |
| | | ၂ | မြစ်ကြီးနား | မြစ်ကြီးနား | ဝိုင်းမော် | အထက(၁)ဝိုင်းမော် |
| | | ၃ | ဗန်းမော် | ဗန်းမော်မြို့ | ဗန်းမော် | အထက(၁)ဗန်းမော် |
| ၂ | ကယား | ၄ | လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် | အထက-ချိကယ် |
| ၃ | ကရင် | ၅ | ဘားအံ | ဘားအံ | ဘားအံ | အထက-ဒုံရင်း |
| | | ၆ | ကော့ကရိတ် | ကော့ကရိတ် | ကော့ကရိတ် | အထက(၂) ကော့ကရိတ် |

*စာမျက်နှာ ၂၁ သို့*

# တာမွေမြို့နယ် လေးထောင့်ကန်လမ်းနှင့် သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်း ကတ္တရာကွန်ကရစ်လမ်းများဖွင့်လှစ်



**နေပြည်တော် မတ် ၁၉**

(၇၈) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ လေးထောင့်ကန်လမ်း (အရှေ့မြင်းပြိုင်ကွင်းလမ်းမှ ဝေဇယန္တာလမ်းအထိ) ကတ္တရာကွန်ကရစ်လမ်းနှင့် သဃ်န်းကျွန်းမြို့နယ်ရှိ ဝေဇယန္တာလမ်း (ရတနာလမ်းမှ အုတ်ပုံဆိပ်လမ်းအထိ) ကတ္တရာကွန်ကရစ်လမ်းများ ဖွင့်ပွဲကို မတ် ၁၈ ရက်က အဆိုပါလမ်းများ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တာမွေမြို့နယ် လေးထောင့်ကန်လမ်း (အရှေ့မြင်းပြိုင်ကွင်းလမ်းမှ ဝေဇယန္တာလမ်းအထိ) ကတ္တရာကွန်ကရစ်လမ်းနှင့် သဃ်န်းကျွန်းမြို့နယ်ရှိ ဝေဇယန္တာလမ်း (ရတနာလမ်းမှ အုတ်ပုံဆိပ်လမ်းအထိ) ကတ္တရာကွန်ကရစ်လမ်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါလမ်းများကို လိုက်လံကြည့်ရှုခဲ့ကြသည်။

အဆိုပါလမ်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တာမွေမြို့နယ်ရှိ လေးထောင့်ကန်လမ်း (အရှေ့မြင်းပြိုင်ကွင်းလမ်းမှ ဝေဇယန္တာလမ်းအထိ) အရှည် ၃၈၀၂ ပေကို လည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ်ရှိ ဝေဇယန္တာလမ်း (ရတနာလမ်းမှ အုတ်ပုံဆိပ်လမ်းအထိ) အရှည် ပေ ၁၅၈၁၀ ကိုလည်းကောင်း ကတ္တရာကွန်ကရစ်လမ်းများအဖြစ် လမ်းအဆင့် မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျိုင်းတုံမြို့နယ်နှင့် မုံရွာမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် မတ် ၁၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်အတွင်းရှိ ကတ်ထိုက်ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဒေသခံတိုင်းရင်းသား ပြည်သူ စုစုပေါင်း ၄၅၀ တို့အားလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ ကံကြီးကျေးရွာဘုန်းတော်ကြီးကျောင်း၌ သံဃာတော်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၆၂ ဦးတို့အား ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံတိုင်းရင်းသားပြည်သူများအား သွေးတိုးရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ အရေပြားရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်းနှင့် ခာတ်မှန်ရိုက်ပေးခြင်း စသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို သက်ဆိုင်ရာတပ်နယ်ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အလိုက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၂၀ မှ*

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ကိုယ်ပိုင် အုပ်ချုပ်ခွင့်ဒေသ | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်း တည်ရှိရာ မြို့နယ် | ကျောင်းအမည် |
|---|---|---|---|---|---|---|
| ၄ | ချင်း | ၇ | ပလက်ဝ | ပလက်ဝ | ပလက်ဝ | အထက(၁) ပလက်ဝ |
| | | ၈ | ဟားခါး | ဟားခါး | ဟားခါး | အထက(၂)ဟားခါး |
| ၅ | စစ်ကိုင်း | ၉ | မုံရွာ | မုံရွာ | မုံရွာ | အထက(၂)အလုံ |
| | | ၁၀ | ရွှေဘို | ရွှေဘို | ရွှေဘို | အထက(၁)ရွှေဘို |
| | | ၁၁ | စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း | အထက- အုန်းတော |
| ၆ | တနင်္သာရီ | ၁၂ | မြိတ် | မြိတ် | မြိတ် | အထက-သမုတ် |
| | | ၁၃ | ထားဝယ် | ထားဝယ် | ထားဝယ် | အထက(၄) ထားဝယ် |
| ၇ | ပဲခူးတိုင်း | ၁၄ | ပဲခူး | ပဲခူး | ကဝ | အထက-အုန်းနဲ့ |
| | | ၁၅ | သာယာဝတီ | သာယာဝတီ | အုတ်ဖို | အထက- အေးမြသာယာ |
| | | ၁၆ | တောင်ငူ | တောင်ငူ | အုတ်တွင်း | အထက- ညောင်ခြေထောက် |
| | | ၁၇ | ပြည် | ပြည် | ရွှေတောင် | အထက-ရွှေတောင် |
| ၈ | မကွေး | ၁၈ | မင်းဘူး | မင်းဘူး | မင်းဘူး | အထက-စကု |
| | | ၁၉ | မကွေး | မကွေး | မြို့သစ် | အထက- မြေပြင်သာ |
| | | ၂၀ | အောင်လံ | အောင်လံ | အောင်လံ | အထက-ပြလို့ |
| | | ၂၁ | သရက် | သရက် | သရက် | အထက-သရက် |
| ၉ | မန္တလေး | ၂၂ | ရမည်းသင်း | ရမည်းသင်း | ပျော်ဘွယ် | အထက(၁) ပျော်ဘွယ် |
| | | ၂၃ | မိတ္ထီလာ | မိတ္ထီလာ | မိတ္ထီလာ | အထက(၆) မိတ္ထီလာ |
| | | ၂၄ | ညောင်ဦး | ညောင်ဦး | ညောင်ဦး | အထက- လက်ပံပြား |
| | | ၂၅ | ကျောက်ဆည် | ကျောက်ဆည် | မြစ်သား | အထက-မြစ်သား |
| | | ၂၆ | သပိတ်ကျင်း | သပိတ်ကျင်း | စဉ့်ကူး | အထက-ရွှေပြည် |
| ၁၀ | မွန် | ၂၇ | ရေး | ရေး | ရေး | အထက-ဟံဂံ |
| | | ၂၈ | သထုံ | သထုံ | သထုံ | အထက(၁)သထုံ |
| ၁၁ | ရခိုင် | ၂၉ | စစ်တွေ | စစ်တွေ | စစ်တွေ | အထက(၁)စစ်တွေ |
| | | ၃၀ | သံတွဲ | သံတွဲ | သံတွဲ | အထက(၂)သံတွဲ |
| | | ၃၁ | အမ်း | အမ်း | အမ်း | အထက(၁)အမ်း |
| ၁၂ | ရန်ကုန် | ၃၂ | ဒဂုံမြို့သစ် | ဒဂုံမြို့သစ်(တ) | ဒဂုံမြို့သစ်(တ) | အထက-စိုက်မွေး |
| | | ၃၃ | တွံတေး | တွံတေး | တွံတေး | အထက- သဝန်းတော |
| | | ၃၄ | မှော်ဘီ | မှော်ဘီ | မှော်ဘီ | အထက- ညောင်နှစ်ပင် |
| | | ၃၅ | လှည်းကူး | လှည်းကူး | လှည်းကူး | အထက- ငါးဆူတောင် |
| ၁၃ | ရှမ်း (တောင်) | ၃၆ | တောင်ကြီး | တောင်ကြီး | တောင်ကြီး | အထက(၁) အေးသာယာ |
| ၁၄ | ရှမ်း (မြောက်) | ၃၇ | ကျောက်မဲ | ကျောက်မဲ | ကျောက်မဲ | အထက(၃) ကျောက်မဲ |
| | | ၃၈ | လားရှိုး | လားရှိုး | လားရှိုး | အထက(၁)လားရှိုး |
| ၁၅ | ရှမ်း (အရှေ့) | ၃၉ | ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ | အထက-ဝမ်အွယ် |
| ၁၆ | ဧရာဝတီ | ၄၀ | ဖျာပုံ | ဖျာပုံ | ဒေးဒရဲ | အထက(၁)ဒေးဒရဲ |
| | | ၄၁ | မအူပင် | မအူပင် | ညောင်တုန်း | အထက-စက္ကော့ |
| | | ၄၂ | ပုသိမ် | ပုသိမ် | ကန်ကြီးထောင့် | အထက- ကန်ကြီးထောင့် |
| | | ၄၃ | မြန်အောင် | မြန်အောင် | ကြံခင်း | အထက- ချင်းမြောင် |
| ၁၇ | နေပြည်တော် | ၄၄ | ဇေယျာသီရိ | ပုဗ္ဗသီရိ | ပုဗ္ဗသီရိ | အထက(၂၀) ပုဗ္ဗသီရိ |
| | | ၄၅ | ပျဉ်းမနား | ပျဉ်းမနား | ပျဉ်းမနား | အထက(၁) ပျဉ်းမနား |
| ၁၈ | ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၄၆ | ပအိုဝ်း | ဟိုပုံး | ဟိုပုံး | အထက(ခွဲ) ပေါင်လင်း |
| ၁၉ | ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၄၇ | ပလောင် | မန်တုံ | မန်တုံ | အထက-မန်တုံ |
| ၂၀ | ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၄၈ | ကိုးကန့် | လောက်ကိုင် | လောက်ကိုင် | အထက(၂) လောက်ကိုင် |
| ၂၁ | ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၄၉ | ဓနု | ပင်းတယ | ပင်းတယ | အထက-ကျုံး |
| ၂၂ | နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၅၀ | နာဂ | လဟယ် | နန်းယွန်း | အထက-နန်းယွန်း |
| | | ၅၁ | နာဂ | လဟယ် | လဟယ် | အထက-လဟယ် |

# ကျောက်တစ်လုံး ကြိုးပြင်ကာကွယ်တော သတ်မှတ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် နေပြည်တော် ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ်အတွင်း ကျရောက်နေသည့်ဧရိယာ အကျယ်အဝန်း ၆၇၈ ဒသမ ၁၉ ဧကရှိသောနယ်မြေကို **"ကျောက်တစ်လုံး ကြိုး ပြင်ကာကွယ်တော"**အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၂၉/၂၀၂၃)အရ ၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက် (၂၀၂၃ ခုနှစ်၊ မတ်လ ၁၄ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

ကျောက်တစ်လုံး ကြိုးပြင်ကာကွယ်တောသည် ပေါင်းလောင်းချောင်း၏ ရေဝေကြောတောင်တန်းတစ်ခုဖြစ်ပြီး အဝေရာဆည်၏ ရေဝေရေလဲသစ်တောများအား ထိန်းသိမ်းရန် ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။

ကျောက်တစ်လုံး ကြိုးပြင်ကာကွယ်တော ဧရိယာအတွင်း ကျွန်း၊ ပျဉ်းကတိုး၊ တမလန်း၊ အင်၊ နဘဲ၊ ဘင်္ဂ၊ ထောက်ကြံ့၊ လက်ပံ၊ သစ်ရာ၊ ယင်းတိုက်စသည့် သစ်မျိုးများ ပေါက်ရောက်နေပြီး တောဝက်၊ တောကြောင်၊ ယုန်၊ ရှဉ့်၊ ရစ်၊ ဘုတ်၊ ခါ၊ ငုံး၊ လင်းယုန်၊ ဇီးကွက်၊ သင်းခွေချပ်၊ လိပ်၊ လင်းမြီးဆွဲစသည့် တိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာဒေသဖြစ်သည့်အပြင် အဝေရာဆည်၏ ရေဝေရေလဲဧရိယာအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## (၇၈)နှစ်မြောက် တပ်မတော်နေ့ကြိုဆိုဂုဏ်ပြု စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ကျောက်ဖြူ မတ် ၁၉**

၂၀၂၃ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ပြိုင်းစေ့ကေ ကျေးရွာရှိ အောင်မင်္ဂလာ မြတ်ဗုဒ္ဓစွယ်တော်ပွား စေတီတော်တွင် ယနေ့နံနက်ပိုင်းက အမှတ်(၃၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များက စုပေါင်း သန့်ရှင်းရေး ပြုလုပ်သည်။



အဆိုပါ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ရာတွင် အမှတ်(၃၂) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး မျိုးမြင့် ဦးစီး၍ တပ်ဖွဲ့ဝင်နှင့် မိသားစုဝင်များက စေတီတော် ပရိဝုဏ်အတွင်းရှိ အမှိုက်များ၊ ချုံနွယ်ပေါင်းပင်များ ခုတ်ထွင်ရှင်းလင်းခြင်းကို အင်အား ၁၀၀ ခန့် စုပေါင်းပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **ဖြိုးဝေလင်း(ပြန်/ဆက်)**

အောင်မင်္ဂလာ မြတ်ဗုဒ္ဓစွယ်တော်ပွား စေတီတော်တွင် စုပေါင်းသန့်ရှင်းရေး ပြုလုပ်စဉ်။

## မိုင်းစိတ်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း ဆန်စက်များမှ စပါးများ ကြိတ်ခွဲဖြန့်ဖြူးရောင်းချ

**နေပြည်တော် မတ် ၁၉**

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်(တ)မြို့နယ် မိုင်းစိတ်ကျေးရွာ မိုင်းစိတ်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ အသင်းသားပိုင်ဆန်စက် သုံးလုံးဖြင့် ဒေသထွက်စပါးများ ဝယ်ယူ၍ ဆန်ကြိတ်ခွဲ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

အသင်း၏ ဆန်စက်များအနေဖြင့် တစ်နာရီလျှင် စပါးတင်း ၁၂၀၊ တစ်နေ့လျှင် စပါးတင်း ၇၂၀ ခန့် ကြိတ်ခွဲ ထုတ်လုပ်နိုင်သည်။ ဒေသခံတောင်သူများ အနေဖြင့် စပါးများကို သင့်တင့်သောဈေးနှုန်းဖြင့် ရောင်းချနိုင်ပြီး ဆန်စက်များမှ ကြိတ်ခွဲရရှိလာသော ဆန်များကို အသင်းသားပြည်သူများနှင့် စားသုံးသူများထံသို့ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**





## မြန်မာ - ထိုင်း ကုန်ပစ္စည်းများဖလှယ်သည့်နေရာကို သန့်ရှင်းအောင်မလုပ်နိုင်လျှင် စင်ခွန်ဂိတ်ကို ယာယီပိတ်မည်ဟုသတိပေးပြီး ရေခူနှင့်ရေခဲစိမ်ငါးများကို ပိတ်ပင်တော့မည်သိရ

**မောတောင် မတ် ၁၉**

မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား ကုန်ပစ္စည်းများ ဖလှယ်သည့်နေရာကို သန့်ရှင်းအောင်မလုပ်နိုင်လျှင် စင်ခွန်ဂိတ်ကို ယာယီပိတ်မည်ဟု သတိပေးပြီးနောက် ရေခူနှင့် ရေခဲစိမ်ငါးများကိုပါ ပိတ်ပင်မည်ဟု ပရကျွပ်ခီရီခန်ခရိုင်ဝန်ရုံးမှ ထုတ်ပြန်ထားကြောင်း သိရသည်။

တနင်္သာရီတိုင်း ဒေသကြီး မောတောင်မြို့နှင့် ထိစပ်လျက်ရှိသည့် မြန်မာ - ထိုင်း နယ်စပ်ဂိတ်တစ်ခုဖြစ်သော မောတောင်-စင်ခွန် နယ်စပ်ဂိတ်သည် ယခုလက်ရှိတွင် နှစ်နိုင်ငံအကြား ကုန်ပစ္စည်းများ ဖလှယ်ရာတွင် ကုန်သွယ်မှုတန်ဖိုးများ တိုးတက်များပြားလျက်ရှိသော နယ်စပ်ဂိတ်တစ်ခုဖြစ်သည်။

သို့သော်ရေဆိုးရေညစ်များကို ဖြစ်ပေါ်စေသော ရေခူဆားစိမ်များနှင့် ရေခဲစိမ်ငါးများကိုမူ ကုန်စည်ဖလှယ်ခွင့် ပိတ်ပင်သွားမည်ဟု ပြောကြားထားကြောင်း သိရသည်။

"မောတောင် - စင်ခွန်ဂိတ်နှစ်ခုအကြားမှာ No man's land လို့ခေါ်တဲ့ လူမနေရ ကြားနေဇုန်တစ်ခု ရှိပါတယ်။ အရှည်ကတော့ မီတာ ၂၀၀ ခန့်ရှိတယ်။ ကိုဗစ်-၁၉ အလွန်ကာလမှာတော့ ဒီ No man's land အတွင်းမှာပဲ ကုန်ပစ္စည်းများကို ဖလှယ်ခွင့်ပြုခဲ့ပါတယ်။ အခုလက်ရှိမှာတော့ ဒီနယ်စပ် ကုန်သွယ်ရေးစခန်းနှစ်ခုအကြား ကုန်စည်ဖလှယ်ရာ No man's land မှာ ကုန်တင်ယာဉ်အစီးရေ ၅၀ ခန့် နေ့စဉ်ပုံမှန် ကုန်စည်များ ဖလှယ်လျက်ရှိပါတယ်"ဟု မြိတ်မြို့မှ ကုန်စည်ပို့ဆောင်နေသူတစ်ဦးက ပြောကြားသည်။

ယခုအခါ No man's land တွင် ရေထွက်ပစ္စည်းများမှ ကျဆင်းသောရေများ၊ အခြားစွန့်ပစ်ပစ္စည်းနှင့် အမှိုက်များကြောင့် တစ်နေ့တခြား ဆိုးရွားလာသော အနံ့အသက်များဒဏ်ကို ခံစားနေရသော ထိုင်းနယ်စပ်လုံခြုံရေးတာဝန် ထမ်းဆောင်နေသူများ၏ တိုင်ကြားချက်အရ ပရကျွပ်ခီရီခန် ခရိုင်ဝန်ရုံးအနေဖြင့် ၂၀၂၃ ခုနှစ် မတ် ၁၈ ရက်တွင် သက်ဆိုင်ရာ ကုန်စည်ဖလှယ်မှုများကို တာဝန်ယူဆောင်ရွက်နေကြသော ထိုင်းကုမ္ပဏီများအား သန့်ရှင်းရေးနှင့် ရေဆိုးရေညစ်ကျဆင်းမှုများအား မထိန်းသိမ်းနိုင်လျှင် စနစ်တစ်ခုချမှတ်နိုင်သည်အထိ စင်ခွန်အထူးယာယီဂိတ်၏ ကုန်စည်ဖလှယ်မှုကို ယာယီရပ်ဆိုင်းထားမည်ဟု သတိပေးခဲ့သည်။ ထိုင်းကုမ္ပဏီများကလည်း မြန်မာဘက်မှကုန်ကားများမှ စွန့်ပစ်ပစ္စည်းများနှင့် အမှိုက်များကို မိမိတို့ဘက်သို့ ပြန်လည်ယူဆောင်သွားခြင်း မရှိသောကြောင့် ယခုကဲ့သို့ ဖြစ်ရကြောင်းနှင့် ၎င်းတို့မှ အတတ်နိုင်ဆုံး အကောင်းဆုံးထိန်းသိမ်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြန်လည်တင်ပြခဲ့ကြပြီး ခရိုင်ဝန်ရုံးမှ တင်ပြထားသည့်အတိုင်း ဆောင်ရွက်သွားနိုင်မှုအခြေအနေကို စစ်ဆေးစိစစ်သွားမည်ဖြစ်ကြောင်း သိရသည်။



ယခုလက်ရှိတွင် မြိတ်ခရိုင်မှ လုပ်ငန်းရှင်များနှင့် ရေလုပ်သားများသည် လေး၊ ငါးနှစ်မှ တစ်ကြိမ်သုံး၊ လေးလသာ အမြောက်အမြား ပေါ်သော ရေခူများကို အရင်းအနှီးများ၊ လုပ်အားများပုံအော၍ လုပ်ဆောင်နေကြရပြီး အဓိက ဈေးကွက်မှာလည်း ထိုင်းနိုင်ငံဖြစ်သည့်အတွက် မောတောင် - စင်ခွန် နယ်စပ်ကုန်သွယ်ရေးဂိတ်ကို ပို့ဆောင်ရေးလမ်းကြောင်းအဖြစ် အဓိက အားထားကာ ဆောင်ရွက် နေရသောကြောင့် အဆိုပါ လုပ်ငန်းရှင်များနှင့် ရေလုပ်သားများအတွက် အခက်တွေ့စေမည့် အကြောင်းတစ်ခုလည်း ဖြစ်လာနိုင်ကြောင်း သိရသည်။

"ဒီမှာက မြန်မာကုန်တင်ကုန်ချလုပ်သားတွေနဲ့ ထိုင်းက ကုန်တင်ကုန်ချ လုပ်သားတွေ အဆင်ပြေစေဖို့ တစ်ရက်ခြားစီ အလှည့်ကျစနစ်နဲ့ ကုန်စည်အတင်အချများကို ဆောင်ရွက်လျက်ရှိကြပါတယ်" ဟု မြိတ်မြို့မှ လုပ်ငန်းရှင်တစ်ဦးက ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံဘက်မှ ကုန်ပစ္စည်းဖလှယ်မှုကို တစ်ပတ်လျှင် ခြောက်ရက် ခွင့်ပြုထားရာမှ ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီမှ စတင်၍ တနင်္ဂနွေနေ့ကိုပါ ထပ်မံခွင့်ပြုခဲ့ပြီး ကုန်သွယ်မှုအချိန်ကိုလည်း နံနက် ၆ နာရီခွဲမှ ညနေ ၆ နာရီခွဲအထိ ကိုဗစ် - ၁၉ ရောဂါ မဖြစ်ခင်ကာလအတိုင်း ပြန်လည်ခွင့်ပြုပေးခဲ့ပြီး ကိုဗစ် - ၁၉ ရောဂါကြောင့် တင်ပို့ခွင့် ယာယီရပ်ဆိုင်းထားသော ကုန်ပစ္စည်းအချို့ကိုလည်း ပြန်လည်ခွင့်ပြုခဲ့ကြောင်း သိရသည်။

မြန်မာ - ထိုင်း နယ်စပ်ဂိတ်တစ်ခုဖြစ်သော မောတောင် - စင်ခွန်နယ်စပ်ဂိတ်တွင် မြန်မာနိုင်ငံ မြိတ်ခရိုင်ဘက်မှ ရေထွက်ပစ္စည်းအများစုကို တင်ပို့လျက်ရှိပြီး ထိုင်းနိုင်ငံ ပရကျွပ်ခီရီခန်ခရိုင်ဘက်မှလည်း လူသုံးကုန်၊ စားသုံးကုန်ပစ္စည်းများကို နယ်စပ်ကုန်သွယ်ရေးအနေဖြင့် တင်ပို့လျက်ရှိကြောင်းနှင့် ထိုသို့ကုန်သွယ်မှုပြုရာတွင် မြိတ်ခရိုင်ဘက်မှ တင်ပို့မှုများမှာ ပရကျွပ်ခီရီခန်ခရိုင်ဘက်မှ တင်ပို့မှုတန်ဖိုးများထက် ပိုမိုများပြားလျက်ရှိကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

# တောင်ကိုရီးယားနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် ဆက်ဆံရေးမြှင့်တင်

**ဒါကာ မတ် ၁၉**


တောင်ကိုရီးယားနိုင်ငံ၏ အထူးသံတမန်ဖြစ်သူ Jang Sung Min က ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာနိုင်ခြေများစွာရှိပြီး အနာဂတ်မဟာဗျူဟာအတွက် နောက်ထပ်ဖွံ့ဖြိုးတိုးတက်မှုအဆင့်သို့ တက်လှမ်းရန် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို ကမ်းလှမ်းခဲ့ကြောင်း ယခုလဆန်းပိုင်းက ပြောကြားသည်။

တောင်ကိုရီးယား နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် ပိုမိုခိုင်မာသော မိတ်ဖက်နိုင်ငံတစ်ခု ဖြစ်လာနိုင်ပြီး နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုကျယ်ပြန့်နက်ရှိုင်းအောင် ဆောင်ရွက်လိုကြောင်းနှင့် ရှေ့ဆက်ဆောင်ရွက်လိုသည်များများစွာရှိသေးကြောင်း ဒါကာမြို့ရှိ ဟိုတယ်တစ်ခု၌ ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ၎င်းက ပြောကြားသည်။

နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင်နိုင်ရန် ၎င်းက အလေးပေးပြောကြားခဲ့ပြီး လာမည့်နှစ်ပေါင်း ၅၀ အတွင်း နှစ်နိုင်ငံအကြား ပိုမိုကျယ်ပြန့်သော ပူးပေါင်းဆောင်ရွက်မှုများအတွက် ယခုခရီးစဉ် စတင်ခဲ့ကြောင်းလည်း ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့ရှိ ကိုရီးယားပို့ကုန်စီမံဆောင်ရွက်ရေးဇုန် (Korean EPZ) နှင့် ပတ်သက်၍ နှစ်နိုင်ငံလုံးက ဆွေးနွေးနေကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မကြာသေးမီနှစ်များအတွင်း တစ်ဟုန်ထိုးစီးပွားရေးတိုးတက်မှုများရှိခဲ့ကာ တိုးတက်မှုနှုန်းသည် ကိုရီးယားနိုင်ငံထက် ပိုမိုမြန်ဆန်ကြောင်းလည်း ပြောကြားခဲ့သည်။

အထူးသံတမန်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဝန်ကြီးချုပ် Sheikh Hasina၊ နိုင်ငံခြားရေးဝန်ကြီး Dr AK Abdul Momen တို့နှင့်တွေ့ဆုံခဲ့ပြီး လာမည့်နှစ် ၅၀ အတွင်း ပိုမိုလေးနက်သော ပူးပေါင်းဆောင်ရွက်မှုများ၊ အနာဂတ်ပူးပေါင်းဆောင်ရွက်မှုနည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။ အဆိုပါခရီးစဉ်တွင် တောင်ကိုရီးယားသမ္မတ၏ အထူးသံတမန်ဦးဆောင်သော အဖွဲ့ဝင်ရှစ်ဦးပါ ကိုယ်စားလှယ် အဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြီးခဲ့သည့်လက လာရောက်ခဲ့ခြင်းဖြစ်သည်။



နှစ်နိုင်ငံဆွေးနွေးမှုများတွင် ပြန်လည်အသုံးပြုနိုင်သောစွမ်းအင်များ၊ ဆေးဝါးလုပ်ငန်းများ၊ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများ၊ ရေနက်ငါးဖမ်းလုပ်ငန်းများတွင် ပူးပေါင်း ဆောင်ရွက်ရေးတို့ကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရ၏ အံ့အားသင့်ဖွယ် ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ချက်များနှင့် အောင်မြင်မှုများဟု တောင်ကိုရီးယားဘက်က အသိအမှတ်ပြုခဲ့ခြင်းဖြစ်သည်။

# နှစ်ဆန်းပိုင်းအတွင်း ထိုင်းဆန်တင်ပို့မှု ၇၅ ရာခိုင်နှုန်းကျော် မြင့်တက်လာ

**ဘန်ကောက် မတ် ၁၉**

ထိုင်းနိုင်ငံ၏ ယခုနှစ်ဇန်နဝါရီလ ဆန်တင်ပို့မှုပမာဏသည် ၈၀၅၅၁၉ တန်အထိ ရောက်ရှိခဲ့ပြီး ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ယခုနှစ်အစောပိုင်းတွင် ၇၅ ဒသမ ၂ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့ကြောင်း ထိုင်းနိုင်ငံအစိုးရက သတင်းထုတ်ပြန်ထားသည်။ ထိုင်းဘတ်ငွေတန်ဖိုးကျဆင်းမှုနှင့် မြင့်တက်လာသည့် ကမ္ဘာ့အရှေ့အလယ်ပိုင်းဒေသမှ ဆန်အဝယ် ကုန်အမှာစာများအပေါ် နှစ်ကုန်ခန့်က ဖြည့်တင်းတင်ပို့ခဲ့ခြင်းကြောင့် ဖြစ်သည်ဟု ထိုင်းနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၇ ရက်က ပြောကြားခဲ့သည်။

**ဆန်တင်ပို့မှုတန်ဖိုး**

ဆန်တင်ပို့မှုတန်ဖိုးအနေဖြင့် ယခုနှစ် ဇန်နဝါရီလတွင် တစ်နှစ်ထက်တစ်နှစ် ၇၈ ဒသမ ၇၆ ရာခိုင်နှုန်းအထိ ပိုမိုမြင့်တက်ခဲ့ပြီး ထိုင်းဘတ်ငွေ ၁၄ ဒသမ ၂၈ ဘီလီယံခန့် (အမေရိကန်ဒေါ်လာ ၅၄၈ ဒသမ ၉ မီလီယံခန့်) ရှိကြောင်း ထိုင်းနိုင်ငံ နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားထားသည်။

**ထိုင်းပို့ကုန်များထပ်မံတင်ပို့ရန် အခွင့်အရေးတစ်ရပ်**

ဇန်နဝါရီလ ဆန်တင်ပို့မှုသည် ထိတ်လန့်စရာကောင်းသည့်နှုန်းဖြင့် တိုးတက်လာခဲ့ကြောင်း၊ ဝန်ကြီးဌာန၏ ကုန်သွယ်မှုမြှင့်တင်ရေး ကြိုးပမ်းအားထုတ်ခဲ့မှုများကြောင့်လည်းဖြစ်ကြောင်း ၎င်းက ထည့်သွင်းပြောကြားခဲ့ပြီး ကမ္ဘာ့အရှေ့အလယ်ပိုင်းဒေသ အာရပ်နိုင်ငံအချို့၌ စိုက်ပျိုးရေးထွက်ကုန်နည်းပါးနေခြင်းနှင့် ဝယ်လိုအားပမာဏမြင့်မားနေခြင်းက ထိုင်းပို့ကုန်များထပ်မံတင်ပို့ရန် အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

၂၀၂၁ ခုနှစ်က အဆိုပါဒေသသို့ ထိုင်းဆန်တင်ပို့မှုသည် တန်ချိန် ၆၃၀၀၀၀ ခန့်သာ ရှိခဲ့သော်လည်း ၂၀၂၂ ခုနှစ်တွင် ဆန်တန်ချိန် ၂ ဒသမ ၀၂ သန်းအထိ ပိုမိုတင်ပို့နိုင်ခဲ့ပြီး ယင်းပမာဏသည် ထိုင်းတစ်နိုင်ငံလုံး စုစုပေါင်းဆန်တင်ပို့မှုပမာဏ၏ ၂၆ ရာခိုင်နှုန်းခန့် ရှိလာခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ဆန်ဈေးကွက်တွင် ထိုင်းနိုင်ငံသည် ကမ္ဘာ့တတိယအကြီးဆုံး ဆန်တင်ပို့သည့်နိုင်ငံတစ်ခုဖြစ်ပြီး အိန္ဒိယနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏ နောက်၌ ရပ်တည်လျက်ရှိသည်။




# လာအိုနိုင်ငံ၏ ပထမဆုံး လေအားလျှပ်စစ်စီမံကိန်းအတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှ ငွေထုတ်ချေး

**ဗီယင်ကျန်း မတ် ၁၉**

၆၀၀ မီဂါဝပ်ရှိလေအားလျှပ်စစ်စက်ရုံကို လာအိုနိုင်ငံတောင်ပိုင်း Sekong နှင့် Attapeu ပြည်နယ်များတွင် ပထမဆုံး တည်ထောင်နိုင်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် မုတ်သုံလေအားလျှပ်စစ် ကုမ္ပဏီလီမိတက် (Monsoon Wind Power Company Limited) တို့အကြား အမြတ်စတင်ရရှိသည့် အချိန်မှသာလျှင် ပြန်လည်ပေးဆပ်ရန်လိုအပ်သည့် ငွေချေးခြင်းစီမံကိန်းကို မတ် ၁ ရက်က လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

လေတာဘိုင်ပေါင်း ၁၃၃ ခု ပါဝင်သည့် အဆိုပါစီမံကိန်းသည် အရှေ့တောင်အာရှ၏ အကြီးမားဆုံးနှင့် လာအိုနိုင်ငံ၏ ပထမဆုံး လေအားလျှပ်စစ်လုပ်ငန်းဖြစ်ပြီး ရရှိလာသော စွမ်းအင်ကို အိမ်နီးချင်း ဗီယက်နမ်နိုင်ငံသို့ ရောင်းချမည်ဖြစ်သည်။ အဆိုပါစီမံကိန်းသည် အာဆီယံနိုင်ငံများအတွင်း အကြီးမားဆုံးဖြစ်ပြီး ငွေချေးလုပ်ငန်းစဉ်တစ်ခုလုံးကို အာရှဖွံ့ဖြိုးရေးဘဏ်က ဦးဆောင်ခဲ့သည်။ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကို ငွေလုံးငွေရင်းချေးငွေ (A loan) အဖြစ်လည်းကောင်း၊ အမေရိကန်ဒေါ်လာ သန်း ၁၅၀ ကို လုပ်ငန်းစုအလိုက်ချေးငွေ (B loan) အဖြစ်လည်းကောင်း၊ အမေရိကန်ဒေါ်လာ သန်း ၅၀ ကို သက်သာခွင့်နှင့် ရရှိသောချေးငွေအဖြစ်လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၃၈၂ ဒသမ ၅၅ သန်းကို ချေးငွေများ (Parallel) အဖြစ်လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၁၀ သန်းကို ထောက်ပံ့ငွေအဖြစ်လည်းကောင်း သတ်မှတ်ပေးအပ်သွားမည်ဖြစ်သည်။

အာရှဖွံ့ဖြိုးရေးဘဏ်၏ ပုဂ္ဂလိကကဏ္ဍလုပ်ငန်းများဌာန ညွှန်ကြားရေးမှူးချုပ် Suzanne Gaboury က အာရှနှင့် ပစိဖိတ်ဒေသရှိ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူမှုပတ်ဝန်းကျင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများရရှိရန် ရာသီဥတုနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုများ အားနည်းကြောင်း၊ ယခုစီမံကိန်းသည် အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်းပေးပြီး လေမှတစ်ဆင့် သန့်ရှင်းသော စွမ်းအင်ကို ထုတ်လုပ်ပေးကာ ဒေသတွင်း လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအရှိန်ရစေမည်ဖြစ်ကြောင်း၊ လာအိုနိုင်ငံ၏ အသုံးပြုခြင်းမရှိသေးသော သဘာဝလေ အရင်းအမြစ်များကို သန့်ရှင်းသောစွမ်းအင်၊ လူမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်မှုများရရှိရန်နှင့် စီးပွားရေးအတွက် ရေရှည်အကျိုးအမြတ်ရရှိစေရန် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် မိတ်ဖက်များက ကူညီသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လာအိုနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နယ်စပ်ဖြတ်ကျော် လျှပ်စစ်စွမ်းအင်ရောင်းချရေးသည် မဏ္ဍိုင်တစ်ခုဖြစ်ပြီး မိုးရာသီမှသာ ထုတ်လုပ်နိုင်သော ရေအားလျှပ်စစ်ကဲ့သို့ စွမ်းအင်မျိုးထက် ရာသီမရွေးထုတ်လုပ်နိုင်သော လေအားလျှပ်စစ်ကို စွမ်းအင်အမယ်ကွဲတစ်မျိုးအဖြစ် ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ယခုစီမံကိန်းကြောင့် ဖန်လုံအိမ်မှ ထုတ်လွှတ်သည့် ကာဗွန်ဒိုင်အောက်ဆိုက် တန်ချိန် ၇၄၈၈၆၇ ခန့်ကို လျှော့ချနိုင်မည်ဖြစ်သည်။




လာအိုနိုင်ငံအတွင်း တည်ဆောက်မည့် လေအားလျှပ်စစ် တာဘိုင်နမူနာပုံစံ။

လုပ်ငန်းစုအလိုက်ချေးငွေ (B loan) ထဲမှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကို ထိုင်းကူးသန်းရောင်းဝယ်ရေးဘဏ် (Siam Commercial Bank) နှင့် အမေရိကန်ဒေါ်လာ သန်း ၅၀ ကို ဆူမီတိုမိုမစ်ဆူအိဘဏ်လုပ်ငန်း ကော်ပိုရေးရှင်း (Sumitomo Mitsui Banking Corporation) မှ လည်းကောင်း၊ သက်သာခွင့်နှင့် ရရှိသောချေးငွေထဲမှ အမေရိကန်ဒေါ်လာ သန်း ၂၀ ကို Leading Asia’s Private Infrastructure Fund (LEAP) နှင့် အမေရိကန်ဒေါ်လာ သန်း ၃၀ ကို Canadian Climate Fund for the Private Sector in Asia) မှ လည်းကောင်း၊ Parallel ချေးငွေများအနက် အမေရိကန်ဒေါ်လာ သန်း ၁၂၀ ကို Japan International Cooperation Agency (JICA) မှလည်းကောင်း၊ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကို ကာစီခွန်ဘဏ် (Kasikorn Bank) မှ လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၇၂ ဒသမ ၅၅ သန်းကို အာရှအခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဘဏ် (Asian Infrastru-cture Investment Bank)မှလည်းကောင်း၊ အမေရိကန်ဒေါ်လာ သန်း ၆၀ ကို ထိုင်းနိုင်ငံ၏ ပို့ကုန်သွင်းကုန်ဆိုင်ရာဘဏ်မှလည်းကောင်း၊ အမေရိကန်ဒေါ်လာ သန်း ၃၀ ကို Hong Kong Mortgage Corporation Limited မှလည်းကောင်း ချေးယူထားခြင်းဖြစ်သည်။ အာရှဖွံ့ဖြိုးရေးဘဏ်၏ ရန်ပုံငွေနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ထောက်ပံ့ငွေ (Grant) အမေရိကန်ဒေါ်လာ ၁၀ သန်းသည် ငွေချေးသူများအတွက် စီမံကိန်းဆိုင်ရာ ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အတားအဆီးများကို ကူညီဖြေရှင်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Source: Asia Development Bank**

သတင်းရင်းမြစ်များ- မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးသံမှူးများ၏ ပေးပို့မှုအချက်အလက်များ။

**ခင်ရတနာ စုစည်းဖော်ပြသည်။**




ပျော်ရွှင်လေ့လာအင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ အင်္ဂလိပ်စာရဲ့ အသက်သွေးကြောလို့ ပြောရမယ့် Verbs ဖွဲ့စည်းပုံအကြောင်း ဖော်ပြလိုက်ပါတယ်။ တခြားသော ဝါစင်္ဂအစိတ်အပိုင်းတွေကနေ Verb ကို ဘယ်လိုမျိုးပြောင်းလဲဖွဲ့စည်းရမလဲ၊ Verbs ရဲ့အဆုံးသတ်စကားလုံးတွေက ဘာတွေလဲ စတဲ့အချက်တွေကို ဒီတစ်ပတ်မှာ နမူနာစကားလုံးတွေနဲ့တကွ ဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း "Shortest way to talk about 'Job Interview' အလုပ်အကိုင်နဲ့ပတ်သက်တဲ့ အင်တာဗျူးမှာ ဘယ်လိုပြောဆိုသုံးနှုန်းရမလဲဆိုတာကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာဖော်ပြပေးလိုက်ပါတယ်။ Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အဓိပ္ပာယ်တူ စကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

Tenses (12) မျိုးရဲ့ အသုံးပြုပုံတွေကို ဖော်ပြလို့အပြီးမှာ တခြားအရေးကြီးတဲ့ grammar points တွေကို မဖော်ပြခင် အရေးကြီးဆုံးဖြစ်တဲ့ Verbs ဖွဲ့စည်းပုံအကြောင်း ဖော်ပြလိုက်ပါတယ်။ တခြားသော ဝါစင်္ဂအစိတ်အပိုင်းတွေကနေ Verb ကို ဘယ်လိုမျိုး ပြောင်းလဲဖွဲ့စည်းရမလဲ၊ Verbs ရဲ့အဆုံးသတ်စကားလုံးတွေက ဘာတွေလဲ စတဲ့အချက်တွေကို ဒီတစ်ပတ်မှာ ဖော်ပြလိုက်ပါတယ်။

**Forming Verbs (ကြိယာများဖွဲ့စည်းများ)**

| Words (မူရင်းစကားလုံး) | Verbs (ကြိယာ) |
|---|---|
| joy | enjoy |
| friend | befriend |
| black | blacken |
| large | enlarge |
| fertile | fertilize |
| food | feed |

အပေါ်မှာပေးထားတဲ့ မူရင်းစကားလုံးတွေကနေ Verbs ပုံစံအဖြစ် ပြောင်းလဲသွားတဲ့ စကားလုံးတွေကို လေ့လာကြည့်ရင်

**Noun စကားလုံးတွေဖြစ်တဲ့**

- joy
- friend
- food

**Adjective စကားလုံးတွေဖြစ်တဲ့**

- black
- large
- fertile စတဲ့စကားလုံးတွေကနေ Verb ပုံစံအဖြစ် ပြောင်းလိုက်တာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ အဲဒီလိုပြောင်းလိုက်တဲ့ အခါမှာ မူရင်းစကားလုံးကို ရှေ့ဆက်များပေါင်းခြင်းအားဖြင့်လည်းကောင်း၊ –en၊ be–၊ –ize၊ စတဲ့စကားလုံးတွေကို ပေါင်းလိုက်ခြင်းအားဖြင့်လည်းကောင်း Verb တွေအဖြစ် ပြောင်းလဲသွားတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒါကြောင့် –

**မူရင်းစကားလုံးများဖြစ်ကြသည့် Noun နှင့် Adjectives များကို Verbs အဖြစ် ပြောင်းလဲဖွဲ့စည်းနိုင်သည်။ ထိုသို့ Verb အဖြစ် ပြောင်းလဲဖွဲ့စည်းရာတွင် en–၊ –en၊ be–၊ –ize၊ စသည့် စကားလုံးများကို မူရင်းစကားလုံးများ၏ရှေ့၌လည်းကောင်း၊ မူရင်းစကားလုံးများ၏ နောက်၌လည်းကောင်း အဆင်ပြေသလို ပေါင်းထည့်နိုင်သည်။**

အောက်မှာ Verbs ပြောင်းလဲဖွဲ့စည်းပုံဇယားကို ဖော်ပြလိုက်ပါတယ်။ မူရင်းစကားလုံးတွေက တစ်ဆင့် Verbs တွေကို ဘယ်လိုမျိုး ပြောင်းလဲဖွဲ့စည်းသွားသလဲဆိုတာကို လေ့လာကြည့်ရအောင်။

| Words (မူရင်းစကားလုံး) | Verbs (ပြောင်းလဲလိုက်သော ကြိယာ) |
|---|---|
| able (ပိုင်နိုင်သော၊ ကျွမ်းကျင်သော) | enable (ဖြစ်(မြောက်)စေသည်။) |
| actor (သရုပ်ဆောင်) | act (သရုပ်ဆောင်သည်။) |
| bath (ရေချိုးခြင်း) | bathe (ရေချိုးသည်။) |
| beauty (လှပခြင်း) | beautify(လှအောင်လုပ်သည်။ အလှပြင်သည်။) |
| black (အနက်ရောင်) | blacken (မည်းလာသည်။) |
| blood (သွေး) | bleed (သွေးထွက်သည်။) |
| breath (အသက်ရှူခြင်း) | breathe (အသက်ရှူသည်။) |
| bright (တောက်ပသော) | brighten (ပို၍တောက်ပစေသည်။) |
| broad (ကျယ်သော) | broaden (ကျယ်ပြန့်စေသည်။) |
| clean (စင်ကြယ်သော၊သန့်ရှင်းသော) | cleanse (စင်ကြယ်စေသည်။) |
| cloth (အထည်၊ အထည်စ) | clothe (အဝတ်ဆင်သည်၊ ဝတ်သည်။) |
| courage (သတ္တိ) | encourage (အားပေးသည်။) |
| dark (အမှောင်) | darken (မှောင်လာသည်။) |
| deed (အပြုအမူ၊ ဆောင်ရွက်ချက်) | do (ပြုလုပ်သည်။) |
| deep (နက်ရှိုင်းသော) | deepen (နက်ရှိုင်းလာသည်။) |
| description(သရုပ်ဖော်ချက်၊ဖော်ပြချက်) | describe (ဖော်ပြသည်။) |
| dictation (စေခိုင်းချက်၊ သတ်ပုံပေးခြင်း) | dictate (နှုတ်တိုက်ခေါ်သည်။) |
| division(ခွဲဝေခြင်း၊ဝေစု၊ကွဲပြားမှု၊အခွဲ) | divide (ခွဲခြမ်းသည်၊ စိတ်ပိုင်းသည်။) |
| equal (တန်းတူရည်တူဖြစ်ခြင်း၊ ညီမျှသော) | equalize (တန်းတူညီမျှစေသည်။) |
| fast (မြန်သော) | fasten (ချည်နှောင်သည်။) |
| fat (ဝသော) | fatten (ဝစေသည်။) |
| fertile (မြေဩဇာကောင်းသော) | fertilize (မြေဩဇာကျွေးသည်။) |
| food (အစားအစာ) | feed (အစာကျွေးသည်။) |
| friend (သူငယ်ချင်း) | befriend (မိတ်ဖွဲ့သည်။) |
| full (ပြည့်သော) | fill (ဖြည့်သည်။) |
| glad (ဝမ်းသာသော) | gladden(ဝမ်းမြောက်ဝမ်းသာဖြစ်စေသည်။) |
| government (အစိုးရ) | govern (အုပ်ချုပ်သည်။) |
| health (ကျန်းမာရေး) | heal (ကုသသည်။) |
| joy (ပျော်ရွှင်မှု) | enjoy (ပျော်ရွှင်သည်။) |
| judgment (ဝေဖန်ပိုင်းခြားနိုင်စွမ်း) | judge (ကြားနာစစ်ဆေးသည်။) |
| knee (ဒူးခေါင်း) | kneel (ဒူးထောက်သည်။) |
| large (ကြီးမားများပြားသော) | enlarge (ကြီးမားလာစေသည်။ ပုံကြီးချဲ့သည်။) |
| less (အနည်းငယ်) | lessen (လျော့ပါးစေသည်။) |
| light (အလင်းရောင်) | lighten (လင်းလက်စေသည်။) |
| long (ရှည်သော) | lengthen (ရှည်လာသည်။ ဆန့်သည်။) |
| loose (ချောင်သော၊ လွတ်နေသော) | loosen (ချောင်စေသည်။) |
| loss (ဆုံးရှုံးမှု) | lose (ပျောက်ဆုံးသည်။ ဆုံးရှုံးသည်။) |

ယခင်အပတ်လေ့ကျင့်ခန်းမှ အဖြေများ

Exercise (1) မှ အဖြေများ

1. shall have been starting
2. will have been learning
3. will have been going
4. will have been removing
5. will have been sleeping
6. will have been studying
7. will not have been studying/ won't have been studying
8. will have been swimming
9. will have been waiting
10. shall have been working

## VOCABULARY (SYNONYMS)

1. **protect = guard** (ကာကွယ်ပေးသည်။)
2. **purchase = buy** (ဝယ်ယူသည်။)
3. **quaint = odd** (တစ်မူထူးခြားသော)
4. **quantity = amount** (ပမာဏ၊အရေအတွက်)
5. **queer = peculiar** (ထူးခြားသော၊ ထူးဆန်းသော)

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## Shortest way to talk about "Job Interview"

**Shortest way to talk about ဒီတစ်ပတ်မှာတော့ Job Interview အလုပ်အကိုင်နဲ့ ပတ်သက်တဲ့ အင်တာဗျူးမှာ ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းထားသလဲဆိုတာတွေကို "Shortest way to talk about "Making an invitation" ဆိုပြီး ဖော်ပြလိုက်ပါတယ်။**

**apply for a position** (အလုပ်၊ ရာထူးတစ်ခု လျှောက်သည်)

Here you go. (ရော့ဒီမှာ)

What qualifications do you have? (မင်းမှာ ဘာအရည်အချင်းတွေရှိလဲ)

How long have you been working for them? (သူတို့အတွက် ဘယ်လောက်ကြာကြာ အလုပ်လုပ်ခဲ့လဲ?)

I have been working there for 2 years. (နှစ်နှစ်ကြာ အလုပ်လုပ်ခဲ့တယ်)

What are your strengths and weaknesses? (မင်းရဲ့အားသာချက်၊ အားနည်းချက်တွေက ဘာတွေလဲ)

If we hire you, (ငါတို့မင်းကို အလုပ်ခန့်မယ်ဆိုရင်) ဒီနေရာမှာ စကားပြောဖြစ်တဲ့အတွက် if clause ချည်းသာ သုံးပါတယ်။

## CONVERSATION



Job Interview

**Boss:** Okay, right. So, it's Melissa, isn't it?

**Melissa:** Yes, that's right.

**Boss:** You're applying for a position in our sales department. Have you got your form there?

**Melissa:** Yes, here you go. And here is my CV.

**Boss:** I can see you have some experience in sales, administration and catering.

**Melissa:** That's right.

**Boss:** Okay, let's start with catering. You worked for Pleasant House Pub for one year. What qualifications do you have? Do you have any kind of food safety or hygiene certificate?

**Melissa:** I attended a catering training and I've got a certificate in Food Safety for Catering. Here it is.

**Boss:** Wonderful! Great. Now, administration … What computer skills do you have?

**Melissa:** Well, I have experience working with Word and Power Point. I'm very comfortable using computers and am confident in my ability to learn any new program quickly.

**Boss:** That's very good. Do you have a driver's license?

**Melissa:** Yes, I do.

**Boss:** Excellent. And what languages do you speak?

**Melissa:** I speak Spanish, intermediate level.

**Boss:** Ok. And now you're working in sales for Drift. How long have you been working for them?

**Melissa:** I've been working there for 2 years.

**Boss:** Why did you decide to leave?

**Melissa:** Well … I realized that this company wasn't giving me the growth opportunities I need at this stage of my career.

**Boss:** I see. What are your strengths and weaknesses?

**Melissa:** Er…, I have good communication skills and I'm reliable and organized. My weakness is that I'm not a very spontaneous person. I prefer to work prepared and according to a well–defined plan.

**Boss:** Okay, great. If we hire you, when can you start?

**Melissa:** I can start in two weeks, after I give notice at my current job.

**Boss:** OK. We'll contact you next week. Thank you for your time.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 10W/62227, KENBO-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ခိုင်မြင့် ၈/ဆဖန(နိုင်)၀၀၁၆၃၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပခုက္ကူ)

## မွေးသက္ကရာဇ်အမှန်

လားရှိုးမြို့၊ အထက(၂) မှ မူလတန်းပြ ဒေါ်နန်းအုန်းကြည်(ခ) ဒေါ်နန်းခမ်းအောင် ၁၃/လရန(နိုင်) ၀၂၃၀၇၆၏ မွေးသက္ကရာဇ် အမှန်မှာ ၂၃-၅-၁၉၆၆ ဖြစ်ပါကြောင်း။

သွေးသည် အသက်




## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန် (၁၂)အတွင်းရှိ အောက်ဖော်ပြပါ မြေကွက်များအား မူလလုပ်ကိုင်ခွင့်ရရှိထားသူများ၏ အမည်မှ ပြောင်းလဲခွင့်ပြုရန် တင်ပြလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်လုပ်ငန်းကော်မတီရုံး(ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝင်း)သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | ဇုန်အမည် | မြေကွက်အမှတ် | မူလလုပ်ကိုင်ခွင့်ရရှိသူအမည် | ပြောင်းလဲလျှောက်ထားသူအမည် |
|---|---|---|---|---|
| ၁ | ၁ | B-၅၃ | ဦးထွန်းရီ | ဦးသန်းထွန်း |
| ၂ | ၁ | တ | သူရဦးစိုးအောင် | ဦးငွေဝင်း |
| ၃ | ၁ | B-၉၉ | ဦးစောသန်းမြ | ဦးစောယှားဝေါ်မင်း |
| ၄ | ၂ | ၃၄၄ | ဒုဗိုလ်မှူးကြီးစောလွင် | ဦးတင်စိုး |
| ၅ | ၂ | ၁၄၁ | ဒေါ်ဖြူဖြူဝင်း | ဦးကျော်လွင် |
| ၆ | ၂ | ၁၄၂ | ဒေါ်ဖြူဖြူဝင်း | ဒေါ်တင်အုန်း |
| ၇ | ၁ | ခ | ဦးလှသိန်းအောင် | ဒေါ်သူဇာလှိုင် |
| ၈ | ၁ | A-၇၁ | ဦးမြင့်စိုး | ဒေါ်ဖြူဖြူဝင်း |
| ၉ | ၁ | B-၁၁၉ | ဒုအရာခံဗိုလ်သိန်းဆွေ | ဦးကြိုင်ဝင်း |
| ၁၀ | ၁ | A-၁၁၅ | ဒေါ်နီနီ | ဦးသိန်းလွင် |
| ၁၁ | ၂ | ၃၆၈ | ဒေါ်တင်စိုးစိုး | ဦးကောင်းကျော်ဇော |
| ၁၂ | ၂ | ၈၆ | ဦးစိုင်းရှဲန်ရွက် | ဒေါ်မြမြသွယ် |
| ၁၃ | ၂ | ၈၅ | ဦးအောင်ထွန်း | ဒေါ်မြမြသွယ် |
| ၁၄ | ၂ | ၉၇ | ဒေါ်နီလာဝင်း | ဦးနေလင်းကျော် |
| ၁၅ | ၂ | ၃၆၆ | ဒေါ်အုံးကြိုင်(ခ) ဒေါ်တင်တင်ကြိုင် | ဒေါ်ဝိုင်းဝိုင်းမြင့် |
| ၁၆ | ၂ | ၃၆၇ | ဦးတိုးအောင် | ဒေါ်ဝိုင်းဝိုင်းမြင့် |
| ၁၇ | ၂ | ၂၄၆ | ဦးစိုင်းနိုင်နိုင် | ဦးတင်ကိုကိုဦး |

ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေး အထူးဇုန်လုပ်ငန်းကော်မတီ

အတွင်းရေးမှူး-၀၉-၅၃၁၂၅၉၅

ရုံးအဖွဲ့မှူး-၀၉-၄၂၂၅၂၀၃၀၀

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၈/ U9)၊ ဒဂုံမြို့ဦးလမ်း၊ မြေကွက်အမှတ်(၂၁၉) အကျယ်အဝန်း (၀.၁၂၇) ဧကရှိ ဒုမှူးကြီးခင်မောင်အေး (၁၂/မဂဒ(နိုင်)၀၁၃၁၅၂) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်လောဆန် (၁၃/နခန(နိုင်)၀၃၃၁၉၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်ကျော်လှိုင် LL.B,
အထက်တန်းရှေ့နေ (စဉ်-၄၃၆၈၈)
Ph, 09421746974

## သစ်ပင်စိုက်မှ အရိပ်ရ၏။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၆၆)၊ အင်းဝအိမ်ရာစီမံကိန်း ၊ ဧရာဝတီလမ်းသွယ်(၃)လမ်း၊ မြေကွက်အမှတ်(၂၁)၊ အကျယ်အဝန်း (၆၀ပေ×၇၀ပေ)ပေါ်ရှိ ဒေါ်အေးအေးမူ(၁၂/ကမရ (နိုင်) ၀၀၁၇၇၄) အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်အေးမေ (၁၃/ကခန (နိုင်) ၀၁၃၇၀၀) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေများပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးအောင်ကျော်လှိုင် LL.B, | ဒေါ်သိမ့်သိမ့်ယမင်း LL.B, |
| အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈) | အထက်တန်းရှေ့နေ(စဉ်-၄၀၈၉၄) |
| Ph-09421746974, 09-254332312 | |

## "သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း" အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း(အလယ်)၊ အမှတ်(၂၂၆)၊ ၇လွှာ(ဘယ်)တွင် နေထိုင်သူများဖြစ်သည့် ဦးအစ်(စ်)မေး(၁၂/ပဘတ(နိုင်)၀၀၉၈၂၆)၊ ဒေါ်ဆိုင်ရာဘာနူး(ခ) ဒေါ်မြမြဝင်း(၁၂/ပဘတ(နိုင်)၀၁၃၆၃၆)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ကျွန်ုပ်၏အမှုသည်များဖြစ်သည့် ဦးအစ်(စ်)မေးနှင့်ဒေါ်မြမြဝင်းတို့၏ သားဖြစ်သူ မောင်ကာစင်(ခ)နေမင်းထွန်း(၁၂/ပဘတ(နိုင်)၀၃၄၀၇၀)သည် မိဘကိုစိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်ပြီး ခွင့်မလွှတ်နိုင်သောကိစ္စရပ်များ ပြုလုပ်ခဲ့သဖြင့် မောင်ကာစင်(ခ)နေမင်းထွန်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နှင်းနန္ဒာသိန်း (LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၇၇၄၁)
အမှတ်(၉၇)၊ (၃+၄)လွှာ၊ ၁၀၁လမ်း၊ ဖို့မြေရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## ပြည်ထဲရေးဝန်ကြီးဌာန
## အကျဉ်းဦးစီးဌာန
## ရိက္ခာဆန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အကျဉ်းဦးစီးဌာန၊ ကယားပြည်နယ်ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ လွိုင်ကော်အကျဉ်းထောင်တွင် အကျဉ်းသား/သူ၊ အချုပ်သား/သူများအား ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်(ဧပြီလမှ မတ်လအထိ) ကျွေးမွေးရန်လိုအပ်သည့် ငစိန်(၂၅%)နှင့် ၎င်းထက် အရည်အသွေးမနိမ့်သော ရိက္ခာဆန် ၂၃၈၉ အိတ်အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းသူသည် မိမိတင်သွင်းသည့် ဈေးနှုန်းနှင့်ပေးသွင်းရမည့် ရိက္ခာဆန်အိတ်တန်ဖိုးကျသင့်ငွေ၏(၁%)ကို တင်ဒါအာမခံစပေါ်ငွေအဖြစ် Payment Order Cheque (PO Cheque)ပြုလုပ်၍ မိမိပေးသွင်းမည့်ရိက္ခာဆန်နမူနာတို့အား တင်ဒါလျှောက်လွှာပုံစံနှင့်အတူ ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့၊ အကျဉ်းဦးစီးဌာန၊ ကယားပြည်နယ် ဦးစီးမှူးရုံး၊ လွိုင်ကော်မြို့သို့ ပေးအပ်ရမည်။

၃။ အိတ်ဖွင့်တင်ဒါ တစ်စုံလျှင် ၁၀၀၀၀ိ/-နှုန်းဖြင့် ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး တင်ဒါပေးသွင်းရမည့် အသေးစိတ် အချက်အလက်များအား အကျဉ်းဦးစီးဌာန၊ ကယားပြည်နယ် ဦးစီးမှူးရုံး၊ ဖုန်း-၀၈၃-၂၂၂၄၀၇၁ နှင့် အကျဉ်းဦးစီးဌာန၊ လွိုင်ကော်အကျဉ်းထောင် ၊ ဖုန်း-၀၈၃-၂၂၂၁၀၀၉သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် | - ၂၀-၃-၂၀၂၃ရက်၊ နံနက် ၉နာရီ |
| တင်ဒါပုံစံ အရောင်းပိတ်ရက် | - ၂-၄-၂၀၂၃ရက်၊ ၁၆:၀၀နာရီ |
| တင်ဒါဖွင့်ဖောက်မည့်ရက် | - ၃-၄-၂၀၂၃ရက်၊ ၉နာရီ |

ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့
အကျဉ်းဦးစီးဌာန၊ လွိုင်ကော်မြို့
ကယားပြည်နယ်

နိုင်ငံ တစ်ဝန်း စိမ်းလန်းဖို့ သစ်ပင် စိုက်ပျိုး ထိန်းသိမ်းစို့။

## မှားယွင်းချက်အား ပြင်ဆင်ဖတ်ရှုပေးပါရန်

(၁၈-၃-၂၀၂၃) ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ထည့်သွင်းကြော်ငြာခဲ့သော "ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၈) ရပ်ကွက်၊ ၃၉-လမ်း၊ တိုက်အမှတ် -၂၃၃ (မြေညီထပ်) နှင့် တိုက်အမှတ် - ၂၃၅ (မြေညီထပ်) တိုက်ခန်းများအား ရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ပါကြောင်း (၁) ဒေါ်ဘေဘီ၊ (၂) ဒေါ်လှဲလှဲအေး၊ (၃) ဒေါ်ဥမ္မာ၊ (၄) ဒေါ်ဥမ္မာလွင်နှင့် အများသိစေရန်" ကြေညာချက်ရှိ "အဆိုပါ တိုက်ခန်းများရှိ (၃) လွှာတွင် မြေရှင်ဖြစ်သူတို့မှ တိုက်ခန်း (၁) ခန်း" ဟု ဖော်ပြချက်အား "အဆိုပါ တိုက်ခန်းများရှိ (၂) လွှာ၊ (ဝဲအစွန်ခန်း) တွင် မြေရှင်ဖြစ်သူတို့မှ တိုက်ခန်း (၁) ခန်း" ဟုလည်းကောင်း၊ "ကန်ထရိုက်တာ အကျိုးခံစားခွင့်ရရှိသော (၆) လွှာ၊ (၇) လွှာ၊ (၈) လွှာ" ဟု ဖော်ပြချက်အား "(၄) လွှာ၊ (၅) လွှာ၊ (၆) လွှာ" ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးမျိုးမြင့် (ဘဏ)
တရားလွှတ်တော်ရှေ့နေ (၆၀၆၅/၁၉၉၄)
ဖုန်း - ၀၉ ၅၁၆၇၂၃၇၊ ၀၉ ၇၀၅၁၆၇၂၃၇

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ အိုးဘိုလမ်း၊မြေကွက်အမှတ် ၆၂၊မြေရှင် ဒေါ်မာမာရီ အမည်ပေါက်ပိုင် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၃)ထပ်တိုက် တိုက်ခန်းများအနက်မှ (၃)လွှာ (B) အကျယ်အဝန်း(၁၅ပေ x၅၀ပေ) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအေးထွန်း ၁၂/ကမရ(နိုင်)၀၄၈၈၄၉နှင့် ဒေါ်ဝသုန်ထွန်း ၁၂/ဗဟန(နိုင်)၀၁၅၇၁၃ တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်ကြသော ဒေါ်ယဉ်မင်းအေး ၁၂/အစန(နိုင်)၀၀၀၄၃၀ မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖောပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသောတရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ယဉ်မင်းအေး၏ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဒေါ်ဥမ္မာမြင့်(LL.B,D.B.L) | ဒေါ်မြတ်နိုးခင်(LL.B) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| စဉ်-၈၃၅၁(၁၃-၉-၂၀၁၂) | စဉ်-၅၃၁၅၀(၃၀-၆-၂၀၂၀) |

အမှတ် ၈၉၉၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၉၇၂၃၀၉၈၉၂

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ-၇)၊ မြေကွက်အမှတ်(၂၆/ခ)၊ (အလျား ၂၀ ပေ x အနံ ၆၀ပေ)အကျယ်ရှိ ဒေါ်မမလေး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အမှတ်(၂၆/ခ)၊ မန္တလေးလမ်း၊ ၁၄/ရပ်ကွက်၊ လှိုင်သာယာမြို့နယ်ဟုခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင် လက်ရှိထားပိုင်ဆိုင်ကြောင်း ဝန်ခံလျက် ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းသူ ဦးသန်းထွန်း ၁၃/တကန(နိုင်)၀၂၅၉၅၂ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူမည်သူမဆို ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိုးမင်းထိုက်
အထက်တန်းရှေ့နေ(စဉ်-၄၀၃၂၇)
အမှတ်(၉/၁၀)၊ အခန်း(၁၀၂/ဘီ)၊ ပထမထပ်၊ (၃၆)လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၁၇၇၆၈၅

## ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ မျိုးစေ့ပြပွဲနှင့် ထောက်ပံ့ပေးအပ်ပွဲကျင်းပ

**ယင်းမာပင် မတ် ၁၉**

ဟင်းသီး ဟင်းရွက်နှင့် သစ်သီးဝလံ မျိုးစေ့ပြပွဲနှင့် ထောက်ပံ့ပေးအပ်ပွဲကို မတ် ၁၇ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးမင်းသန့်က အမှာစကား ပြောကြားပြီး ဟင်းသီး ဟင်းရွက်နှင့် သစ်သီးဝလံ ပျိုးပင်များ ထောက်ပံ့ပေးခြင်းနှင့် ပတ်သက်၍ ခရိုင်စိုက်ပျိုးရေး ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးလှမြင့်က စိုက်ပျိုးရေစုဆောင်းသိုလှောင်နည်းစနစ်များ၊ မြေအစိုဓာတ်ထိန်းသိမ်းနည်းစနစ်များ ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများက သစ်သီးဝလံ မျိုးစေ့ထုပ်နှင့် ပျိုးပင်များကို ဒေသခံတောင်သူများထံသို့ ဖြန့်ဝေပေးသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများက ခရိုင်နှင့်မြို့နယ်စိုက်ပျိုးရေးရုံးဝင်းအတွင်းရှိ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ စိုက်ခင်းများအတွင်း လေ့လာကြည့်ရှုကြောင်း သိရသည်။

ခရိုင်

(ပြန်/ဆက်)


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၄၄ သိန်း | ၄၀၈၅၆ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၅ | ၁ |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | - | ၁ |
| ၇။ | အဝင်မုခ်ဦးငယ်(အနောက်ဘက်) | ၁၂၂၀ | ၁ | - | ၁ |
| ၈။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၉။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၁၀။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၂ တိုင် | ၇ တိုင် |
| ၁၁။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၂။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၃ ခန်း | ၃၆၂ ခန်း |
| ၁၃။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၅၀ တိုင် | - |
| ၁၄။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၄၄ ခု | ၅၀၈ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၅. ၄၀ | ၂၁၁၉. ၅၃ ကျင်း | ၉၁ ကျင်း | ၂၀၂၈. ၅၃ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၄. ၅၀ | ၅၉၁၀. ၆၆ ကျင်း | ၃၁ ကျင်း | ၅၈၇၉. ၆၆ ကျင်း |
| ၁၉။ | ကြွေပြား ၁ ကျင်းနှုန်း | ၃. ၆၀ | ၁၇၃၆. ၀၈ ကျင်း | ၃၂၉ ကျင်း | ၁၄၀၇. ၀၈ ကျင်း |
| ၂၀။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၄၅ သိန်း | ၁၇၃၈၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၅. ၄၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၁။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | ၃ ခု | ၇၉ ခု |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၁၅၉ စုံ | ၃၄၁ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## မြန်မာဂေါက်သီးရိုက်အသင်းသားများသိသာရန်

မြန်မာဂေါက်သီးရိုက်အသင်း၊ ၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၏ ၂၀၂၂ခုနှစ်၊ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးအား ၂၆-၃-၂၀၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၀:၀၀နာရီတွင်လည်းကောင်း၊ ၂၀၂၃-၂၀၂၅ ခုနှစ်အတွက် အလုပ်အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကို ယင်းနေ့ နံနက် ၈နာရီမှ မွန်းလွဲ ၁နာရီထိလည်းကောင်း၊ ကျင်းပရန်ရှိပါသဖြင့် အသင်းသားများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အသင်းသားများအနေဖြင့် အလုပ်အမှုဆောင်အဖွဲ့၏ ၂၀၂၂ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာနှင့် ဘဏ္ဍာရေး ရှင်းတမ်းများကို ၁၁-၃-၂၀၂၃ရက်မှစ၍ အသင်းတိုက်ကောင်တာတွင် ထုတ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မြိတ်မြို့၊ မြိတ်တက္ကသိုလ်တွင် ပထမနှစ် ပထဝီဝင် အထူးပြုဖြင့် တက်ရောက်ပညာသင်ကြားမည့် မောင်အောင်စွမ်းထက်၏ဖခင် ဦးသန်းထွန်းနှင့် ဦးဟန်ထွန်း ၆/မအရ(နိုင်)၀၈၇၃၉၄ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးသန်းထွန်း(ခ)ဦးဟန်ထွန်း**

### အမည်မှန်

လားရှိုးမြို့၊ ရပ်ကွက်(၁)နေ ဦးဝင်းမင်းထိုက် ၅/ရဘန(နိုင်) ၁၃၈၄၅၂-ဒေါ်လွဲလွဲစိမ်း ၅/မမန(နိုင်)၀၆၆၄၆၄ ၏ သားဖြစ်သူ အမည်မှန်မှာ မောင်ကောင်းစစ်မင်းထိုက် ဖြစ်ပါသည်။

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် G/5410 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

### အမည်မှန်

လားရှိုးမြို့နေ ဦးနေလင်းအောင် ၁၃/လရန(နိုင်)၀၈၂၁၆၈-ဒေါ်ကျော့စုလှိုင် ၉/အမဇ(နိုင်)၀၂၁၁၆၃ တို့၏သားဖြစ်သူ မောင်ပြည့်စုံကျော်၏ အမည်မှန်မှာ မောင်အောင်မြင့်မြတ် ဖြစ်ပါကြောင်း။

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9L/8276 NISSAN AD S/W(4x2)R ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မူဆယ်)၊ မူဆယ်မြို့**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၁)၊ မဏိစည်သူလမ်း၊ မြေကွက်အမှတ်(၂၂၅၇/ခ)၊ အကျယ်အဝန်း(၂၀ပေ× ၆၀ပေ)ရှိ ဒေါ်သောင်းခင်(KMA-၀၁၇၅၀၉)အမည်ပေါက် မြေရုပါမစ်မြေကွက်နှင့် နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သန္တာမြင့်(၁၂/သဃက(နိုင်)၀၃၅၅၇၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဒေါ်ဝင်းဝင်းဖြိုး** LL.B, D.B.L, D.I.L,U.F.L(Eng;) အထက်တန်းရှေ့နေ(စဉ်-၃၇၈၂၄)

**ဦးဇော်မျိုးနိုင်** LL.B,D.B.L အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃)

အမှတ်(၇၂/မြေညီ)၊ငမိုးရိပ်(၁၀)လမ်း၊ အပိုင်း(၄)၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း − ၀၉၂၅၀၂၉၀၇၈၁ ၊ ၀၉၄၂၁၁၂၀၃၄၇

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊မိုလ်မိုး(၂)လမ်း၊ မြေကွက်အမှတ်(၈၂၇)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဒေါ်ညွန့်ညွန့်လွင်(AG-124946) အမည်ပေါက်မြေရပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲမစိပ်ရသေးသော(ခြေရင်းခြမ်း) အကျယ်အဝန်း(၂၀ပေ× ၆၀ပေ)ရှိမြေကွက်နှင့် နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ချိုချိုဝင်း(၁၂/အလန(နိုင်)၀၀၁၆၅၁)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးဇော်မျိုးနိုင်** LL.B, D.B.L အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃)

**ဒေါ်ဆောင်းဝတ်ရည်နှင်း** LL.B, D.B.L အထက်တန်းရှေ့နေ(စဉ်-၅၀၅၇၃)

အမှတ်(၇၂/မြေညီထပ်)၊ ငမိုးရိပ်(၁၀)လမ်း၊အပိုင်း(၄)၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း − ၀၉၂၅၀၂၉၀၇၈၁၊ ၀၉၇၉၆၇၆၇၇၂၅

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ ဖိုးခေါင်လမ်း၊ တိုက်အမှတ်( ၂၄၁/၂ )၊ အခန်း (A) ၊ (ပဉ္စမထပ် )၊( ၆ )လွှာ ဟုခေါ်တွင်သော အကျယ်အဝန်း( ၁၅ပေ × ၅၄ပေ )ရှိတိုက်ခန်းနှင့် အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်ခင်နွယ်ထွန်း (၉/သစန (နိုင်)၁၃၀၃၅၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဇွန်မိုးစက် ( ၁၂/ရကန(နိုင်) ၀၈၅၈၇၃ )က ဝယ်ယူရန်အတွက် စရံငွေများပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ( ၇ )ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးထိန်လင်းသန်း** LL.B, D.B.L, D.I.L, D.M.L, တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)

**ဒေါ်ပြည့်ပြည့်ဖြိုး** LL.B, D.B.L, D.I.P.L, တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄)

Hein Htet San Law Firm ဖုန်း − ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆ ၊ ၀၉၄၂၈၀၂၀၃၆၉

## ပြည်ထဲရေးဝန်ကြီးဌာန
## အကျဉ်းဦးစီးဌာန
## မွန်ပြည်နယ်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အကျဉ်းဦးစီးဌာန၊ မွန်ပြည်နယ်ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/အချုပ်ထောင်/စခန်းများအတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း အကျဉ်းသား/အချုပ်သားများ စားသုံးရန် ထပ်မံလိုအပ်သော ရိက္ခာဆန် ၂၅,၃၂၉ အိတ် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့် တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းမည့်သူအနေဖြင့် တင်ဒါယှဉ်ပြိုင်သည့်ရက်၌ တင်ဒါအာမခံစပေါ်ငွေအဖြစ် ရိက္ခာဆန်အိတ်တန်ဖိုးကျသင့်ငွေ၏ (၁%)ကို မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းထားသည့် Payment Order Cheque (PO Cheque) နှင့် မိမိပေးသွင်းမည့် ရိက္ခာဆန်နမူနာတို့အား ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့သို့ တင်ပြရပါမည်။

| | | |
|---|---|---|
| **တင်ဒါပုံစံရောင်းချမည့်ရက်** | − | ၂၀-၃-၂၀၂၃ ရက်မှ ၂-၄-၂၀၂၃ရက်ထိ |
| **တင်ဒါဖွင့်မည့်ရက်** | − | ၃-၄-၂၀၂၃ရက်၊ (၁၀:၀၀)နာရီ |
| **တင်ဒါဖွင့်မည့်နေရာ** | − | မွန်ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့ |

၃။ တင်ဒါပေးသွင်းလိုသူများအနေဖြင့် တင်ဒါပုံစံတစ်စုံလျှင် (၁၀၀၀၀/-) နှုန်းဖြင့် အကျဉ်းဦးစီးဌာန၊ မွန်ပြည်နယ်ဦးစီးမှူးရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့၊ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး၊ ဖုန်း-၀၅၇-၂၄၁၀၉၊ အကျဉ်းဦးစီးဌာန၊ မွန်ပြည်နယ်ဦးစီးမှူးရုံး၊ ဖုန်း ၀၅၇-၂၀၂၄၇၃၈၊ ၀၅၇-၂၀၂၄၇၃၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**
**အကျဉ်းဦးစီးဌာန**
**မွန်ပြည်နယ်**

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပ မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၃)၊ လူနေရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ် (၃၆)၊ အကျယ်အဝန်းပေ(၄၀x၆၀)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိသော နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၃၆)၊ ကြာပဒုမ္မာလမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော နေအိမ်တို့အား ဂရန်အမည်ပေါက် လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ဆုမြတ်လှိုင် ၁၂/ အလန(နိုင်)၀၄၂၆၉၉ (ဘ)ဦးမြတ်လင်းထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ခင်ကျော် ၁၁/စတန(နိုင်)၀၀၀၂၄၇ (ဘ)ဦးမောင်ကျော်နုက စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ နေအိမ်နှင့်မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါရုံးခန်းသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ−**

**ဦးဘူမောင် (LL.B) (စဉ် − ၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင် (LL.B) (စဉ်−၄၈၄၃၁)**

**အထက်တန်းရှေ့နေများ**

**အမှတ် (၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**

**ဖုန်း− ၀၉− ၅၁၁၈၀၀၇၊ ၀၉− ၅၁၁၅၉၉၀၊ ၀၉− ၅၁၈၃၅၆၉**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈-ဒီ၊ မြေကွက်အမှတ် ၁၁၁၊ ကျောင်းကုန်းလမ်း၊ အိမ်အမှတ်-၂၆၊ ၄လွှာဟု ခေါ်တွင်သော အကျယ်အဝန်း-၂၅ပေx၅၀ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်နွယ်နွယ်လင်း ၁၂/တမန(နိုင်)၀၇၅၀၄၀ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်မြောက် သည်အထိ လာရောက်ကန့်ကွက်မှု တစ်စုံတစ်ရာပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ် အလွှဲအပြောင်းကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးမျိုးမြင့်အောင်** | **ဦးအေးမင်းသူ** | **ဒေါ်လင်းလင်းကြည်** |
| **စဉ်-၂၅၁၆၅** | **စဉ်-၂၆၁၉၉** | **စဉ်- ၄၆၃၂၈** |

**အထက်တန်းရှေ့နေများ**

**အမှတ် ၅၈/၆၀ (ပထမထပ်) ၊ မဟာဗန္ဓုလပန်းခြံလမ်း၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း − ၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆ ၊ ၀၉-၄၂၅၂၈၈၆၅၁**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၈)၊ မြေကွက်အမှတ်-(၈၃၂)၊ သဇင်လမ်း၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ ဦးလှတိုးအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမွေဆက်ခံပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်းကမ်းလှမ်းလာသူ ဒေါ်မြင့်မြင့်ဆွေ ၁၂/မဂဒ(နိုင်)၀၀၃၄၇၅ ထံမှကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မာလွင် ၃/ကကရ(နိုင်)၀၀၀၀၁၂ က ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက် ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်မာလွင်၏လွှဲအပ်ညွှန်ကြားချက်အရ −**

**ဒေါ်အေးမြမွန် (LL.B, LL.M)**

**အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)**

**အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊**

**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၅၆၈၃၃၇၈**

## ပြည်ထဲရေးဝန်ကြီးဌာန
## အကျဉ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး
## ရိက္ခာဆန်ဝယ်ယူရေး (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အကျဉ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ကွပ်ကဲမှုအောက် အကျဉ်းထောင်/စခန်းများမှ အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား အချုပ်သူနှင့် လုပ်အားရှင်များအား ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးအတွင်းကျွေးမွေးရန်လိုအပ်သော ငစိန်ဆန်(၂၅%)နှင့် ၎င်းထက်အရည်အသွေးမနိမ့်သော ရိက္ခာဆန် ၁၁၈၈၈ အိတ်အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန်ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါတင်သွင်းသူသည် ပေးသွင်းသည့်ဈေးနှုန်းနှင့် ဆန်အိတ်တန်ဖိုး၏ ၁% ကို မြန်မာ့စီးပွားရေးဘဏ်၌ PO Cheque ပြုလုပ်၍ ယှဉ်ပြိုင်သည့်ရက်၌ တင်ဒါနှင့်အတူ ပူးတွဲတင်ပြရမည်။

| | | |
|---|---|---|
| **တင်ဒါရောင်းချမည့်ရက်/နေရာ** | − | ၂၀-၃-၂၀၂၃ ရက်မှ ၂-၄-၂၀၂၃ရက် ၁၆: ၀၀နာရီ၊ အကျဉ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ မကွေးမြို့၌ တင်ဒါပုံစံ (၁)စောင်လျှင် ၁၀,၀၀၀/-ဖြင့် ဝယ်ယူနိုင်ပါသည်။ |
| **တင်ဒါဖွင့်မည့်ရက်/အချိန်** | − | ၃-၄-၂၀၂၃ရက်(တနင်္လာနေ့) ၀၉၀၀ နာရီ |
| **နေရာ** | − | တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး မကွေးမြို့ |

အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**

**ဖုန်း ၀၆၃-၂၈၃၈၆၊ ၀၆၃-၂၈၃၈၇**

### ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့နယ်၊ ပေါင်းတလည်မြို့၊ အနောက်ပိုင်းရပ်ကွက်၊ ပြည်-ပေါက်ခေါင်းလမ်းနှင့် ဆင်မြီးဆွဲလမ်းထောင့်၊ အကွက်အမှတ် ၅၃(အနောက်ပိုင်းကွက်)၊ ဦးပိုင်အမှတ်(၆၇)၊ မြို့မြေအမျိုးအစားဟုခေါ်တွင်သော ဦးအောင်မြင့်-ပါ(၂၂)ဦး အမည်ထွက် မြေဧရိယာ ၁ ဒသမ ၇၁၀ ဧက အတွင်းမှ အရှေ့လားသော်-ဦးငွေအောင်၏ခြံမြေ၊ အနောက်လားသော်-ဦးမောင်မောင်၏ခြံမြေ၊ တောင်လားသော်-ဦးကျော်ကြီး၏ခြံမြေ၊ မြောက်လားသော်-ပြည်-ပေါက်ခေါင်းလမ်း စသည့် နယ်(၄)ရပ်အတွင်းရှိ ပေါင်းတလည်ယာဉ်ပိုင်ရှင်များအသင်းပိုင် ရှေ့မျက်နှာစာအလျား(၂၁)ပေ၊ နောက်အရှည် အနံ(၉၅)ပေ၊ နောက်မျက်နှာစာအလျား(၂၁)ပေရှိသောခြံမြေကို ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်မျိုးနိုင် (ဘ)ဦးမောင်မောင် ၇/ပမန(နိုင်)၁၀၉၃၆၆ မှ တန်ဖိုးငွေကျပ် သိန်း(၁၂၀၀)တိတိဖြင့် စရန်ငွေပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ ၆-၄-၂၀၂၃ ရက်တွင် အပြီးသတ်ငွေပေးချေမည်ဖြစ်၍ အဆိုပါမြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူရှိပါက အပြီးသတ်ငွေပေးချေမှုမပြုမီ ၅-၄-၂၀၂၃ ရက် နောက်ဆုံးထားကာ အထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်မျိုးနိုင်၏လွှဲအပ်ညွှန်ကြားချက်အရ−**

**ဦးကျော်လင်း(LL.B )**

**တရားလွှတ်တော်ရှေ့နေ(စဉ် −၁၀၁၃၄)**

**အမှတ်−၁၆၂၊ ဗိုလ်ချုပ်လမ်း၊ ရွာဘဲရပ်ကွက်၊ပြည်မြို့၊**

**ဖုန်း − ၀၉-၄၃၀၄၈၆၇၅**

### အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မျိုးသန္တာမင်း ၉/မနတ(နိုင်)၀၀၁၇၂၂ သည် မူလ ဒေါ်စိန်စိန် အမည်ပေါက် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် (၃-A)၊ မြေကွက်အမှတ် (၆၃/၆၄)၊ ဧရိယာ (၄၉'x၅၀')ရှိ မြေပိုင်မြေနှင့် မြေကွက်ပေါ်ရှိ အိမ်ငှားများပါရှိသော (၄) ခန်းတွဲ (၅) ထပ်တိုက် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်စိန်စိန်ထံမှ ဝယ်ယူလက်ရှိထား စီမံခန့်ခွဲခွင့်ရှိသူ ဒေါ်သန်းသန်းနိုင် ၁၂/မဂတ(နိုင်)၀၈၇၁၀၆ ထံမှ ဝယ်ယူလက်ရှိထားပြီး စီမံခန့်ခွဲလျက်ရှိသည်မှာ ယနေ့အချိန်ထိ ဖြစ်ပါသည်။ ထို့ပြင် မြေကွက်ပေါ်ရှိ (၄) ခန်းတွဲ (၅) ထပ်တိုက်၏ တိုက်ခန်းပိုင်ရှင်များမှလည်း ငှားရမ်းခများကို ကျွန်ုပ်မိတ်ဆွေထံမပျက်မကွက် ပေးအပ်လျက်ရှိပါသည်။

သို့ဖြစ်၍ အထက်မြေကွက်နှင့်မြေပေါ်ရှိ တိုက်ခန်းများ၏ ငှားရမ်းခများ၊ လွှဲပြောင်းခများကို ကျွန်ုပ်မိတ်ဆွေက ဝယ်ယူလက်ရှိထား စီမံခန့်ခွင့်လျက်ရှိပါသည်။ ကျွန်ုပ်မိတ်ဆွေ ဒေါ်မျိုးသန္တာမင်းမှ သိရှိသဘောတူခွင့်ပြုချက်မပါရှိဘဲ တစ်နည်းနည်းဖြင့် မြေကွက်နှင့် စာရွက်စာတမ်းများကို လွှဲပြောင်းခြင်း၊ လက်ဝယ်ထားခြင်းမပြုလုပ်ရန်နှင့် ထိုသို့ဆောင်ရွက်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ −**

**ဦးဝင်းဇော် ( LL.B )တရားလွှတ်တော်ရှေ့နေ**

**အမှတ် ( ၅၈/၆၀ )၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း −၀၉-၅၀၅၆၉၄၄**

### ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုဏ္ဏားကုန်းရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ တိုက်အမှတ် (၇၂)၊ (၃)လွှာD/ယာ၊ အကျယ်အဝန်း(၂၀ပေ x၇၀ပေ)အကျယ်ရှိ တိုက်ခန်းနှင့်တကွ ရေ၊ မီးစုံ အပါအဝင် ဆက်နွယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရောင်းအဝယ် အရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် (၆-၃-၂၀၀၉)ရက်ကတည်းကပင် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဦးခင်ဋ္ဌေး ၁၄/မမန(နိုင်)၁၃၂၉၅၄သည် ၁၆-၇-၂၀၂၁ရက် ကကွယ်လွန်ခဲ့၍ ဇနီးဖြစ်သူ ဒေါ်မူယာဟန် ၁၄/မမန(နိုင်)၁၀၈၄၆၃ မှ တရားဝင်ဇနီးဖြစ်၍ အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကာ အရှုပ်အရှင်းကင်းသော တိုက်ခန်းဖြစ်ကြောင်း ဖွင့်ဟဝန်ခံကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူ မည်သူမဆို တိုက်ခန်းနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ −**

**ဒေါ်ဝေဝေအောင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆၈)**

**အမှတ်၁၂၉၇/အေ၊ ဇာတိဂုဏ်လမ်း၊မေတ္တာညွန့်ရပ်ကွက်၊**

**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

**ဖုန်း-၀၉-၄၂၀၀၅၇၄၉၈**

## ပြည်ထဲရေးဝန်ကြီးဌာန
## အကျဉ်းဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံး
## ရိက္ခာဆန်ဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံး ကွပ်ကဲမှုအောက် အကျဉ်းထောင်/အလုပ်စခန်းများရှိ အကျဉ်းသား/အကျဉ်းသူ အချုပ်သား/အချုပ်သူနှင့် လုပ်အားရှင်များအတွက် ၂၀၂၃- ၂၀၂၄ ဘဏ္ဍာရေးနှစ်နှင့် (အရန်တစ်လစာအပါ) ရိက္ခာဆန် (ငစိန် ၂၅%ဆန်) (၁၇၅၉၇)အိတ်အား သက်ဆိုင်ရာ အကျဉ်းထောင်/အလုပ်စခန်းများသို့အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ခေါ်ယူအပ်ပါသည်-

| | | |
|---|---|---|
| **တင်ဒါပုံစံနှင့်စည်းကမ်းချက်များ စတင်ရောင်းချမည့်ရက်** | - | ၂၀-၃-၂၀၂၃ ရက် |
| **နောက်ဆုံးရောင်းချမည့်ရက်** | - | ၂-၄-၂၀၂၃ရက်၊ ၁၆:၀၀ နာရီထိ |
| **တင်ဒါဖွင့်မည့်ရက်၊ အချိန်** | - | ၃-၄-၂၀၂၃ ရက်၊ ၁၁:၀၀ နာရီ |
| **တင်ဒါဖွင့်မည့်နေရာနှင့် တင်ဒါပုံစံရောင်းချမည့်နေရာ** | - | တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံး အကျဉ်းဦးစီးဌာန၊ ထားဝယ်မြို့ |

၂။ တင်ဒါလျှောက်လွှာပုံစံများကို တစ်စောင်လျှင် ငွေကျပ် ၁၀၀၀၀/- နှုန်းဖြင့် တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန၊ ထားဝယ်မြို့တွင်ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၉-၂၀၂၃၅၄၁၊ ၀၅၉- ၂၀၂၁၀၁၆ တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းသူသည် ပေးသွင်းသည့်ဈေးနှုန်းနှင့် ဆန်အိတ်တန်ဖိုး၏ ၁%ကို မြန်မာ့စီးပွားရေးဘဏ်၊ ထားဝယ်မြို့၌ PO Cheque ပြုလုပ်၍ တင်ဒါဖွင့်မည့်နေ့ရက်တွင် တင်ဒါလျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3A/5349 လိုက်ထရပ် (4x2)R ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တိုင်းရုံး(မကွေး)

## အမှတ် (၂၆၆) မြေညီထပ်၊ ရွှေဘုံသာလမ်း၊ အမှတ်(၇)ရပ်ကွက် ပန်းဘဲတန်းမြို့နယ် "သိန်းသန်း စိန်ရွှေရတနာဆိုင်" တိုက်ခန်းဥပစာနှင့်ပတ်သက်၍ သက်ဆိုင်သူများသိစေရန် ကြေညာချက်

အထက်ပါတိုက်ခန်းဥပစာသည် ကျွန်ုပ်တို့၏အမှုသည်ဖြစ်သူ ဦးမျိုးမြင့် ၇/ဒဥန(နိုင်)၀၃၂၈၃၉၈က ၂၀၀၅ ခုနှစ်မှစ၍ အပျောက်စနစ်ဖြင့် ဝယ်ယူ လက်ရှိထား အကျိုးခံစားစီမံခန့်ခွဲပိုင်ခွင့်ရှိသော အခန်းဥပစာဖြစ်ပါသည်။ အခန်း ဥပစာအား ဝယ်ယူပြီးနောက် သက်ဆိုင်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ အကြီးစားပြင်ဆင်ခွင့် တရားဝင်လျှောက်ထားရယူခဲ့ပြီး Motherland Group Construction Co.,Ltd မှ လိုင်စင်ရလုပ်ငန်းရှင်ထံအပ်နှံ၍ ပြင်ဆင်ခဲ့ပြီးလည်းဖြစ်ပါသည်။ ကျွန်ုပ်တို့အမှုသည်၏ အတိအလင်း သဘောတူညီမှုမပါဘဲ ဥပစာနေထိုင်လုံခြုံမှုအား ထိခိုက်နှောင့်ယှက်အဟန့်အတား ဖြစ်စေသည့် မည်သည့်ပြုလုပ်မှုကိုမဆို သဘောမတူ ကန့်ကွက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမျိုးမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးကျော်ငြိမ်း(ဖောင်တော်သီ)(စဉ်-၂၃၀၂)** | **ဒေါ်ခင်မေသန်း(စဉ်-၃၂၂၈)** |
| **BA(Law). LLB. DBL. DML** | **LL.B.DBL.DM.L.DIL** |
| **ဖုန်း-၀၉-၅၁၀၈၅၂၁** | **ဖုန်း-၀၉-၅၀၁၅၃၁၆** |

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်(၁၆၂)၊ ပထမထပ်၊ ၃၅ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၇၉)၊ မြေကွက်အမှတ်(၁၆၀၇)၊ ရွှေပိတောက်လမ်း၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ဦးမျိုးညွန့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်းကမ်းလှမ်းလာသူ ဒေါ်ခင်ထွေး၁၀/ကမရ (နိုင်)၀၁၆၈၅၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)**
**အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့**
**ဖုန်း-၀၉- ၇၉၅၆ ၈၃၃၇၈**

## ပြည်ထဲရေးဝန်ကြီးဌာန
## အကျဉ်းဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ ရခိုင်ပြည်နယ်ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်များအတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်သော ငစိန် ၂၅% နှင့် ၎င်းထက်အရည်အသွေး မနိမ့်သော ရိက္ခာဆန်များအား မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ အောက်ပါအတိုင်း ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | စစ်တွေအကျဉ်းထောင် | ၂,၉၄၆ အိတ် |
| (ခ) | ဘူးသီးတောင်အကျဉ်းထောင် | ၃,၆၆၂ အိတ် |
| (ဂ) | ကျောက်ဖြူအကျဉ်းထောင် | ၉၄၇ အိတ် |
| (ဃ) | သံတွဲအကျဉ်းထောင် | ၂,၂၈၃ အိတ် |
| | **စုစုပေါင်း** | **၉,၈၃၈ အိတ်** |

၂။ တင်ဒါပေးသွင်းသူသည် တင်ဒါအာမခံစပေါ်ငွေအဖြစ် မိမိတင်သွင်းမည့် ဈေးနှုန်းနှင့် ပေးသွင်းရမည့် ရိက္ခာဆန်အိတ်တန်ဖိုးကျသင့်ငွေ၏ (၁%)ကို Payment Order Cheque (PO Cheque)အား ဘဏ်တွင် ပြုလုပ်၍ တင်ဒါလျှောက်လွှာပုံစံနှင့်အတူ ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့၊ အကျဉ်းဦးစီးဌာန၊ ရခိုင်ပြည်နယ်ဦးစီးမှူးရုံး၊ စစ်တွေမြို့သို့ ပေးအပ်ရမည်။

၃။ တင်ဒါပုံစံတစ်စုံလျှင် ၁၀၀၀၀/-နှုန်းဖြင့် ၂၀-၃-၂၀၂၃ ရက်မှ ၂-၄-၂၀၂၃ ရက်အထိ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်သည်။

၄။ အိတ်ဖွင့်တင်ဒါများကို ၂-၄-၂၀၂၃ ရက်(၁၆:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၅။ **အိတ်ဖွင့်တင်ဒါဖွင့်မည့်အချိန်**မှာ ၃-၄-၂၀၂၃ ရက် ၁၀:၀၀နာရီဖြစ်ပါသည်။

၆။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၄၃-၂၁၀၄၀၊ ၀၄၃-၂၃၄၁၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**
**အကျဉ်းဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့**

## ၂၀-၁၂-၂၀၁၄ ရက်တွင် ကွယ်လွန်ခဲ့သော ဦးကိုကိုလေး ၁၂/ကတတ (နိုင်)၀၂၄၁၈၈ ပိုင်ဆိုင်ကျန်ရစ်သော ရွှေ့ပြောင်းနိုင်သော/မရွှေ့ပြောင်းနိုင် ပစ္စည်းများအပေါ် အမွေဆက်ခံခွင့်နှင့်စပ်လျဉ်း၍ ၁၂-၁-၂၀၂၃ရက် ထုတ်ဝေသော မြန်မာ့အလင်းသတင်းစာကြော်ငြာပါ ဒေါ်မြင့်မြင့်ရွှေ ၁၂/ကတန(နိုင်)၀၇၃၁၅၅နှင့် အများသိစေရန်

ရန်ကုန်မြို့နေ ကျွန်ုပ်တို့မိတ်ဆွေဖြစ်သူ ဒေါ်ရင်ရင်မေ ၁၂/စခန (နိုင်)၀၂၈၃၀၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်သည်မှာ -

National Land Yangon Co., Ltd ၏ အစုရှယ်ယာဝင်နှင့် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်ပြီး (၂၀-၁၂-၂၀၁၄) ရက်က ကွယ်လွန်ခဲ့သူ ဦးကိုကိုလေး ၁၂/ကတတ(နိုင်)၀၂၄၁၈၈ သည် ကျွန်ုပ်တို့မိတ်ဆွေဖြစ်သူ ဒေါ်ရင်ရင်မေနှင့် လွန်ခဲ့သော(၁၉၈၄)ခုနှစ်က နိုင်ငံရင်းသား၊ ခရစ်ယာန်ဘာသာဝင်များ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်အရ [ Christian Marriage Act 1872 ] ဖြင့် လက်ထပ်ထိမ်းမြားထားသော တရားဝင်ခင်ပွန်းတော်စပ်သူ ဖြစ်ပါသည်။ ၎င်းကွယ်လွန်ချိန်ကာလအထိ ခရစ်ယာန်ဘာသာဝင် လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲမှု မရှိခဲ့သောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ရင်ရင်မေသည် ကွယ်လွန်သူ ခင်ပွန်း ဦးကိုကိုလေး ပိုင်ဆိုင်ကျန်ရစ်သော ရွှေ့ပြောင်းနိုင်၊ မရွှေ့ပြောင်းနိုင် ပစ္စည်းများအပေါ် ခရစ်ယာန်ဘာသာဥပဒေနှင့်အညီ ရယူဆက်ခံတောင်းဆိုပိုင်ခွင့်ရှိသူ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ပါသည်။

ကွယ်လွန်သူ ဦးကိုကိုလေးနှင့် တရားဝင်ပေါင်းသင်းနေစဉ် ကာလကတည်းက ၎င်းက ညီအစ်ကိုမောင်နှမအရင်းအချာများနှင့်အတူ National Land Yangon Co.,Ltd တွင် အစုရှယ်ယာများ အချိုးကျပူးတွဲထည့်ဝင်ခဲ့ခြင်းဖြစ်ရာ ယင်းကုမ္ပဏီမှ ကွယ်လွန်သူ ဦးကိုကိုလေး၏ အစုရှယ်ယာဝေစုအပါအဝင် ပေါ်ပေါက်သော အကျိုးအမြတ် ခံစားခွင့်များသည်လည်းကောင်း၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၂/ကံဘဲ့)၊ မြေကွက်အမှတ် (၇/က-၂၊၇/ခ+၂)၊ ဧရိယာ ၁ ဒသမ ၁၃၈ ဧကရှိ အမှတ်(၁၉)၊ ကန်ရိပ်သာလမ်း၊ (၈) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဟု ခေါ်တွင်သော မြေပိုင်မြေအမျိုးအစားမြေကွက်နှင့် စပ်လျဉ်းသော ဦးကိုကိုလေး၏ အချိုးကျပူးတွဲပိုင်ဆိုင်မှုဝေစုသည်လည်းကောင်း၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ပုလဲကွန်ဒို ၊ Block – C ၊အခန်းအမှတ် (PH.01)နှင့် စပ်လျဉ်းသော ပိုင်ဆိုင်မှု အကျိုးစီးပွားအပါအဝင် ရွှေ့ပြောင်း/မရွှေ့မပြောင်းနိုင်ပစ္စည်း အရပ်ရပ်သည်လည်းကောင်း ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်ရင်ရင်မေက တရားဝင် ဇနီးအဖြစ် ဆက်ခံတောင်းဆို ရယူပိုင်ခွင့်များ ဖြစ်ပါသည်။

၁၂-၁-၂၀၂၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၌ ဒေါ်မြင့်မြင့်ရွှေ ၁၂/ကတန (နိုင်) ၀၇၃၁၅၅ နှင့်၎င်း၏ တရားလွှတ်တော်ရှေ့နေ ဦးမောင်မောင်သူရ ပါ (၄) ဦးတို့က ထည့်သွင်းကြေညာထားချက်များသည် ပကတိဖြစ်ရပ်မှန်များနှင့် ကွဲလွဲသော မမှန်မကန် ကြေညာတောင်းဆိုမှုများဖြစ်ပြီး ကွယ်လွန်သူ ဦးကိုကိုလေး၏ ခရစ်ယာန်ဘာသာဝင် တရားဝင်ဇနီးဖြစ်သူ ဒေါ်ရင်ရင်မေအနေဖြင့် မိမိ၏ရပိုင်ခွင့်များအပေါ် ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားရန် စီစဉ်နေပြီဖြစ်ကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**

| | |
|---|---|
| **ဦးသန်းစိုး(ထွန်း)** | **ဒေါ်မူယာ** |
| **B.A (Eco), H.G.P,R.L,D.B.L** | **LL.B, Dip: in Business Law** |
| **တရားလွှတ်တော်ရှေ့နေ(၅၄၉၃)** | **တရားလွှတ်တော်ရှေ့နေ(၆၆၆၀)** |

**အမှတ် (၁၇၅/ဘီ)၊ ပထမထပ်၊ ၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉)၊ ဆတ်သွားလမ်းနှင့်ဗိုလ်စောအောင်လမ်းထောင့်၊ မြေကွက်အမှတ် (၃၆၇) အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဒေါ်ရီပိုပို (၁၂/ပဇတ(နည်)၀၀၀၃၂၆) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက် ပိုင်ရှင်ဖြစ်သူ ဒေါ်ရီပိုပို (၁၂/ပဇတ(နည်)၀၀၀၃၂၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်ကျော်လှိုင် LL.B,
အထက်တန်းရှေ့နေ (စဉ်-၄၃၆၈၈)
Ph, 09421746974

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ/၁၅)၊ တောင်ငူလမ်း၊ မြေကွက်အမှတ် (၈၆၈/က) အကျယ်အဝန်း (၂၀ပေ× ၆၀ပေ)ရှိ ဦးထွန်းမြင့် (အန်ဘီအန်-၂၂၁၂၇၉) အမည်ပေါက် ပါမစ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးမြင့်နိုင် (၇/ဝမန(နိုင်)၀၈၀၈၈၉) ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ကျော်လှိုင် LL.B,
အထက်တန်းရှေ့နေ (စဉ်-၄၃၆၈၈)
Ph, 09421746974

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၈၄)၊ မြေကွက်အမှတ်-(၂၁၂/က)၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ ဦးတင်လှအမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကိုဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးစွမ်းပြည့်လင်း ၁၂/ဒဂတ(နိုင်)၁၀၅၀၆၃ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်နှင်းနွယ်အေး ၁၂/ဗတထ(နိုင်)၀၁၇၉၁၁က ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နှင်းနွယ်အေး၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)**
**အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း - ၀၉ -၇၉၅၆ ၈၃၃၇၈**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်းမြို့ဟောင်း(၅)လမ်း၊ ပထမအဖြတ်၊ အမှတ်၆၄၅ ဟု ခေါ်တွင်သော ပေ(၂၅x၅၀)၊ နှစ်(၆၀)ဂရန်မြေပေါ်တွင် ဆောက်လုပ်မည့် နှစ်ခန်းတွဲခြောက်ထပ်တိုက် ၏ ဒုတိယထပ်ခြေရင်းခြမ်းအား ဦးဝင်းသိန်း ၁၂/မရက(နိုင်)၁၆၄၆၄၈ ကိုင်ဆောင်သူ (ကန်ထရိုက်တာ)မှ မိမိအမှန်တကယ်ရရှိမည့် အခန်းဖြစ်ကြောင်း အရှုပ်အရှင်းကင်းပြီးရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေကြီးဖြစ်သူ ဒေါ်ကေသီခိုင် ၁၂/မဂဒ(နိုင်)၀၉၆၂၉၁ မှ ဝယ်ယူရန်အတွက် ကြိုပွဲခွင့် အရစ်ကျ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ အခန်းနှင့်ပတ်သက်သော ပိုင်ရေးဆိုင်ခွင့်ရှိသူများ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ခိုင်လုံသော စာရွက်စာတမ်းအစုံအလင်ဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဇင်ဦး(အထက်တန်းရှေ့နေ)**
**LL.B(Q), LL.M, P.G.D.L, C.B.L**
**အမှတ်(၁၂၂)၊ ဘုရင့်နောင်လမ်း၊ ၅ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်**
**ဖုန်း-၀၉-၇၅၇၀၁၇၂၈၉၊ ၀၉-၈၉၅၆၃၃၆၂၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၈)၊ မြေကွက်အမှတ် (၂၀၀-က)၊ (၈)ရပ်ကွက်၊ မဟာဝန်အောက်လမ်း ပေ (၂၀x၆၀)အကျယ်ရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းမှတ်တမ်းတွင် ဦးအယ်(လ်)မွန် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်အမျိုးအစားမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ ပေ(၂၀x၆၀)အကျယ်အနက်မှ တရားဝင်မခွဲစိတ်ရသေးသည့်(ခြေရင်းဘက်ခြမ်း)(ဂရန်မိတ္တူ)၊ ပေ(၁၄x၆၀)အကျယ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်တင်သန်း ၁၂/သကတ (နိုင်)၀၅၂၂၂၅ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်စုလတ်မောင် ၁၂/ဥကမ(နိုင်)၁၇၉၉၂၃ က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်သက်သက်မွန်** | **ဦးသုထက်ကျော်လွင်** | **ဒေါ်စုပိုပိုဇော်ဝင်း** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၀၆၀၅/၂၀၁၅)** | **(စဉ်-၄၉၅၀၂/၂၀၁၈)** | **(စဉ်-၅၄၈၃၅/၂၀၂၂)** |

**တိုက်(၄)၊ အခန်း(၃၁)၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့်အနီး၊**
**(၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉ - ၇၉၅၃၄၇၅၃ ၊ ၀၉ - ၇၅၀၃၉၈၄၀၆**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1E/2965 Light Truck (4x2)R ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/33338 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ Shwe Aung Myaing Co.,Ltd ၃၈လမ်း၊ ၈၀x၈၁ကြား၊ မဟာအောင်မြေမြို့နယ်က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1P/8147 Nissan Sunny N17 Saloon(4x2) (L) ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်ဇော်မင်း ၁၁/တကန (နိုင်)၀၅၀၆၀၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2G/9923 KIA BONGO III PICKUP(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးနေဝင်းအောင် ၉/မတရ(နိုင်)၁၁၂၅၆၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မူဆယ်)မူဆယ်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## ဆရာအတတ်ပညာဦးစီးဌာန
## ၂၀၂၃ ခုနှစ်၊လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း(PPTT) အမှတ်စဉ် (၉/၂၃)သင်တန်းသားခေါ်ယူခြင်း

၁။ ၂၀၂၃ ခုနှစ်အတွက် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း(PPTT)၊အမှတ်စဉ်(၉/၂၃)သင်တန်းကိုပညာရေးဒီဂရီကောလိပ်များ၌ ၂၀၂၃ ခုနှစ်၊ ဇွန်လ (၁)ရက်တွင် ဖွင့်လှစ်မည် ဖြစ်ပါသည်။

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရပါမည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခု (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘောဂဗေဒ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ၊ စိတ်ပညာ၊ အဏ္ဏဝါသိပ္ပံ၊ ကုန်ထုတ်ဓာတုဗေဒ၊ Microbiology၊ Biotechnology၊ Biochemistry၊ Environmental Studies၊ Geology၊ B.A(မြန်မာမှု)၊ B.A(ရသ)၊ B.A(ဂီတ)၊ B.A(သဘင်)၊ B.A(ပန်းချီ)၊ B.A(ပန်းပု)၊ B.Sc(Sports)၊ B.Econ(stats)၊ B.Com) ရရှိပြီးသူ ဖြစ်ရမည်။

(ဂ) ပြင်ပဘွဲ့ရများအတွက် ၂၀၂၃ ခုနှစ်၊ မေလ (၃၁)ရက်တွင် အသက်(၃၅)နှစ်ထက် မကြီးသူ၊ ဝန်ထမ်းဖြစ်ပါက အမြဲတမ်းဝန်ထမ်းဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ မေလ(၃၁)ရက်တွင် အသက်(၄၀)နှစ်ထက်မကြီးသူဖြစ်ရန်နှင့် သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ၏ ခွင့်ပြုချက်ကို ပူးတွဲတင်ပြရမည်။

(ဃ) ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ လုပ်ငန်းခွင်အကြိုမူလတန်း ဆရာအတတ်ပညာသင်တန်း (PPTT)အမှတ်စဉ်(၉/၂၃)သင်တန်းအတွက် လျှောက်ထားသူများသည် အင်္ဂလိပ်စာ၊ ပညာရေးဆိုင်ရာ ဗဟုသုတ ရေးဖြေစာမေးပွဲနှင့်လူတွေ့နှုတ်ဖြေကို သက်ဆိုင်ရာပညာရေးဒီဂရီကောလိပ်များတွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ စာမေးပွဲဖြေဆိုရမည့်ရက်အား သက်ဆိုင်ရာ ပညာရေးဒီဂရီကောလိပ်များတွင် ကြေညာမည်။

(င) ကျန်းမာရေးကောင်းမွန်၍ ဆရာ့တာဝန်ထမ်းဆောင်နိုင်ပြီးမည်သည့် ပညာရေးဒီဂရီကောလိပ်တွင်မဆို တက်ရောက်နိုင်သူဖြစ်ရမည်။

(စ) အကျင့်စာရိတ္တကောင်းမွန်ပြီး ပြစ်မှုကင်းရှင်းသူ ဖြစ်ရမည်။

(ဆ) သင်တန်းတက်ရောက်နေစဉ် ကာလအတွင်း အခြားသင်တန်းတစ်ခုခု တက်ရောက်နေသူ မဖြစ်ရပါ။

(ဇ) သင်တန်းတက်ရောက်နေစဉ် ကိုယ်လက်ကြံ့ခိုင်လှုပ်ရှားမှုများ နေ့စဉ်ဆောင်ရွက်ရမည် ဖြစ်ပါ၍ ရွေးချယ်ခံရသည့် သင်တန်းသူသည် ကိုယ်ဝန်ဆောင်ခြင်းမရှိရပါ။

၃။ သင်တန်းဝင်ခွင့် သတ်မှတ်ပုံစံအတိုင်း ကိုယ်တိုင်ရေးသားဖြည့်သွင်းကာ လက်မှတ်ရေးထိုးရမည်။

၄။ လျှောက်လွှာကို ၂၀၂၃ ခုနှစ်၊ ဧပြီလ (၇) ရက်နေ့ထက် နောက်မကျစေဘဲ လျှောက်လွှာတင်ရမည့် ပညာရေးဒီဂရီကောလိပ်တည်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်ရှိ မြို့နယ်တစ်ခုကို ကိုယ်စားပြု၍ လျှောက်ထားရမည်။ နေပြည်တော်ကောင်စီနယ်မြေအတွက် တောင်ငူပညာရေးဒီဂရီကောလိပ်တွင် လျှောက်ထားနိုင်သည်။ ပညာရေးဝန်ကြီးဌာန(သို့မဟုတ်)ဦးစီးဌာနသို့ တိုက်ရိုက်လျှောက်ထားခြင်းမပြုရ။

၅။ လျှောက်လွှာနှင့်အတူ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ထုတ်ထားသည့် တက္ကသိုလ်ဝင် အောင်မြင်သည့် အထောက်အထား(မိတ္တူ)၊ ဘွဲ့လက်မှတ်(မိတ္တူ)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)နှင့် (၆)လအတွင်း ရိုက်ကူးထားသည့် ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၂)ပုံတို့ကို ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြထားခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြထားသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ ပညာရေးဒီဂရီကောလိပ်အသီးသီးတွင် ရေးဖြေအောင်မြင်သူများစာရင်းနှင့် လူတွေ့ဖြေဆိုရမည့်ရက်ကို သက်ဆိုင်ရာပညာရေးဒီဂရီကောလိပ်များ၌ ၂၀၂၃ ခုနှစ်၊ မေလတွင် ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး လူတွေ့ဖြေဆိုအောင်မြင်သူများသာ တက်ရောက်ခွင့်ရမည်ဖြစ်ပါသည်။

၈။ သင်တန်းတက်ရောက်ခွင့်ရရှိသူများသည် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်းနှင့် ဘွဲ့ရရှိမှု အထောက်အထား(မူရင်း)တင်ပြနိုင်ရမည်။

၉။ သင်တန်းတက်ရောက်ခွင့် ရရှိသူများသည် သင်တန်းပြီးစီးအောင် တက်ရောက်ရမည်။ မူလတန်း ဆရာအတတ်ပညာလက်မှတ်ရရှိပြီးနောက် လက်ထောက်မူလတန်းပြအဖြစ် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်ပါမည်ဟု ဝန်ခံကတိလက်မှတ်ရေးထိုးရမည်။

၁၀။ သင်တန်းပြီးစီးအောင်မတက်ရောက်ခဲ့လျှင်သော်လည်းကောင်း၊ ခန့်ထားခြင်းခံရသော အခြေခံပညာကျောင်းများတွင် တာဝန်မထမ်းဆောင်ခဲ့လျှင်သော်လည်းကောင်း သတ်မှတ်လျော်ကြေး (၅)သိန်းကျပ်နှင့်အတူ လစဉ်ထောက်ပံ့ကြေးကို ပြန်လည်ပေးလျော်ရမည်။

**ဆရာအတတ်ပညာဦးစီးဌာန**

**ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ မတ်လ(   )ရက်**

### ၂၀၂၂-၂၀၂၃ ပညာသင်နှစ်
### လုပ်ငန်းခွင်အကြိုမူလတန်းဆရာအတတ်ပညာသင်တန်း
### အမှတ်စဉ်(၉/၂၃)သင်တန်းဝင်ခွင့်လျှောက်လွှာ

ဓာတ်ပုံ

၁။ လျှောက်ထားသူအမည် ______
၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်______
၃။ ဖခင်အမည်______
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်______
အလုပ်အကိုင်______
၄။ မိခင်အမည်______
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်______
အလုပ်အကိုင်______
၅။ လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ______
၆။ မွေးသက္ကရာဇ်____ခုနှစ်၊______လ၊_____ရက်၊ အသက်(   )နှစ်၊ (   )လ
၇။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့်စာစစ်ဌာနနှင့်ခုနှစ်______
၈။ မူလဘွဲ့အမည်နှင့် အဓိကယူခဲ့သည့်ဘာသာ______
အောင်မြင်ခဲ့သည့် တက္ကသိုလ်နှင့်ခုနှစ်______
၉။ ဝန်ထမ်းဖြစ်ပါကလက်ရှိတာဝန်ထမ်းဆောင်နေသည့်ရာထူး၊ဌာန ______
______
၁၀။ အိမ်ထောင်ရှိ/မရှိ(ရှိပါက)ဇနီး/ခင်ပွန်းအမည်______
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်______
၁၁။ လက်ရှိနေရပ်လိပ်စာ၊ ဖုန်းနံပါတ်______
၁၂။ ဆက်သွယ်ရန်နေရပ်လိပ်စာ၊ဖုန်းနံပါတ်______
၁၃။ သင်တန်းပြီးဆုံး၍ လက်ထောက်မူလတန်းပြအဖြစ်ခန့်ထားပါက ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးပါသည်။
၁၄။ သင်တန်းတက်ရောက်စဉ် ကိုယ်လက်ကြံ့ခိုင်လှုပ်ရှားမှုများ နေ့စဉ်ဆောင်ရွက်ရမည်ဖြစ်ပါ၍ ရွေးချယ်ခံရသည့် သင်တန်းသူသည် ကိုယ်ဝန်ဆောင်ခြင်းမရှိရပါ။
၁၅။ ရေးဖြေနှင့်လူတွေ့စာမေးပွဲရမှတ်အရ အိပ်ဆောင်ဦးစားပေး ချထားခြင်းကို သိရှိပါသည်။ အကယ်၍ ဝင်ခွင့်ရရှိပြီး အိပ်ဆောင်မရပါက ပညာသင်ထောက်ပံ့ကြေးခံစားကာ ပြင်ပမှ နေ့သင်တန်း တက်ရောက်လိုခြင်း ရှိ/မရှိ______

**လျှောက်ထားသူလက်မှတ်**

**ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊______လ၊______ရက်**

---

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာအမျိုးသားလေကြောင်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာအမျိုးသားလေကြောင်းမှ ၂၀၂၃-၂၀၂၄ခု၊ ဘဏ္ဍာရေးနှစ် ရုံးသုံး ပရီမီယမ်ဒီဇယ်ဆီ (PHSD)များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၈-၃-၂၀၂၃ရက်

၃။ **တင်ဒါလျှောက်လွှာ** - ၇-၄-၂၀၂၃(ရုံးချိန်အတွင်း တင်သွင်းရန်)
**နောက်ဆုံးတင်သွင်းရမည့်ရက်**

၄။ **အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်** - ၁၉-၄-၂၀၂၃ရက်

၅။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြန်မာအမျိုးသားလေကြောင်း**
**ဈေးနှုန်းစိစစ်ဝယ်ယူရေးကော်မတီ**
**ဖုန်း-၀၁-၃၇၁၁၃၀၊ ၀၉-၅၀၇၀၉၃၅**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ကရင်ပြည်နယ်မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဝန်ထမ်းအိမ်ရာတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသဖြင့် ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည် -

| | **တည်နေရာ** | **လုပ်ငန်း** |
|---|---|---|
| (က) | ဘားအံမြို့ | (၄)ခန်းတွဲ(၅)ထပ်RC (၂)လုံး (ရေသန့်/လျှပ်စစ်အပါအဝင်) |
| (ခ) | ကမမောင်းမြို့ | (၄)ခန်းတွဲ(၄)ထပ်RC(၁)လုံး (ရေသန့်/လျှပ်စစ်အပါအဝင်) |

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၃-၃-၂၀၂၃ ရက်(ရုံးချိန်အတွင်း)

၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၅-၄-၂၀၂၃ ရက်(၁၆:၀၀)နာရီ

၄။ **တင်ဒါဖွင့်ဖောက်ရွေးချယ်မည့်ရက်** - ၂၀၂၃ ခုနှစ်၊ ဧပြီလပထမပတ်အတွင်း (ဆက်သွယ်အကြောင်းကြားပါမည်။)

၅။ **တင်ဒါရောင်းချမည့်နေရာ/ တင်သွင်းရမည့်နေရာနှင့် တင်ဒါဖွင့်လှစ်မည့်နေရာ** - မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ကရင်ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ ဘားအံမြို့

၆။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ကရင်ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ ဘားအံမြို့၊ ဖုန်း-၀၅၈-၈၉၀၄၀၁၄၊ ၀၅၈-၈၉၀၄၀၁၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

---

## တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

နမ့်ဆန်မြို့နယ်၊ ကယားလမ်းကျေးရွာနေ (ဘ)ဦးမောင်ဆိုင်(ခ)ဦးအိုက်ဆိုင်၏ သမီးဖြစ်သူ ဒေါ်ရွှေအိမ် ၁၃/နဆန(နိုင်)၀၃၅၄၇ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၄-၁၁-၁၉၈၂ ဖြစ်ပါကြောင်းနှင့် ဖခင်၏အမည်မှာ (၂)မျိုးကွဲပြားသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ရွှေအိမ်**

---

## ပတ်စ်ပို့ပျောက်

ကျွန်တော်မောင်စန်းဝင်း ၈/ခမန(နိုင်)၁၆၀၅၈၅၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၁၅၆၃၇၄၅**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/89103 Kawasaki TR 250 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းပိုင်ဖြိုးသူ ၉/မဟမ(နိုင်)၁၁၈၄၇၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3N/6701 Honda Fit GK3 HATCH BACK (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ညိုညိုညွန့် ၅/မလန(နိုင်)၀၂၆၅၆၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

---

## မွေးသက္ကရာဇ်အမှန်

နမ့်ဆန်မြို့နယ်၊ မန်ကန်အုပ်စု၊ စခန်းသာကျေးရွာနေ (ဘ)ဦးမြင့်သိန်း၏သမီး ဒေါ်ခင်ဝင်းရီ ၁၃/နဆန(နိုင်)၀၀၁၀၂၄ ၏ မွေးသက္ကရာဇ်အမှန်မှာ ၄-၃-၁၉၇၅ ဖြစ်ပါကြောင်း။

**ဒေါ်ခင်ဝင်းရီ**

---

## မွေးသက္ကရာဇ်အမှန်

နမ့်ဆန်မြို့နယ်၊ ဘုရားကြီးကျေးရွာနေ (ဘ)ဦးအောင်မြတ်၏ သမီးဖြစ်သူ ဒေါ်အေးအေးနု ၁၃/နဆန(နိုင်)၀၀၀၁၅၄ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၉-၁၂-၁၉၆၇ ဖြစ်ပါကြောင်း။

**ဒေါ်အေးအေးနု**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/11205 Honda Scoopyi-110 M/C ယာဉ်လက်ဝယ်ရှိသူ Ever Ok Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

---

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
## (တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၂၀)
## ပြည်ကြီးတံခွန်မြို့ နယ်တရားရုံး
## ၂၀၂၃ ခုနှစ် တရားမကြီးမှုအမှတ်-၁၇

ဒေါ်သီတာမြင့် **နှင့်** ဦးအောင်ကျော်စိုး
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ၃၆x၃၇ကြား၊ ၇၀x၇၁ ကြား အောင်ချမ်းအေးရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ ဦးအောင်ကျော်စိုး(ဘ)ဦးကျော်ဆန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သီတာမြင့်လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု ရလိုကြောင်းနှင့်လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ခုနှစ် မတ်၂၄ ရက် (၁၃၈၄ ခုနှစ် တန်ခူးလဆန်း ၄ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူတရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်း ပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင်သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းရက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် မတ် ၁၇ ရက်တွင်ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ထွန်းမင်းဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

---

## ပတ်စ်ပို့ပျောက်

ကျွန်တော်ဦးနေလင်း ၈/မလန(နိုင်)၀၈၆၉၃၁ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၅၃၆၆၀၉၆**

---

## ပတ်စ်ပို့ပျောက်

ကျွန်မ မအေးစန္ဒာဝင်း ၈/ပဖန(နိုင်)၁၂၇၄၈၅၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၅၃၆၆၀၉၆**

---

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်လင်းထက်အောင် ၉/တသန(နိုင်)၁၅၂၂၄၄ ၏ သင်္ဘောသား SID Smart Card No.Ms 006307 သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၉၄၇၂၇၂၈**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတိုးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၁)၊ ဦးပိုင်အမှတ်(၅၁)၊ ၄၈x၄၉ လမ်းကြား၊ နှင်းဆီလမ်းနှင့် မြတ်လေးလမ်းကြားရှိ တောဂရန် မြေကွက် အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးစိန်ထွန်းကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၃၅၃/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ခင်မာရီ ၉/မနတ(နိုင်)၀၅၇၅၅၁ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၇၉၀၃/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသီဟဇော် ၉/မဟမ(နိုင်)၀၀၃၃၉၉ ကမြေကွက်၏ မြေချမိန့်၊ လမ်းဖိုးမြေဖိုးငွေရပြေစာများ၊ တောဂရန်မူရင်းများမှာ ပျောက်ဆုံးနေပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များ တင်ပြ၍ တောမှမြို့ပြောင်း၊ သက်တမ်းတိုး အမည်ပြောင်း၊ ဂရန်ပျောက် လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## မဟာအောင်မြေမြို့နယ် တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄

ဒေါ်ကြည်ကြည်သိန်း **နှင့်** ဦးလွှမ်းမိုး
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ (ယခင်)မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၃၆-၃၇ လမ်းကြား၊ ၅၈-၅၉ လမ်းကြားနေ ဦးလွှမ်းမိုး (ဘ)ဦးမြင့်အေး (ယခုလိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဧပြီ ၃ရက် (၁၃၈၄ ခုနှစ် တန်ခူးလဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် မတ် ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကောင်းထက်ဇော်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**မဟာအောင်မြေမြို့နယ်တရားရုံး**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/58528 Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ Myanmar Padauk Trading Co., Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ရဟန်းအစ်မကြီး
## ဒေါ်အုံးမြ
## အသက်(၉၁)နှစ်

(ဦးသာလွန်း-ဒေါ်ငြိမ်းအေး)တို့၏ သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၅၇၈)နေ ဦးကံဝင်းဇော်-ဒေါ်မြင့်မြင့်သန်း(ချမ်းမြေ့အောင်-ပုံနှိပ်တိုက်)တို့၏ မွေးသမိခင် ကျေးဇူးရှင်၊ ဒေါ်မြင့်မြင့်သောင်း၊ ဦးမြင့်သိန်းဦး-ဒေါ်စန်းစန်းမြင့်တို့၏အဒေါ်၊ ကိုချမ်းမြေ့အောင်-မသဥ္ဇာဝင်း၊ ကိုဝင်းစည်သူ-မခင်ငြိမ်းချမ်းဝင်း၊ ကိုအောင်ဟိန်းချမ်း-မသဲစုမာတို့၏ အဘွား၊ မော်ကွန်းချမ်းမြေ့၊ ခင်ချမ်းမြေ့ရတနာ၊ ကုဋေငြိမ်းချမ်းတို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၁၈-၃-၂၀၂၃ ရက် (စနေနေ့) ညနေ ၅:၃၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၂၃ရက် (တနင်္လာနေ့) ညနေ ၃ နာရီတွင် ကျူချောင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာ ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၄-၃-၂၀၂၃ရက်(သောကြာနေ့) နံနက်တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စိန်စိန်မြင့်(ပါမောက္ခ၊ ဌာနမှူး-ငြိမ်း)
### အင်္ဂလိပ်စာဌာန၊ ဒဂုံတက္ကသိုလ်
### အသက်(၈၀)နှစ်

ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်မှ ဇီဝဓာတုဗေဒဌာန၊ ပါမောက္ခ၊ ဌာနမှူး ဒေါက်တာ မြတ်မွန်ခိုင်၏ မိခင်ဖြစ်သူ ဒေါ်စိန်စိန်မြင့် အသက်(၈၀)နှစ်သည် ၁၇-၃-၂၀၂၃ရက် ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဇီဝဓာတုဗေဒဌာနမိသားစု**
**ဆေးတက္ကသိုလ်(၂)၊ရန်ကုန်**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စိန်စိန်မြင့်(ပါမောက္ခ၊ ဌာနမှူး-ငြိမ်း)
### အင်္ဂလိပ်စာဌာန၊ ဒဂုံတက္ကသိုလ်
### အသက်(၈၀)နှစ်

ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်မှ ဇီဝ ဓာတုဗေဒဌာန၊ ပါမောက္ခ၊ ဌာနမှူး ဒေါက်တာ မြတ်မွန်ခိုင် ၏ မိခင်ဖြစ်သူ ဒေါ်စိန်စိန်မြင့် အသက်(၈၀)နှစ်သည် ၁၇-၃-၂၀၂၃ရက် ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်**
**ပါမောက္ခ၊ဌာနမှူးနှင့်ဆရာ၊ဆရာမများ**
**ဇီဝဓာတုဗေဒဌာန၊ ဆေးတက္ကသိုလ်၊ တောင်ကြီး**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စိန်စိန်မြင့်(ပါမောက္ခ၊ ဌာနမှူး-ငြိမ်း)
### အသက်(၈၀)နှစ်

ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်မှ ဇီဝဓာတုဗေဒဌာန၊ ပါမောက္ခ၊ ဌာနမှူး ဒေါက်တာ မြတ်မွန်ခိုင် ၏ မိခင်ဖြစ်သူ ဒေါ်စိန်စိန်မြင့် အသက်(၈၀)နှစ်သည် ၁၇-၃-၂၀၂၃ရက် ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ/ဌာနမှူးနှင့်ဆရာ၊ ဆရာမများ**
**ဇီဝဓာတုဗေဒဌာန**
**ဆေးတက္ကသိုလ်၊ မကွေး**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စိန်စိန်မြင့်(ပါမောက္ခ၊ ဌာနမှူး-ငြိမ်း)
### အင်္ဂလိပ်စာဌာန၊ ဒဂုံတက္ကသိုလ်
### အသက်(၈၀)နှစ်

ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်မှ ဇီဝဓာတုဗေဒဌာန၊ ပါမောက္ခ၊ ဌာနမှူး ဒေါက်တာ မြတ်မွန်ခိုင်၏ မိခင်ဖြစ်သူ ဒေါ်စိန်စိန်မြင့် အသက်(၈၀)နှစ်သည် ၁၇-၃-၂၀၂၃ရက် ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ/ဌာနမှူးနှင့်ဆရာ၊ ဆရာမများ**
**ဇီဝဓာတုဗေဒဌာန**
**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၁၂၁၀)၊ ဧရိယာ(၀ဒသမ၀၅၅) ကေရှိ ဒေါ်မြမူ(ခ)ဒေါ်မြမြမူ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၆၄/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျော်လင်း ၁၂/ဒဂတ(နိုင်) ၀၂၇၇၄၉မှ နှစ်(၃၀)မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးသူရဇော် ၅/ထခန(နိုင်) ၀၇၉၉၉၇ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဗိုလ်ကြီးအေးမင်း(ငြိမ်း)(ကြည်း/၇၃၈၅)
## ပစ္စည်းထိန်းအင်ဂျင်နီယာတပ်
## အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ F.M.I City နေ (ဦးသိန်းတန်-ဒေါ်သီ)တို့၏သား၊ (ဦးခင်မောင်-ဒေါ်လှညွန့်)တို့၏သားသမက်၊ ဒေါ်စမ်းစမ်းမြ၏ခင်ပွန်း၊ ဦးစိန်ဝင်း-ဒေါ်ဖြူဖြူအေး၊ ဦးဝေလွင်-ဒေါ်ခင်မာအေး၊ ဦးဝင်းကိုကို-ဒေါ်သီတာအေးတို့၏ ဖခင်၊ ဒေါ်အိအိအောင်၊ ဦးကုဋေအောင်-ဒေါ်အေးမွန်မွန်သိန်း၊ ဒေါ်ဝေမာလွင်၊ ဒေါက်တာအေးမာလွင်တို့၏အဘိုး ဦးအေးမင်းသည် ၁၉-၃-၂၀၂၃ရက် နံနက် ၆:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## သီတဂူ ဦးရွှေနီ(ခ)ဦးရွှေလှအောင်
### (ဥက္ကံမြို့)
### အသက် (၈၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ သရဖီ(၆)လမ်း၊ အိမ်အမှတ် (၄၄၇)နေ (ဦးဖိုးသာ-ဒေါ်စိန်အိ)တို့၏ သားငယ်၊ (ဒေါ်ခင်ခင်မြင့်/သစ်လုပ်ငန်း)၏ခင်ပွန်း (သီတဂူဦးရွှေဝင်း)၏ ညီ၊ ဒေါ်ဖြူဖြူချို၊ ဒေါ်ဝါဝါနုတို့၏ ဖခင်ဖြစ်သူ ဦးရွှေနီ(ခ)ဦးရွှေလှအောင် သည် ၁၈-၃-၂၀၂၃ရက် (စနေနေ့) နံနက် ၁၀:၁၀နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၂၀-၃-၂၀၂၃ရက် (တနင်္လာနေ့) ညနေ ၃:၀၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၀၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စိန်စိန်မြင့်(ပါမောက္ခ၊ ဌာနမှူး-ငြိမ်း)
### အင်္ဂလိပ်စာဌာန၊ ဒဂုံတက္ကသိုလ်
### အသက်(၈၀)နှစ်

ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်မှ ဇီဝဓာတုဗေဒဌာန၊ ပါမောက္ခ၊ ဌာနမှူး ဒေါက်တာ မြတ်မွန်ခိုင် ၏ မိခင်ဖြစ်သူ ဒေါ်စိန်စိန်မြင့် အသက်(၈၀)နှစ်သည် ၁၇-၃-၂၀၂၃ရက် ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ/ဌာနမှူးနှင့်ဆရာ၊ ဆရာမများ**
**ဇီဝဓာတုဗေဒဌာန**
**ဆေးတက္ကသိုလ်၊ မန္တလေး**

## ဦးအောင်ကြည်(တောင်ဥက္ကလာပ)
## ယခင်ပေါက်ခေါင်းမြို့နယ်(လ.ဝ.က)ဦးစီးမှူး၊
## ဦးစီးအရာရှိ(ငြိမ်း)
## အသက်(၇၆)နှစ်

ရွှေတောင်မြို့၊ သရက်တောရပ်ကွက်၊ မဒီနာတိုက်ခန်းနေ ဦးအောင်ကြည်(လ.ဝ.က၊ ဦးစီးအရာရှိ-ငြိမ်း)သည် ၁၆-၃-၂၀၂၃ ရက်တွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၂၃ရက်တွင် ရွှေတောင်မြို့၊ သုခဘုံ၊ အမှတ်(၂) သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

**(လ.ဝ.က)ဝန်ထမ်းမိသားစု**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/9847 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/8210,NISSAN DIESEL ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊တိုင်းရုံး(မကွေး)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4F/8832,TOYOTA ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊တိုင်းရုံး(မကွေး)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5D/9470 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊(ရွာသာကြီး)**

## ဒေါ်ရောက်အီ(ခ)ဒေါ်ပဲ
### (ကျိုက်လတ်)
### အသက်(၉၉)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ သာသနရိပ်သာရပ်ကွက်၊ကမ္ဘာအေးဘုရားလမ်း၊ အမှတ်(၃၄/၄)နေ(တန်ဘွန်စိန်(ခ)ဦးကျော်စိန်)၏ဇနီး၊ ဒေါ်ဘိတင်၊ ဒေါ်အေးအေးစန်း၊ ဒေါ်လှလှသန်း၊ ဦးမြင့်ကြည်-ဒေါ်ခင်မမ၊ ဒေါ်ခင်စန်းရီ၊ ဦးအိန်ချွန်း(ခ)ဦးချွန်း-ဒေါ်စန္ဒာ၊ ဦးသိန်းထွန်း(ခ)ဦးပေါက်စ-ဒေါ်ရှု၊ ဦးရွှေထွန်း(ခ)ဦးဖိုးထူး၊ ဦးအေးဆောင်(ခ)ဦးဖိုးပြူးတို့၏ချစ်လှစွာသောမွေးမိခင်၊ မောင်ကျော်ကျော်ထွန်း၊ မောင်စိုင်းဝေဖြိုး-မဟန်နီထွန်း၊ မမြင့်မြင့်ထွေး၊ မနိုနို၊ မောင်ဖုန်းပြည့်ဟိန်း၊ မောင်ဟိန်းခန့်၊ မောင်အောင်ပြည့်ဝင်းတို့၏ ချစ်လှစွာသော အဘွား ဒေါ်ရောက်အီ(ခ)ဒေါ်ပဲသည် ၁၈-၃-၂၀၂၃ ရက် ညနေ ၄နာရီတွင် GRAND HANTHA ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၂၃ရက် (တနင်္လာနေ့) နံနက် ၁၀နာရီ တွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ကပ္ပတိန် တင့်ဖြိုး
### (Five Star Shipping Line & Gewin Marinetime Co.,Ltd)
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ မြို့ပြအိမ်ရာမြောက်ခြမ်း၊ အခန်း(၂၁)နေ (ဦးဘသွယ်-ဒေါ်တင်ညွန့်)တို့၏သား၊ (ဦးဟန်- ဒေါ်မေ)တို့၏သားသမက်၊ ဒေါ်ဆွေဆွေဟန်၏ခင်ပွန်း၊ ဦးတင့်ဆွေဦး(2nd Officer Miraco Marine)-ဒေါ်မာလာရွှေ၊ ဦးကျော်ဆွေတင့်-ဒေါ်သက်ထား၊ ဦးကျော်ကျော်တင့်-ဒေါ်အေးသီတာမြင့်တို့၏မွေးသဖခင်၊ မဆုရတနာ၊ မဆုအိန္ဒြေတင့်တို့ ၏အဘိုး ဦးတင့်ဖြိုးသည် ၁၉-၃-၂၀၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၂:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၂၃ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေး သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(မြို့ပြအိမ်ရာဝင်းမြောက်ခြမ်း၊ မရမ်းကုန်းမြို့နယ်၊ (၈)မိုင်လမ်းဆုံနေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ခွာပါမည်။)ကွယ်လွန်သူအားရည်စူး၍ ၂၅-၃-၂၀၂၃ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါ မရမ်းကုန်းမြို့နယ်၊ မြို့ပြအိမ်ရာဝင်းအတွင်းရှိ ဓမ္မာရုံတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။) **ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၊ မြေကွက်အမှတ်- ၅၇၊ ဧရိယာ- ၀. ၀၂၈ ဧက ရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၌ ဦးညိမ်းမောင် (၁၂/မရက (နိုင်) ၀၂၈၆၈၁) ၏အမည်ပေါက်သောမြေကွက်ဖြစ်ပြီး၊ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ သမိုင်းဘူတာရုံလမ်း၊ အမှတ် (၅၇) ဟုခေါ်တွင်သည့် (၁) ထပ်နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်သူ ခင်ပွန်း ဦးညိမ်းမောင် ကွယ်လွန်ပြီးနောက် အမွေဆက်ခံ၍တရားဝင်လက်ရှိပိုင်ဆိုင်ခဲ့သော တစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်သူ ဒေါ်ခင်လှ (၁၂/မရက (နိုင်) ၀၂၅၆၁၆) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။**

**ဝယ်ယူသူ ၏ ညွှန်ကြားချက်အရ**
**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)**
**အမှတ်- ၁၅/F ၊ ဓမ္မစေတီလမ်းနှင့် မဟာဗောဓိလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅။**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်သူမင်း ၈/အလန(နိုင်)၁၁၈၉၅၀၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၅၆၇၈၄၉၆**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ငြိမ်းချမ်းအောင် ၈/မလန(နိုင်)၁၂၂၃၂၃ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၅၆၇၈၄၉၆**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဝေယံဟိန်း (ဘ)ဦးသိန်းအောင် ၉/ပဗသ(နိုင်)၀၀၈၇၆၀ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၇၆၇၉၉၈၉၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ်(၃၇၅)၊ အကျယ်အဝန်း (၄၀ x ၆၀)ပေ၊ ဧရိယာ(၀ဒသမ၀၅၅)ဧက၊ ဦးစိုးဝင်း ၁၂/စခန(နိုင်) ၀၀၉၂၁၃ အမည်ပေါက် မြေကွက် ၏ မခွဲမစိတ်ရသေးသော (၂၀ x ၆၀)ပေကိုဝယ်ယူထားသူ ဦးသူထူးစံ ၁၂/ဒဂမ (နိုင်) ၀၃၀၁၈၃ထံမှ ဒေါ်သီရိမြတ်သွယ်က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသော အထောက်အထားဖြင့် ယနေ့မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သီရိမြတ်သွယ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုလှိုင်ထွန်း(တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၉၃၇၂၉၇၅၆၊ ၀၉-၄၂၀၄၂၂၀၉၈**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်မြောက်ပိုင်း၊ အောင်ချမ်းသာလမ်းနေ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် ဦးဝင်းလွင် ၁၂/မဘန (နိုင်) ၀၀၃၇၃၄ နှင့် ဒေါ်ခိုင်မေကြူ(ခ)ဒေါ်ပို ၁၂/မဘန(နိုင်) ၀၀၃၃၀၈တို့၏သမီး မအေးသီတာကျော် ၁၂/မဘန(နိုင်) ၁၃၄၂၄၅သည် မိဘများ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘများအား အမြဲတစေစိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့သောကြောင့် (၂၅-၅-၂၀၂၀)ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း(၂၆-၅-၂၀၂၀)ရက်စွဲပါ စံတော်ချိန်နေ့စဉ်သတင်းစာတွင် ကြေညာခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မအေးသီတာကျော်နှင့်ပတ်သက်သည့် ငွေကြေးကိစ္စ၊ လူမှုရေးကိစ္စအပါအဝင် မည်သည့်ကိစ္စရပ်တို့မှ မိဘများဖြစ်သည့် ဦးဝင်းလွင်နှင့် ဒေါ်ခိုင်မေကြူ(ခ)ဒေါ်ပိုးတို့ နှင့် လုံးဝ(လုံးဝ)သက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် မိဘများမှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ချစ်စုဝင်း(LL.B)၊ အထက်တန်းရှေ့နေ(စဉ်-၅၄၄၇၈)**
**အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊**
**ဖုန်း-၀၉-၂၅၁၉၃၂၅၄၄**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5H/5874, TOYOTA KLUGER ACU 20, STATION WAGON(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိန္ဒြာအောင် ၁၂/ တကန(နိုင်)၁၂၈၃၃၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3J/1966, Toyota Crown J2S 177, Saloon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးညာဏ်လင်းထွန်း ၈/မကန(နိုင်) ၂၀၅၉၅၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေး။

❖ ပြည်သူနှင့် တပ်မတော် ချစ်ကြည်ရင်းနှီးစွာ ဆောင်ရွက်ခြင်းသည် တိုင်းပြည်၏ အနာဂတ်အတွက် အကောင်းဆုံးဖြစ် ...

❖ တပ်မတော်သည် အမြဲတမ်းရှိနေမည်ဖြစ်သကဲ့သို့ ပြည်သူများသည်လည်း အမြဲတမ်းရှိနေမည်ဖြစ် ...

❖ စုစည်းညီညွတ်မှုအားသည် တိုင်းပြည်၏ အားဖြစ် ...

❖ တိုင်းပြည်၏ စုစည်းညီညွတ်မှုများ မပြိုကွဲရေး တပ်မတော်မှ ထိန်းသိမ်းဆောင်ရွက်လျက်ရှိ ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၉/၂၀၂၂) တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## Jenesys U-17 Women's Football Memorial Cup ပြိုင်ပွဲ အုပ်စုဒုတိယပွဲတွင် မြန်မာအသင်း အနိုင်ရ

**ရန်ကုန် မတ် ၁၉**

ဂျပန် – အာဆီယံ ချစ်ကြည်ရေးနှင့် ယဉ်ကျေးမှု ဖလှယ်ရေးအစီအစဉ်အရ ကျင်းပသည့် Jenesys U–17 Women's Football Memorial Cup ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာ ယူ–၁၇ အမျိုးသမီးအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် မတ် ၁၉ ရက်က ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးဂိုး – တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းနှင့်ပွဲတွင် ဂိုးစပေးခဲ့ရသော်လည်း သုံးဂိုးပြန်သွင်းကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပထမပွဲအဖြစ် မတ် ၁၇ ရက်က အိမ်ရှင်ဂျပန်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ လေးဂိုးပြတ် အရေးနိမ့်ခဲ့သည်။

မြန်မာအသင်းသည် အုပ်စု (C)တွင် ဂျပန်၊ ဖိလစ်ပိုင်တို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့ပြီး အုပ်စုပွဲစဉ်များအပြီးတွင် ရမှတ်သုံးမှတ်ဖြင့် ဒုတိယနေရာရရှိခဲ့သည်။ မြန်မာအသင်းသည် မတ် ၂၀ ရက်တွင် အုပ်စု (D) မှ ဒုတိယရသည့် လာအိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရဲရင့်လွင်

## ဘန်လေကို အနိုင်ယူပြီး အက်ဖ်အေဖလားဆီမီးဖိုင်နယ် မန်စီးတီးတက်လှမ်း



အက်ဖ်အေဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်မှ မန်စီးတီးနှင့် ဘန်လေအသင်းတို့ပွဲစဉ်တွင် မန်စီးတီးက ခြောက်ဂိုးပြတ် အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါပွဲစဉ်ကို မတ် ၁၉ ရက် နံနက်အစောပိုင်းက အီတီဟက်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ပြီး ပွဲကြည့်ပရိသတ် ၅၁၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။

ချန်ပီယံရှစ်တွင် ခြေစွမ်းပြသကာ အမှတ်ပေးဇယားကို ပြတ်သားသော ရလဒ်ဖြင့် ဦးဆောင်ထားနိုင်သော မန်စီးတီး ခံစစ်ကစားသမားဟောင်း ကွန်ပနီ၏ ဘန်လေအသင်းသည် ယခုပွဲစဉ်တွင်မန်စီးတီးအသင်း၏ ဖိအားပေး ထိန်းချုပ်ကစားမှုအောက်

*စာမျက်နှာ ၁၈ ကော်လံ ၅* ❒

## ယနေ့ သတင်းအညွှန်း

ဂါဇာဒေသမှ ဒုံးကျည်ပစ်ခတ်မှု အစ္စရေးနိုင်ငံတော်ပိုင်းသို့ ကျရောက်



နိုင်ငံတကာသတင်း စာ ၁၃



(၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ ဆက်လက်ကျင်းပ၊ ပုလဲအတွဲပေါင်း ၁၄၃ တွဲ ရောင်းချနိုင်ခဲ့

ပြည်တွင်းသတင်း စာ ၁၈

အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ



ပညာရေး စာ ၂၀



လာအိုနိုင်ငံ၏ ပထမဆုံး လေအားလျှပ်စစ်စီမံကိန်းအတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှ ငွေထုတ်ချေး

ကုန်သွယ်စီးပွား စာ ၂၃